www.burmeseclassic.com

ဉာဏ်ဝင်းစာပေ

# ခင်ညူဏ

## ချစ်ကံခေသူမို့



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ······ ၅၀၀၂၉၄၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက် ··· ၅၀၀၃၈၄၀၄၁၀
ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၀ ဇွန်လ
အုပ်ရေ - ၁၀၀၀-အုပ်
တန်ဖိုး - သုံးသယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ - ယုဝ

စီစဉ်သူ -ဒေါ်ငွေးငွေးမော်

၇၉၅ · ၈၃
ခင်သူဇာ
ချစ်ကံခေသူမို့ / ခင်သူဇာ။ - ရန်ကုန်
ဉာဏ်ဝင်း စာပေ ၂၀၁၀၊
၂၄၈ - စာ ၊ ၁၂· ၅ X ၁၇· ၅ စင်တီ။
(၁) ချစ်ကံခေသူမို့

ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ်၇(က)၊ သုခဇောတိလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီ ပုံနှိပ်တိုက်
အမှတ်(၁၂၇) ၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

BURMESE CLASSIC

"ဟော့ကောင် . . . ဩဘာ၊ လှာ . . . လာ မင်းကွာ ဒီနေ့မှ ပေါ်လာတယ်"

သူ ကျောင်းထဲရောက်သည်နှင့် အရင်ရောက်နေကြသော သူငယ်ချင်းတွေက ဆီးပြောပါတော့၏။

နန္ဒ၏ စကားကို မိုးထက်ကလည်း . . .

"ဟုတ်တယ်ကွ၊ ဒီနှစ် အချောစာလေးတွေ အတော်များ ယ်ကွ သိလား . . . အဟဲ"

"ဟုတ်လား"

သူ ပြုံးစိစိလေးပြောရင်း ကိုဖုန်းဘေးမှာ ကပ်ပြီး ထိုင်ချ သော ကိုဖုန်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်း…တောင်ကြီးသွားတယ်ဆို"

"ဟုတ်တယ်…မေမေတို့နဲ့ ပါသွားတာ"

"ပျော်လား"

"ပျော်တာပေါ့၊ အပျော်ခရီးသွားတာပဲကွာ"

"ဘယ်နှစ်ရက်ကြာလဲ"

"တစ်ပတ်"

"ရှမ်းမ ချောချောလေးတွေ တွေ့ခဲ့ရဲ့လား"

"တွေ့တာပေါ့"

"ဇာတ်လမ်းဖြစ်ခဲ့ရဲ့လား"

"မဖြစ်တဖြစ်"

"ဆက်ရန်ရှိသေးသည်ပေါ့…ဟုတ်လား"

"ကြုံမှပါကွာ၊ ဒီလောက်ကြီးလည်း မဟုတ်ပါဘူး"

"ဟေ့ကောင်…ဩဘာ"

"အင်း…ပြော"

"ဒီနှစ် ငါတို့သင်္ချာက ဖရက်ရှာလေးတွေ တကယ် စားတယ်ကွ၊ ဖလားလေးတွေ စတားလေးတွေ သိလား"

"ကြည့်ရသေးတာပေါ့ကွာ"

သူ ခပ်ပြုံးပြုံးလေး ပြောလိုက်တာကို နန္ဒက…





"အံမာ…မင်းက ငါတို့ပြောတာကို မယုံဘူးပေါ့ ဟုတ်လား"

"ငါ…မပြောရပါလားကွာ၊ ယုံ…မယုံ ဆိုတာထက် တကယ် လက်တွေ့ကျကျ မြင်ရမှပဲ အဖြေထုတ်လို့ရမှာလေ"

"မင်းအကျင့်ကို ငါတို့က နောကျေနေတာပါကွာ"

"ဘာလဲဟ"

"ကောင်မလေး ချောချောလေးဆိုရင် မင်း ဘယ်တုန်းက မျက်နှာလွှဲခဲ့ဖူးလို့လဲ"

"အေးပါ…မလွှဲပါဘူး၊ သူတို့က ငါတို့ကြည့်ချင်လာအောင် တကူးတကလေးကို အပင်ပန်းခံပြီး ပြင်ဆင်ခြယ်သထားလာရတာ မဟုတ်လား"

"ဟုတ်တယ်…ဟုတ်တယ်"

"ဒီတော့ အဲဒီပြင်ဆင်လာသမျှကို ငါတို့က အားနာသောအားဖြင့် အသိအမှတ်ပြုပေးတဲ့အနေနဲ့ မျက်လုံးကို အစာကျွေးပေးလိုက်တာပေါ့ကွာ…မဟုတ်ဘူးလား"

သူ့စကားကြောင့် မိုးထက်က…

"ဟာ…ဟုတ်တယ်ကွ…ဟုတ်တယ်၊ ဩဘာပြောတာ အမှန်တရားပဲ…အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ရမှာပေါ့ကွ၊ ဩဘာစဲ့...မိန်းကလေးတွေအကြောင်း သိလွန်းလို့ တွဲလာတာတွေလည်း သက်စေ့နှစ်ဆလောက် ကျော်နေပြီပဲကွာ၊ ဘယ်လိုအထာပေးတတ်တယ်ဆိုတာ သိသမျှ သိပ်သိ... အဟဲ...ဟဲ"

"ဩဘာ"

"အင်း"

"အခုလောလောဆယ် မင်းတွဲနေတာ အဲဒီကိုက် ကောင်မလေး ဟုတ်လား"

"ပြတ်သွားပြီလေ၊ စာမေးပွဲဖြေပြီးကတည်းက ဇာတ်လမ်းက ပြီးသွားပြီ"

"ဟင်...ငါတို့လည်း မသိပါလား"

"ကျောင်းနှစ်လ ပိတ်တယ်လေကွာ၊ ကျောင်းရောက်ရင် ကျောင်းမှာရှာ၊ ကျောင်းပိတ်ရင် အပြင်မှာရှာ၊ ဒီနှစ်လအတွင်း ငါ မိုလ်ချုပ်ဈေးထဲက နှစ်ယောက်လောက်နဲ့ ငြိခဲ့သေးတယ်... အဟဲ"

"ဟာ...ဩဘာ၊ မင်းရဲ့ ဇာတာ စန်းလက်ကလည်း အံ့ချက်ပဲကွာ၊ သွားလေရာ ဖူးစာပါ ဖြစ်နေပြီ"

"ဒါ...ဖူးစာမဟုတ်ဘူးကွာ"

"ဟင်...ဘာလဲ"





"မင်းတို့ စဉ်းစားကြည့်လေ"

"အင်း...ပြော"

"ဖူးစာဆိုတာ ကိုယ်တကယ် လက်ထပ်ဖို့ ရွေးချယ်လိုက်တဲ့ သူကိုပြောတာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တာပေါ့ကွ၊ ဒါပေမယ့် ရည်းစားဖြစ်ပြီး တွဲသွားတွဲလာ လုပ်ကြတာဟာလည်း ဖူးစာပဲပေါ့ကွာ"

"အဟင်း...ဟင်း၊ အဲဒီအတိုင်းသာဆိုရင်တော့ ငါ့အတွက် အမြဲတမ်း တစ်ဖူးထဲဖူး တစ်စာထဲစာနေတာပေါ့ကွာ"

"ဩဘာ"

"အင်း"

"တစ်ခါမှ ပြဿနာမရှိဘူးလား"

"ဘာပြဿနာလဲ"

"သြော်...ကောင်မလေးနဲ့ တွဲနေတုန်း အခန့်မသင့်ဖြစ်ကြ အဆင်မပြေဖြစ်ကြ၊ စိတ်ဆိုးစိတ်ကောက်ကြတာမျိုးပေါ့ကွာ"

ကိုဖုန်းစကားကြောင့် သူ သဘောကျစွာရယ်ကာ...

"ဟား...ဟား...မင်းပြောမှပဲ ငါလည်း တွေးမိတော့တယ်ကွာ"

"ဖြစ်ဖူးတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ မဖြစ်ဖူးဘူး"

"ဟင်"

"ဟုတ်တယ်၊ ငါတွဲတာက အပျော်ပဲလေ၊ သွားလာလည်ပတ်မယ်၊ စားသောက်မယ်၊ ဒါလောက်ပဲဟာ။ ဘာ အဆင်မပြေဖြစ်ရာအကြောင်းရှိလဲ။ အဲ…အဲ ရှိခဲ့ရင်တောင်မှ ငါက ဂရုစိုက်တဲ့ကောင်မှ မဟုတ်တာ။ မကျေနပ်ဘူးလား ဂျောင်းပေါ့။ ဝမ်းရိုးတူးကမ်းပဲ…အဟဲ"

"အင်း…မင်းပြောလည်း ပြောစရာပဲကွာ"

"ဘာကိုလဲ…နန္ဒ"

"ကောင်မလေးတွေက မင်းကိုဆို ငါးရံ့ပြာလူး ဖျတ်ဖျတ်ဖျတ်ဖျတ်နဲ့ အိမ်နွေကို မဆည်နိုင်ကြတော့ဘူးကွာ။ ကိုသြ…ကိုသြတစ်သြထဲ သြနေကြတာ"

နန္ဒစကားကို ကိုဖုန်းက…

"သြမှာပေါ့ကွ ဒီကောင့်အရည်အချင်းတွေက အပျံစားတွေကိုး။ ရုပ်ဖြောင့်တယ်၊ ချမ်းသာတယ်၊ ကောင်မလေးချောချောတွေဆို အရမ်း ခင်မင်ကြင်နာတတ်ပြီး ကျွေးမွေးပြုစုတတ်တာဆိုတော့ သူ့ကို ခင်မင်ခွင့်လေးရရင် အမြတ်ပဲဆိုတဲ့ တွက်ကိန်းတွေနဲ့ ဝိုင်းဝိုင်းလည်နေတာလေ"





"ဟုတ်တယ်ကွ…ငါ တစ်ခါတလေ သတိထားမိတယ်"

"ဘာလဲ…မိုးထက်"

"ကောင်မလေးတွေပေါ့၊ သြဘာကို မြင်လိုက်တာနဲ့ အသံလေးတွေ ထွက်လာကြရော"

"ဘာသံတုန်း"

"တခစ်ခစ်…တအစ်အစ် သံတွေပေါ့"

"တခစ်ခစ် ဆိုတာက ထားပါတော့။ တအစ်အစ်ဆိုတာက ဘာလဲကွာ"

"အထာပေးတဲ့ အသံလေကွာ။ သူတို့ရှိနေတယ်ဆိုတဲ့ အထာ။ သြဘာ ကြားသွားအောင် လှည့်ကြည့်အောင် အသံပေးတာပေါ့ကွာ"

"သြော်…သြော်…ဒီလိုလား"

သူငယ်ချင်းတွေ ပြောဆိုနေတာကို နားထောင်ရင်း သြဘာ ကျေနပ်စွာ ပြုံးနေမိ၏။

သူတို့ပြောတာတွေ မမှားပါ။ အားလုံးမှန်၏။

သြဘာတို့ ကုသိုလ်ကံကောင်းလိုက်ပုံများ…

အဖေရော အမေပါ အရမ်းချမ်းသာသော ကုမ္ပဏီကြီးတစ်ခုကို ပိုင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ဦးတည်းသောသား။

အရပ်အမြင့်က ခြောက်ပေကျော်။

အသားအရည်လည်း အလွန်လှကာ မျက်နှာကျပုံက အဖေနဲ့ အမေတို့၏ ခံ့ညားလှပသော အလှတွေ စုပေါင်းရထားသဖြင့် ယောကျ်ားလေးချင်းပင် အားကျငေးမောရလောက်အောင် ခေတ်ပေါ်ဒီဇိုင်း အမျိုးမျိုးတို့ဖြင့် ခေတ်ရှေ့ပြေးစတိုင်လေးကို အပီကိုင်ထားသူဖြစ်၏။

တက္ကသိုလ် စတက်ကတည်းက ဖေဖေတို့က သူ့ကို ကားတစ်စီး အပိုင်ပေးထားကာ တစ်နှစ်မှာ ကား သုံးစီးထက်မနည်း သူ ပြောင်းလဲစီးခဲ့ပါ၏။

နောက်ဆုံးပေါ် ဒီဇိုင်းမှန်သမျှ သြဘာက စသည်ဟု ဆိုရင် မမှား။ ပထမနှစ် ဒုတိယနှစ်အပြီးမှာ သူလည်း စီးခဲ့သော ကားအရေအတွက်တွေက ခုနစ်စီးခန့် ရှိသွားလေပြီ။

ကားလဲသလို ရည်းစားတွေလည်း ရှစ်ယောက် ကိုးယောက် ရှိမလားပင်။ မမှတ်မိတော့ပါ။

ဟော့...ဒီနှစ် သူ့ကားလေးက ပြိုင်ကား အနီရဲရဲလေး။

ဒီနေ့ သူ ကျောင်းစတက်တက်ချင်းနေ့မှာပင် ဖရက်ရှာလေးတွေ သူ့ကိုမြင်တော့ လည်တွေလိမ်ကုန်မတတ် ရူးစမ်း စိတ်ဝင်





စားနေပြီကို သူ သတိထားမိစွာ ပြုံးလွန့်လွန့်လေး ပီတိ ဖြစ်သွားရ၏။

"သြဘာ"

"ဟင်...ဘာလဲ"

"ဘာပြုံးတာလဲ"

"ဟင့်အင်း...ဘာမှ မဟုတ်ဘူး"

"အံမာ...မင်းက မဟုတ်ဘူးပြောမှ ငါ ပိုသေချာသွားပြီ"

"ဘာကိုလဲ...နန္ဒ"

"ဒီနှစ် ဘယ် သမင်မလေးကို ဖမ်းရင်ကောင်းမလဲဆိုတဲ့ ဒိတ်ကူးလေးနဲ့ မင်း ပြုံးနေတာ မဟုတ်ရင် ငါ့လည်ပင်းလာဖြတ်"

"ဟာ...နန္ဒ၊ မင်းကလည်းကွာ အလကားနေရင်း လည်ပင်းအဖြတ်ခံနေပြန်ပြီ"

"မဟုတ်လို့လား"

"ဟုတ်နေရင်တောင်မှ ငါ ထောင်အကျခံပြီး မင်းလည်ပင်းတော့ မဖြတ်ပါရစေနဲ့ကွာ"

"ဘာလို့တုန်း"

"အဟဲ...မိန်းမ ယူရဦးမယ်လေကွာ။ မိန်းမ မရသေးခင် ထောင်ထဲမဝင်ချင်ပါဘူး"

"ဟော့ကောင်...သြဘာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဒီလောကမှာ မင်းတကယ်ယူမယ့် မိန်းကလေးရော ရှိဦး မလားကွ"

"ဟာ…ရှိမှာပေါ့…မင်းကလဲ"

"မသိဘူးလေ…မင်းအကျင့်က တစ်လအပြင် ပိုမတွဲတတ်တာ ငါတို့သိနေတာကိုး။ မင်းနဲ့ကြိုက်နေပြီလို့ သိရချိန်မှာ ကွဲသွားပြန်ပြီလေ…ကဲ"

"အဟင်း…ဟုတ်တယ်ကွ။ ငါကလည်း မိန်းကလေး တစ်ယောက်ကို ကြာကြာတွဲရမှာ အရမ်းပျင်းတယ်။ သူ့ဆီက ငါ မကြိုက်တာတစ်ခုခု တွေ့တာ သိတာ ဆိုရင်ပဲ တိကနဲပြတ်ရော"

"ဟင်…မကြိုက်တာတွေ့တာ သိတာ၊ ဘာတွေလဲကွ"

"ဥပမာကွာ…ရုပ်ကလေးလှပြီး ချိုင်းနံ့ပြင်းတဲ့ဟာမျိုး၊ ခေါင်းနံ့နံ့တဲ့ဟာမျိုး၊ ပါးစပ်နံ့ထွက်တာမျိုး၊ လက်သည်းကိုက်တတ်တာ၊ မလိုအပ်ဘဲ တခစ်ခစ်ရယ်တတ်တာ၊ မျက်လုံးကစားတာ၊ ညုတုတ် ချွဲတတ်တာ၊ စိတ်ပုတ်တာ၊ လေလည်တာ၊ အစားစားရင် အသံမြည်တာ၊ ပါးစပ်ပေတာ"

"ဟာ…ဟော့ကောင်၊ တော်ပါတော့ကွာ။ မင်းပြောမှပဲ ကြားဖူးတော့တယ်"





"အေး…အဲဒါ…ငါ မှတ်မိသလောက် ပြန်ပြောတာ။ အများကြီး ရှိသေးတယ်"

"ဒါဆို မင်းတစ်ယောက်မှ အတည်မဖြစ်သေးဘူးပေါ့"

"ဖြစ်လည်း မဖြစ်ချင်ပါဘူးကွာ။ တက္ကသိုလ်မှာ လွတ်လွတ်လပ်လပ် အပြတ်ကဲပစ်ချင်သေးတယ်"

"မင်းရည်းစားများတော့ ကောင်မလေးတွေ စိတ်နာမှာ မကြောက်ဘူးလား"

"မကြောက်ပါဘူး…ဘာလို့လဲ သိလား"

"ဘာလို့လဲ"

"ငါက ဘယ်သူ့ကိုမှ နစ်နာအောင် မလုပ်ပါဘူးကွာ။ အလွန်ဆုံး လက်ကလေးကိုင်ရုံလောက်ပဲ။ ဘယ်သူ့ပါးကိုမှ မနမ်းဖူးဘူး သိလား"

"ဟင်…တကယ်"

"မယုံရင် သွားမေးပေါ့ကွာ။ ငါက ပျော်ချင်လို့တွဲတာ။ ပျော်စရာပဲ ဖြစ်စေပေါ့။ မဟုတ်ဘူးလား…အဟင်း…ဟင်း"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟိတ်…ရှူး…မပြောမရှိနဲ့"

သူတို့စကားကောင်းနေကြစဉ် မိုးထက်က သူလှမ်းမြင်လိုက်တာကို သတိပေးဟန် တိုးတိုးလေး ကြိတ်ပြောလိုက်တာမို့ မိုးထက် မျက်ဝန်းသားရာဆီ မသိမသာ ဝဲကြည့်လိုက်ကြ၏။

အားပါး တကယ့်ကို အမှည့်စားလေးပါလား။

လမ်းလျှောက်ဟန် စတိုင်လေးကပင် အလွန်ကြည့်ကောင်းလှ၏။

အရပ်မြင့်မြင့် ပိန်သွယ်သွယ်လေးပေမယ့် သူမ မျက်နှာလေးက ပြည့်ဖောင်းဖောင်းလေး ချစ်စရာပင်။





အသားအရေလေးက ဝင်းစက်နေမွတ်သလို ရွှေညိုရောင်ဆံပင်တွေက ပုခုံးပေါ် အခွေအလိပ်လေး ဝဲဖြာကျကာ ခြေလှမ်းတိုင်း ဖြာကာနဲ့ ဖြာကာနဲ့ လှုပ်သွားပုံလေးက ကဗျာတစ်ပုဒ်လိုပင်။

ကိုရီးယားမိတ် ပျော့အိအိ ပွချောင်ချောင် လည်ဟိုက် ခရမ်းရင့်ရောင်လေးက သူမအသား ဝင်းဝင်းလေးနှင့် ဟပ်စွာ လိုက်ဖက်လွန်းလှ၏။

ပုလဲပုတီးလုံးကြီးကို ဓာတ်ကြိုးဆွဲကာ နားဆွဲက ပုလဲပုတီးတွဲရွဲလေး လက်ကောက်ဝတ်မှာလည်း ပုလဲလုံးကြီးကြီးကို နှစ်ပတ်သုံးပတ် ခွေပတ်ထားသဖြင့် အသွင်ဆန်းကာ လှပ ဆန်းသစ်နေလေသည်။

ဒူးဖုံးရုံ စကတ်ဖားဖား ဗေဒါနုရောင်လေးက အောက်ခြေနားတစ်လျှောက် ဇာအနားကွပ်ထားသဖြင့် ခြေလှမ်းတိုင်း ဝဲကာနဲ့ ဝဲကာနဲ့ လွင့်နေပုံကပင် ရင်ခုန်စရာ။

အညိုရောင် ကြိုးသိုင်း ဒေါက်မြင့်ဖိနပ်ကလည်း သူမ၏ အရိုးအစားကျနစွာ လှပသော ခန္ဓာကိုယ်အချိုးအဆက်ကို စမတ်ကျအောင် ကျော့ကျော့မော့မော့လေး မော့ချီစေပါသည်။

အနီးကပ်မြင်ရတော့မှ သူမမျက်နှာ ဖူးဖူးလေးက တကယ့်ကို ခြောက်ပစ်ကင်းစွာ ပုံကျပန်းကျ လှပနေကြသော နဖူး မျက်ခုံး မျက်လုံး နှာတံ နှုတ်ခမ်း မေးစေ့ လည်တိုင်…



www.burmeseclassic.com

www.burmeseclassic.com



"သြဘာ…အဲဒါ အိန္ဒြာကို ဆိုတာပဲကွ"

"အိန္ဒြာကို"

သူ အသံထွက် ရွတ်လိုက်ချိန်မှာ အိန္ဒြာကိုကလည်း သူငယ်ချင်းတွေနှင့် စကားတပြောပြော ရှိနေရာမှ မျက်ဝန်းလေးက သူ့ဆီ ဝေ့ကနဲ ဝဲကြည့်လာတာမို့ အကျင့်ပါနေသော သူ့ဝသီအတိုင်း သွားစွယ်လက်ကလေး ဖွေးကနဲပေါ်သွားအောင် ပြုံးပြလိုက်၏။

သူ့မှာ ကောင်မလေးတွေ စွဲသော သွားတက်နှင့် ပါးချိုင့်ခွက်လေးနှင့် မဟုတ်ပါလား။

သူပစ်လွှတ်လိုက်သော မြှားကို သူ လုံးဝ စိတ်ချပြီးသား။ ကြည့်စမ်း။

အိန္ဒြာကိုဆိုတဲ့ ကောင်မလေး မျက်ခုံးလေးနှစ်ခု မသိမသာ ပင့်သွားရကာ သူ့ကို စူးစမ်းအံ့သြစိတ်ဝင်စားဟန်လေးဖြင့် ကြည့်ရုံတင်မက…

သူ့အပြုံးတွေပင် ချက်ချင်း ကူးစက်ပျော်ဝင်ပေါင်းစပ်သွားရသလို အယောင်ယောင် အမှားမှားလေး ပြန်ပြုံးပြသွားပါတော့၏။

ဒါပါပဲလေ။ ဒါ…သြဘာတို့ ဘယ်လောက် ပိုင်သလဲဆိုတဲ့ စွမ်းရည်ပဲပေါ့။

ကိုယ့်လက်ဖွဲ့ကိုတော့ သြဘာ အကြွင်းမဲ့ စိတ်ချပြီးသား။





"ဟာ…ရော့ကောင်…သြဘာ၊ ကြည့်စမ်း မင်းကို သူ ပြုံးပြသွားတယ်ကွ…နော်"

သူ ရယ်ချင်ပါသည်။

မိုးထက်တို့က အိန္ဒြာကို ပြုံးပြတာပဲ မြင်ကြ၏။ သူ ပြုံးပြတာကိုမှ မမြင်ကြတာ။

ခပ်တည်တည်ပင် သူ ပြောလိုက်၏။

"သူ့နဲ့ငါ ရေစက်ရှိတယ်ကွ"

"ဟင်…ဘာ…ရေစက်"

"အင်း"

"မင်းနဲ့သိလား"

"ဟင့်အင်း"

"ဒါဖြင့် ဘာရေစက်လဲကွ"

"မြင်တယ်မဟုတ်လား ပြုံးပြသွားတာ"

"အေးကွ…အခွင့်ပဲ"

"ဘာဆန်းလို့လဲ"

"ဟ…ဒီကောင်မလေးက မင်းလိုပဲ ချမ်းသာတယ်၊ ရုပ်ချောတယ်။ ဒါပေမယ့် မာနကြီးတယ်တဲ့"

"ဟုတ်လား…မာနခဲလေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..သူ့အလှ အရူးယုံလို့လား မသိဘူး။ မျက်နှာလေးကို မော့ချိုထားတာကွ။ တစ်ခါမှ ပြုံးတာ မတွေ့ဖူးသေးဘူး"

"ခု...တွေ့ပြီမဟုတ်လား။ သူက ဘယ်မေဂျာလဲ"

"ငါတို့ သချ်ာကပဲလေ။ ဖရက်ရှာလေးပေမယ့် စတိုင်တင်းသလားမမေးနဲ့"

"သူ့နာမည် အိန္ဒြာကိုနော်"

"ဟုတ်တယ်...မင်းလိုပဲ တစ်ဦးတည်းသောသမီးတော်။ စတ်နိုင်၊ စားနိုင်၊ သုံးဖြုန်းနိုင်ပုံပဲ"

"စိတ်ဝင်စားတယ်ကွာ"

"အတည်လား"

"စောပါသေးတယ်ကွာ၊ ဖြည်းဖြည်းပေါ့"

"ဘာလဲ...ချိုင်းစော်နံမှာ စိုးလို့လား"

"အဟဲ...ဒါပေါ့ကွ"

"ဒါပေမယ့် မွှေးမယ့်ပုံပဲကွ...သိလား"

နန္ဒစကားကြောင့် သူ မျက်မှောင်ကြုတ်သွားရကာ...

"နန္ဒ မင်းက ဘာလို့ ပြောနိုင်ရတာလဲ"

"သူတို့ဖြတ်သွားတုန်း ငါ အနံ့ရတယ်လေ"

"အီးနံ့လား"





"အာ...ဘယ်ကလာ၊ ရေမွှေးနံ့ကွ။ အတော်မွှေးတဲ့အနံ့၊ ဟို...ပွိုင့်စင်လို အနံ့လေ"

"မင်းဟာကလည်း အဆိပ်နံ့ပဲကွ"

"ဈေးကြီးတဲ့ရေမွှေး သုံးနိုင်တာ သူပဲ ဖြစ်မှာပေါ့ကွာ"

"နေဦးကွ...ဒီနှစ်ဖရက်ရှာဝဲလ်ကမ်းမှာ သူက ကွင်းအတွက် သတင်းပြေးနေတာကွ...သိလား"

ကိုဖုန်းပြောတော့ မိုးထက်က...

"ကွင်းအတွက် နှစ်ယောက်တောင် ရွေးစရာဖြစ်နေတယ်ကွ"

"ဟုတ်လား...ချောတယ်ပေါ့"

သူက ချောတာဆို စိတ်ဝင်စားသူပီပီ အားတက်သရောမေးတော့ မိုးထက်က...

"နောက်တစ်ယောက်က ရွှေပိုးအိမ်တဲ့ကွ"

"ဟင်...ရွှေပိုးအိမ်"

နာမည်လေးက တစ်မျိုးလေးမို့ သူ နှုတ်ခမ်းလှုပ်ရှဲ လိုက်ရွတ်ရင်း ပြုံးမိတော့၏။ နန္ဒက...

"မင်း...ဘာပြုံးတာလဲကွ"

"နာမည်လေးက ရယ်ချင်လို့ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ…ရယ်ချင်တယ်"

"အင်း"

"ဘာလို့လဲ"

"ရွှေပိုးအိမ်တဲ့…တစ်မျိုးကြီးပဲ"

"အေး…လှလည်း တစ်မျိုးကွ"

"ဟင်"

"ဟုတ်တယ်ကွ၊ တကယ့်ကို တစ်မျိုးလေး"

"ဘာကိုလဲ"

"သူ့ပုံစံလေးက သူများနဲ့ သိပ်မတူဘူးကွ"

"ဘာဖြစ်လို့လဲ"

"ငါလည်း မပြောတတ်ဘူးကွာ။ ပြောနိုင်တာကတော့ အိန္ဒြာကိုနဲ့ တခြားစီပဲ"

"ဟင်…ဒါဆို ပုံတုံးတုံးလေးလား"

"ဟုတ်ပါဘူး…မတုံးပါဘူး၊ ခေတ်မီပါတယ်။ အဲ… စတိုင်လ်ကသာ တခြားစီ"

"တခြားစီ"

"ဟုတ်တယ်၊ အိန္ဒြာကိုက သူ့အလှကို သူများတွေမြင်အောင် စိတ်ဝင်စားအောင် ဆွဲဆောင်မှုရှိရှိနဲ့ ပြင်ဆင်ချယ်သထားတာ"





"ဟိုတစ်ယောက်က ဘယ်လိုပြင်လို့လဲ"

"မပြင်ဘူး…မျက်နှာမှာ သနပ်ခါးရေကျဲလေးပဲ လိမ်းသလို [illegible]၊ အများစု မိတ်ကပ်ပါးပါးလိမ်းပြီး နှုတ်ခမ်းနီဖျော့ဖျော့ဆိုးတာ ရဲရဲဆိုးတာတွေ ရှိပေမယ့် သူက နှုတ်ခမ်းနီလည်း ဆိုးလား၊ မဆိုး လား မသိဘူးကွ။ သူ့နှုတ်ခမ်းတွေက ရဲရဲလေး"

"ဆံပင်ကရော အတိုလား၊ အရှည်လား"

"အရှည်ပဲပြောရမယ်…တင်ပါးကျော်တယ်ကွ။ နက် မှောင်တောက်ပြောင်ပြီးကို ချောအိနေတာ"

"အဝတ်အစားရော ခေတ်မီမီပဲလား"

"မီတာပေါ့…ရယ်ဒီမိတ်တွေ ချုပ်ဝတ်တာနေမယ်။ သူ့ ကိုယ်လုံးလေးနဲ့ ကွက်တိလေး။ ချပ်ချပ်ရပ်ရပ်နဲ့ စကတ်ဆို ရှည် ရှည်လေး ဝတ်တယ်။ အတိုမဝတ်ဘူး။ ဘောင်းဘီမဝတ်ဘူး။ လုံချည် ဆို ဟို လေးလွှာဆိုလား သုံးလွှာဆိုလား ဝတ်တယ်"

"တော်ပြီကွာ…ပျင်းတယ်"

သူ တစ်ချက်သမ်းဝေကာ ပြောလိုက်တော့…

မိုးထက်က…

"ဟော့ကောင်…မင်းကလည်း တွေ့ဖြင့် မတွေ့သေးသဲနဲ့ ပျင်းတယ်လုပ်နေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မျှင်းတာပေါ့ကွ..မင်းတို့ သရုပ်ဖော်တဲ့ပုံစံက အသွားကြီး အိုလေးပဲ ဖြစ်မှာ၊ တော်ပြီ စိတ်မဝင်စားဘူး"

"ဟာ...အတော်ပဲ။ ပြောရင်းဆိုရင်း ဟိုမှာ လာနေပြီ"

နန္ဒစကားကြောင့် သူ ဆတ်ကနဲ လှည့်ကြည့်တော့ မိန်းကလေးသုံးယောက်...

နန္ဒက သူ့ကို တံတောင်နဲ့ တွတ်လိုက်ပြီးမှ...

"အလယ်က ဟာလေးကွ"

"အင်း"

သုံးယောက်မှာ အလယ်က တစ်ယောက်၏ပုံစံက ထင်းကနဲ ရှိလွန်းလှ၏။ သွယ်လျသောကိုယ်နေဟန်ထားလေးက မဟာဆန်လွန်းလှ၏။ နဖူးပေါ်မှာ ဆံပင်အားလုံး အပြောင်သိမ်းကာ နောက်မှာ ခပ်မြင့်မြင့်လေး စည်းနှောင်လွှတ်ချထားသဖြင့် လမ်းလျှောက်တိုင်း ဆံပင်ရှည်ရှည်တွေက ဝဲခါနေဟန်ကပင် အသွင်တစ်မျိုးလို ဖြစ်နေလေသည်။

ငှက်ခါးရောင် ဝမ်းဆက်လေးက သူမနှင့် အလွန်လိုက်ဖက်သလို စိမ်းပြာနုရောင် ဒေါက်ဖိနပ်ကလည်း မနိမ့်မမြင့်လေးမို့ ခြေဖမိုးဖြူနုနုလေးက လုံချည်စလေးအောက်မှာ လှစ်ကနဲ လှစ်ကနဲ သေသပ်လွန်းလှ၏။





ဘောတစ်ယောက်ပြောနေသမျှကို သူမကား စိတ်ဝင်စားစွာ သောင်ရင်း ဘေးဘီဝဲယာဆီ လုံးဝမကြည့်ဘဲ လျှောက်လာနေသည်။

"ဩဘာ...လှတယ်မဟုတ်လား"

နန္ဒအမေးကို သူ မဖြေဘဲ လွန်သွားသော ရွှေပိုးအိမ်ကို မ်းကြည့်ကာ ခေါင်းရမ်းပြလိုက်၏။

"ဘာကွ...မလှဘူး ဟုတ်လား။ သူကမှ တကယ့်အလှကွ။ ဘာမှ အပိုမချယ်ဘူး...မင်း ဒီတစ်ခါ ညံ့သွားပြီ"

"မညံ့ပါဘူးကွာ...ငါ သူ့အလှကို မြင်ပါတယ်။ အလှအပ ငါက မင်းတို့ထက် နှာတစ်ဖျားသာပါတယ်ကွာ..အဟင်း"

"ဒါဖြင့်...ပြော...အဲ့ဒါကိုနဲ့ ရွှေပိုးအိမ် ဘယ်သူ ကွင်း နိုင်မလဲ"

"ငါ..ရွေးရရင်လား"

"အင်း"

"နှစ်ယောက်စလုံးပဲ"

"မင်းဘိုးအေ...တစ်ယောက်ပဲရွေးစမ်းကွာ"

"အဟင်း ငါက နှစ်ယောက်စလုံးကိုစိတ်ဝင်စားသွားပြီလေ"

"ဟောဗျာ"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ကင်တင်းထဲသို့ အိန္ဒြာကိုတို့ ဝင်သွားချိန်အထိ သူ မဝ
သေး။

တမင်ပင် အချိန်ဆွဲကာ အပြင်မှာ ပေါးလား ဝါးလာ
ပြောဆို နောက်ပြောင်နေကြ၏။

သူ့ကို အပေါင်းများများက သတိထားကာ ကွက်ကြည့်
ကွက်ကြည့်လေး ဖြစ်နေတာကိုလည်း သူသိ၏။

တက္ကသိုလ်မှာ 'ဩဘာ' ဆိုသော သူ့နာမည်က ထုံး
အတိုင်း ရေပန်းစားနေပြီ မဟုတ်ပါလား"

အသစ်လေးတွေကို အဟောင်းတွေက တစ်ဆင့် ဖော
သည်ချပြီပေါ့။





ရုပ်ချော သဘောကောင်း သူဌေးသားဆိုသော သူ့ ဂုဏ်
ပုဒ်တွေအပြင် ရည်းစားထည်လဲထားတတ်သူဆိုတာတွေလည်း
ကျန်ခဲ့မည်မဟုတ်။

ကောင်မလေးတွေရဲ့ အထာကို သူ့လောက် ဘယ်သူ ပိုင်
နိုင်ဦးမှာလဲ။

ဩဘာနဲ့ အတွဲလေးဖြစ်သွားရတာကိုပင် တစ်ရာမှာ ကိုး
ဆယ့်ကိုးယောက်လောက်က ကျေနပ် ဂုဏ်ယူနေတတ်ကြတာတွေ
မို့...

အတွဲမဟုတ်၊ သူငယ်ချင်းမဟုတ်၊ ဟိုမရောက် ဒီမရောက်
လေးတွေပင် ဒုန်းဒေး။ တစ်ခုတော့ ဩဘာ စည်းစောင့်၏။

ရည်းစားထားတာကို ပျော်စရာတစ်ခုအဖြစ် ခပ်ပေါ့ပေါ့
ခံယူထားသူပီပီ ကိုယ့်ကြောင့် ဘယ်တစ်ယောက်ကိုမှ ထိခိုက်
နစ်နာသွားတာမျိုး ဘယ်တော့မှ မဖြစ်စေရပါ။

ဒီတော့လည်း ဘာပြဿနာမှ မရှိ။

ကောင်မလေးတွေကလည်း ဒါကို သိကြပုံရ၏။

မသိ ဘယ်နေလိမ့်မလဲ။

ဩဘာတို့က တွဲပြီပဲဆိုရင် လူမရှိတဲ့ ဆိတ်ငြိမ်ရာဆီ
ဘယ်တော့မှ မခေါ်။



www.burmeseclassic.com

www.burmeseclassic.com



စားကောင်းတဲ့ ဆိုင်တွေမှာ သွားစားမည်။

ပျော်စရာကောင်းတဲ့ ကစားကွင်းတွေဆီ သွားဆော့မည်၊ ဒါလောက်ပါပဲ။

အဲ…အဲ…နောက်တစ်ခုက ဈေးထဲပတ်လျှောင် ကောင်မလေး လိုချင်တာ တစ်ခုခု ဝယ်ပေးလိုက်မည်။

ကဲ…ထိုသို့သော အြဘာကို ဘယ်ကောင်မလေးက လမ်းခွဲရတာတောင် မကျေမနပ် လုံးဝမဖြစ်။

အြဘာကလည်း ပြတ်၏။

"တို့နှစ်ယောက် မဖြစ်နိုင်တော့ဘူးကွာ"

ဟူ၍ စကားစလိုက်လျှင် ကောင်မလေးက ပထမ အံ့အားသင့်ကာ မေးမည်။

"ဟင်…ဘာဖြစ်လို့လဲ"

ထိုအခါ အြဘာက ပြုံး၍ အမှန်အတိုင်းပင် ပြောလိုက်မည်။

"ကိုယ်က အလှ အသန့် အရမ်း ကြိုက်တာကွ။ မင်းကိုယ်နံ့ကို ကိုယ် မခံနိုင်တော့လို့ ဆောရီးပဲကွာ"

ကဲ…ပွဲက ဒီလိုနှင့်ပင် ပြတ်သည်ချည်း။

"မင်း…စားသောက်တဲ့နေရာတွေမှာ ရုပ်ဆိုးလို့ကွာ"





"မင်းက ရုပ်လှသလောက် လေလည်တဲ့နေရာမှာ မရှက်အကြောက် ဣန္ဒြေနည်းလို့ကွာ"

"မင်းရယ်လိုက်ရင် နှာခေါင်းက လန်ပြီး ရုပ်ဆိုးလို့ကွာ"

"မင်းက သိပ် အရယ်သန်လို့ကွာ"

"မင်းက ပါးစပ် သိပ်နံတယ်ကွာ"

စသော အကြောင်းပြချက် တစ်ခုခု ပေးကာ ခွာရုံပင်။

ကဲ…ဒီနှစ်မှာတော့ လောလောဆယ် သူ့ပစ်မှတ်လေးတွေက အိန္ဒြကိုနဲ့ ရွှေပိုးအိမ်ဆိုတဲ့ နှစ်ယောက်။

ရည်းစားမရှိဘဲလည်း သူ မနေတတ်ပါ။

သူ့ဘေးမှာ တစ်ယောက်ယောက်ရှိနေမှ စားဝင်အိပ်ပျော်နေသာထိုင်သာရှိမည်မို့… ပထမပစ်မှတ် အိန္ဒြာကို,ကို၊ ဒီနေ့မှာပဲ ချဉ်းကပ်ရန် သူ ကြိုးစားလိုက်တော့၏။ နန္ဒက…

"ဟေ့ကောင်…ဟိုမှာ အိန္ဒြာကိုတို့ ဝင်သွားပြီလေ၊ ဘာလုပ်နေလဲ"

"အေးပါကွာ…ဖြည်းဖြည်းပေါ့"

"မာနတော့ကြီးပုံကွ"

"ပိုကောင်းတာပေါ့ကွာ၊ ကဲ…လစ်မယ်"

စကားအဆုံး သူ ကင်တင်းထဲဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သူနဲ့နန္ဒ နှစ်ယောက်ထဲ။

မိုးထက်နဲ့ ကိုဖုန်းတို့ ကျောင်းမလာ။

ကင်တင်းထဲ သို့ ဝင်လိုက်ချိန်မှာ နေရာအတော်များများ လူတွေပြည့်နေလေပြီ။

မျက်စိရှင်ရှင်နှင့် သူ ဝေ့ဝဲကြည့်လိုက်တော့ ထောင့်စားပွဲ တစ်ခုမှာ အိန္ဒြာကိုတို့ ထိုင်နေတာမြင်သည်နှင့် သူ တန်းတန်းမတ် မတ် လျှောက်သွားတော့ နန္ဒက တိုးတိုးလေး ကပ်ပြော၏။

"ဟော့ကောင်…နေရာ မရှိဘူးကွ"

"အသာနေ"

အိန္ဒြာကိုကလည်း သူ့ကိုမြင်သည်နှင့် မျက်ဝန်းလေး လက် ကနဲ ဝင်းသွားရစွာ လှမ်းကြည့်နေသည် မဟုတ်ပါလား။

ဒီအထာကို သူမှ မပေါက်ရင် သူ့လောက်တုံးတဲ့လူ လောကကြီးမှာ ရှိမည်မထင်။ မင်သေသေနှင့် သူ အိန္ဒြာ့အနား ရောက်သည်နှင့် ခါးလေးကိုင်းကာ…

"ညီမရေ…ဆောရီးပဲကွာ။ ကိုယ်တို့ နေရာမရတော့လို့ ဒီဝိုင်းမှာပဲ ထိုင်ပါရစေ ဖြစ်မလားဟင်"

လေးယောက်တစ်ဝိုင်းပေမယ့် ခြောက်ယောက်ဝိုင်းချင် လျှင် နည်းနည်းကပ်ထိုင်နိုင်တာမို့…





အိန္ဒြာကလည်း လိုလိုလားလားပင်…

"ရပါတယ်…ထိုင်လေ"

"ကျေးဇူးပဲကွာ"

အိန္ဒြာ့ဘေးမှာ သူ ခုံဆွဲဝင်ထိုင်လိုက်လို့ နန္ဒကိုလည်း မေးလေးဆတ်ကာ…

"ထိုင်ကွာ"

ဟု ပြောလိုက်ပြီးမှ ကော်ဖီနှစ်ခွက် လှမ်းမှာလိုက်၏။

အိန္ဒြာနှင့် သူမအဖော်တွေက သူ့ကို မသိမသာလေး အကဲ ခတ်နေကြ၏။ သူ ပြုံး၍ အိန္ဒြာ့ကို စကားစလိုက်လေသည်။

"ဘယ်မေဂျာလဲ…ညီမ"

"မက်စ်ပါ… ဒီက အစ်ကိုရောဟင်"

"မက်စ်ပဲလေ…ဟာ…မေဂျာတူ မောင်နှမတွေ ဖြစ်နေ တာကိုး၊ ဝမ်းသာစရာပဲကွာ။ ကိုယ့်နာမည် ဩဘာ၊ သူက နန္ဒ မှတ်ထားနော်။ လိုတဲ့ကူအညီ အချိန်မရွေးတောင်းပေါ့ ဟုတ်လား"

သူ့သွက်လက်မှုကို အိန္ဒြာကလည်း အမီနင်းကာ…

"အဟင်း…တကယ်ပြောတာလား။ အိန္ဒြာတို့မှာ အသိ အကျွမ်း မရှိသေးဘူးနော်။ တော်ကြာ ဒီကောင်မလေး တော်တော် ရှုပ်တယ်ဆိုပြီး နှင်မထုတ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မနှင်ပါဘူးကွာ၊ ဒီလောက်ချောတဲ့ ညီမလေးတစ်ယောက်ကို ဘယ်အစ်ကိုက နှင်မှာလဲလို့။ ဒါနဲ့ နာမည်ပြောဦးလေကွာ"

"သြော်…ဟုတ်ပါရဲ့။ အိန္ဒြာ့နာမည်က အိန္ဒြာကို၊ သူက ဝေမာ၊ ဒီဘက်က ညိုလဲ့"

"ကောင်းပြီ…အားလုံးကို သိရတာ ဝမ်းသာပါတယ်။ ခင်မင်မှုအထိမ်းအမှတ်နဲ့ ဒီနေ့ ကိုယ်ကျွေးပါရစေ ဟုတ်လား"

"မဟုတ်တာ…အိန္ဒြာကျွေးမှာပေါ့"

"ဟာ…ကိုယ်ကျွေးမှာပါ"

"ဟင့်အင်း….အိန္ဒြာကျွေးမှာ၊ နောက်နေ့တွေကျ အစ်ကိုကျွေးပေါ့"

"သြော်…ဒီလိုလား၊ ကောင်းပါပြီဗျာ။ ကဲ…အလှူရှင်လေး ဒါနမြောက်သွားအောင် ပေါင်မုန့်ကြက်ဥကြော်လေးပါ ထပ်မှာလိုက်ဦးမှပဲ"

"မှာပါ…မှာပါနော်၊ အိန္ဒြာက အစ်ကိုနဲ့ ခင်မင်ရတာကို အရမ်း ဝမ်းသာနေတာ သိလား"

"ဟုတ်လား…ဘာကြောင့်လဲ"

ပြောရင်း သြဘာက အောက်မှ နန္ဒခြေကို မသိမသာ လှမ်းတို့လိုက်၏။





"တွေ့လား…အိုကေပြီ" ဆိုသော အဓိပ္ပာယ်…

နန္ဒ ပြုံးချင်ပေမယ့် ကျွန်မြေမပျက် ကော်ဖီငုံသောက်နေလိုက်၏။

အိန္ဒြာက လုံးဝ ရှိုးတိုးရှန့်တန့် မဖြစ်ဘဲ ပေါ့ပါးစွာ ပြောလိုက်ပုံက…

"အစ်ကိုက…ချောတယ်လေ။ အိန္ဒြာ အရမ်းအလှကြိုက်တာ သိလား။ အိမ်မှာ အိမ်ဖော်တွေ ဒရိုင်ဘာနဲ့ မာလီတွေအားလုံး ရုပ်ဆိုးလွန်းရင် မခန့်တော့ဘူး။ မာမီတို့က အိန္ဒြာ့အလှကြိုက်မှန်း သိလို့ ရုပ်ရည် သန့်သန့်ပြန့်ပြန့်လေးတွေကိုပဲ ရွေးခန့်တာ…အဟင်း"

"သြော်…ဟုတ်လား၊ ဒါကြောင့် အိန္ဒြာက လှနေတာကိုး"

"ဒယ်ဒီရော မာမီပါ လှလို့လေ။ အဟင်း…အိန္ဒြာက နစ်ဖက်အမွေတွေ အပြည့်အဝ ရထားတာ"

"ဟုတ်လား…မောင်နှမတွေရော အားလုံး အချောအလှတွေပေါ့"

"ခစ်…ခစ်…မှားသွားပြီ"

"ဟင်…ဘယ်လို"

"အိန္ဒြာက တစ်ဦးတည်းသော သမီးလေ"

"သြော်…ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အစ်ကိုအကြောင်းလည်း ပြောဦးလေ"

"ဘာပြောရမှာလဲ"

"အစ်ကို ဘာကြောင့်လှနေတာလဲ ဆိုတာပေါ့"

"အဟင်း…အဲဒါလည်း အိန္ဒြာ ခုနက ပြောသလိုပါပဲ ကွာ"

"အို…ဟုတ်လား၊ ခစ်…ခစ် ကြည့်စမ်း ကိုကိုလူလည်ကြီးပဲ၊ ကိုကို့မှာရော မောင်နှမတွေ ရှိသေးလား"

"တစ်ဦးတည်းသော သားပါပဲ"

"ဟယ်…ကြည့်စမ်း၊ တိုက်ဆိုင်လိုက်တာနော်။ ဒါဆို အိန္ဒြာတို့နှစ်ယောက် ဘဝတူပဲပေါ့"

"ဒါပေါ့"

"ကိုကို"

"အင်း"

"အိန္ဒြာ့ဆီ လာလည်နော်"

"အိမ်ကိုလား"

"ဒါပေါ့…မာမီတို့နဲ့လည်း ခင်သွားအောင်လေ။ လာမယ် ဟုတ်လား"

"အင်း…လာတာပေါ့။ ဂိုက်တော့ မလွှတ်ပါဘူးနော်"





"အမယ်…ဘာလို့ရိုက်ရမှာလဲ။ ကိုကို့ပုံက ရိုက်စရာလား လောက် သန့်သန့်လှလှလေးကို"

"ဟုတ်လို့လား…ကျေးဇူးပဲကွာ"

"ကိုကို"

"ဗျာ"

"အိန္ဒြာ့ကို တစ်မျိုးထင်နေလား"

"ဟင်"

"ကိုကို့ကို ခုလို တအားခင်သွားတာကိုလေ"

"ဟို…မထင်ပါဘူးကွာ၊ ခင်တာပဲ ကိုယ်လည်း အိန္ဒြာ့ကို ခင်လို့ပဲ တစ်ဝိုင်းတည်း ထိုင်ရအောင် ဝင်လာတာပဲကြည့်"

"ခစ်…ခစ်…ဟုတ်ပါရဲ့နော်။ အိန္ဒြာက မာနကြီးတယ် ကိုကိုရဲ့ သိလား"

"ဟုတ်လား…ခုတော့ မထင်ရပါလား"

"ဘယ်ထင်ရမလဲ၊ အိန္ဒြာ ခင်မင်တဲ့လူတွေဆို လိုက်လိုက် အဲလိုကို ခင်မင်တတ်တာလေ"

"ကိုယ်တို့ ကံကောင်းတာပေါ့ကွာ"

"အိန္ဒြာ တစ်ခုပြောမယ်နော်"

"ပြောလေ…ဘာများလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကင်တင်းမှာ နေ့တိုင်း ဆုံကြမယ်…ကဲ"

"ဟာ…ကောင်းတာပေါ့…အိုကေ"

ထိုနေ့က ကင်တင်းမှ ထွက်လာတော့ နန္ဒက သူ့ကိုပြော
၏။

"မင်းကွာ…ထင်ထားတာထက်တောင် သွက်နေလို့
တောင် အံ့ဩသွားတယ်၊ ဒီကောင်မလေးကို လျှော့မတွက်နဲ့နော်"

"ဘာကိုလဲ"

"မင်း ခွာချဖို့မလွယ်ဘူးထင်လို့"

"စောင့်ကြည့်ဦးပေါ့ကွာ"



## အခန်း (၄)

ရွှေပိုးအိမ် စိတ်ရှုပ်နေပါသည်။

ကွင်း (Queen) ရွေးချယ်ရာမှာ သူမကို အများစု၏ ဆန္ဒ
ဖြင့် သချ်ာမေဂျာ၏ ကွင်းအဖြစ် ရွေးလိုက်ခြင်းအတွက် တကယ်
စိတ်အနှောင့်အယှက် ဖြစ်သွားရ၏။

ထင်ပေါ်မှုကို ရွှေပိုးအိမ် မလိုချင်ပါ။ ကိုယ့်ဘာသာကိုယ်
အေးအေးဆေးဆေးလေးပင် နေချင်ပါသည်။

ကွင်းဆိုသည်နှင့် လူအတော်များများ၏ အကဲခတ် လေ့လာ
ရစိုက်မှုတွေကို ခံရတော့မည်။ အနေကျုံ့ရတော့မည်ဟု ခံစားရ၏။

မျက်နှာညိုနေသော ရွှေပိုးအိမ်ကို ယမင်းက…

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ရွှေပိုးရယ် ရှင့်မျက်နှာလေးက ဘာဖြစ်နေတာ
တုန်း။ တစ်ခုခု စိတ်မသက်မသာ ဖြစ်နေသလိုပဲ"

ရွှေပိုးအိမ်တို့က အဲသလောက်အထိ ရိုးစင်းသူပါ။

ကိုယ်ဖြစ်နေတာတွေကို ဘေးလူ သတိထားမိအောင်
ဣန္ဒြေမဆောင်တတ်ပါချေ။

ဘာပဲဖြစ်ဖြစ် မျက်နှာပေါ်မှာ ထင်းကနဲပေါ်ပြီးသား
ခုလည်း ယမင်းမေးတော့ မသက်မသာပြုံးလေးဖြင့် ဖြေလိုက်ရ၏

"ဟုတ်တယ်…စိတ်ညစ်လို့"

"ဟင်…ဘာကိုတုန်း"

"ဘာရှိရမှာလဲ၊ ကွင်း ဆိုတဲ့ဟာကြီးကိုပေါ့"

"ဟော်တော်"

ယမင်းရော ငုဝါပါ ရွှေပိုးအိမ် အဖြေကြောင့် မျက်လုံးလေ
ဝိုင်းကာ အံ့သြရယ်ချင် ဖြစ်သွားကြတော့၏။ ယမင်းက…

"ဖြစ်ရလေ…ရွှေပိုးရယ်။ ရှင့်ကျမှ အဆန်း"

"အဟင်း…ဟင်း…ဟုတ်တယ်…ဟုတ်တယ်။ သူမျာ
တွေဆို ကွင်းဘွဲ့လေး လိုချင်လွန်းလို့ အလုတွေပြင်ပြင်ပြီး ကျော
ကို လာနေတာ။ ရှုတင်လာတာကျနေပါရော။ ရှင့်ကျမှ စိတ်ရှုပ်
တယ်လို့။ ဒါ အများစုရဲ့ဆန္ဒ လျှို့ဝှက်ဆန္ဒတွေလေ၊ ဘယ်သ





ဘယ်သူမှ လာဘ်ထိုးပြီး ရလာတဲ့ဘွဲ့ မဟုတ်ဘူး။ ရွှေပိုးရေ တကယ့်
ကို လူမှန်နေရာမှန် ထိုက်ထိုက်တန်တန် ဘွဲ့ပါနော်။ ဘာမှတ်နေလဲ"

ငုဝါကလည်း ယမင်းစကားကို ထပ်ဆင့်ထောက်ခံလိုက်တာ
မို့ ရွှေပိုးအိမ် ခေါင်းအသာရမ်းကာ မချိပြုံးလေးဖြင့် ပြောလိုက်၏။

"တော်ပါတော့ဟာ…ဘာလူမှန် နေရာမှန်လဲ။ ငါ့ထက်
လှတာတွေမှ အများကြီးရယ်။ ရွေးပါတော့လားလို့"

"ဟဲ့…လှပေမယ့် ရှင့်ကို မမီလို့ဖြစ်မှာပေါ့။ ကျုပ်တို့
အမြင်မှာလည်း ရှင်ဟာ အလှဆုံးပါနော်"

"ဟွန်း"

စိတ်ပျက်ဟန် ရွှေပိုးအိမ် နှာခေါင်းလေး ရှုံ့လိုက်ပြီးမှ…

"ငါက လွတ်လွတ်လပ်လပ်ပဲ နေချင်တာကို"

"ဟဲ့…အခုလည်း ရှင့်ကို ဘယ်သူကမှ တားဆီးချုပ်နှောင်
နေတာ မဟုတ်ပါဘူး ရွှေပိုးရယ်၊ ရှင် နေချင်သလိုသာ နေပါနော်။
ဘာဖြစ်လဲ အေးဆေးပေါ့"

"အင်းပါ…ငါ့အတွက်တော့ အေးဆေးပါပဲ။ ဒါပေမယ့်
မအေးဆေးနိုင်တဲ့ လူတွေရှိနေလို့ စိတ်ထဲ ကသိကအောက် ဖြစ်နေ
ရတာလေ"

"ဟင်…ဘယ်သူလဲ…အိန္ဒြာကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"သိသားနဲ့"

"အေးဟာ…အဲဒါကလည်း တစ်မျိုး"

"အဟင်း…သူက ကွင်းဆိုတာ သူ ဖြစ်ကိုဖြစ်ရမယ်လို့ တွက်ထားပုံရတယ်ဟဲ့။ ရွှေပိုး ရှင်ရသွားတော့ မခံချိမခံသာလေး ဖြစ်နေတာပေါ့ ရယ်စရာပဲ"

"အလကားပါဟာ…သူက အရမ်း ပြင်ဆင်တတ်လို့ လှတယ်ထင်ရတာ။ အကောင်းစား မိတ်ကပ် နှုတ်ခမ်းနီတွေနဲ့ ချယ်သပြီး အဝတ်အစားတွေဆိုလည်း မင်းသမီးရှုံးလောက်အောင် စတန့်ထွင် စတိုင်လ်ထုတ်ဝတ်တော့ ထင်းကနဲ လင်းကနဲ တောက်ပပေါ်လွင်နေတာပေါ့ဟာ။ ချမ်းသာပုံလည်းရတော့ ဘယ်သူ့မှ ဂရုမစိုက်ဘူး ဆိုတဲ့ မာန်လေးနဲ့ မော့ခါနေသမျှ၊ ကွင်း မရတော့ ရှိုက်ရမ်းလေး ရမ်းတာပေါ့"

"အဟင်း…ဘာတဲ့ သူပြောတာ ရွေးတဲ့လူတွေက မျက်လုံး မပါကြဘူးတဲ့လေ၊ ဒါ ငါ့ကို ရိုလိုက်တာ မဟုတ်ဘူးလားလို့၊ တကယ် စိတ်ပျက်တယ်"

"ရွှေပိုး"

"ဟင်"

"စိတ်မပျက်နဲ့ ဂရုလည်း မစိုက်နဲ့"





"အင်းပါ…မစိုက်ပါဘူး၊ ဒါပေမယ့် သူက နောက်မှာ လာထိုင်ပြီး တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောတတ်တော့ တကယ် အနှောင့်အယှက်ဖြစ်တာပေါ့လို့"

"ဒါဆို ကျုပ်တို့ကလည်း နဂါးမှန်းသိအောင် အမောက်ဆောင်ပြလိုက်ရုံပေါ့။ ဟုတ်တယ်၊ ရွှေပိုးပြောတာမှန်တယ်။ နောက် လာထိုင်ပြီး ပတွတ်ပတွတ် ပြောနေတာ တကယ် နားကြားပြင်း တတ်တယ်ဟာ"

ယမင်းအပြောကြောင့် ရွှေပိုးအိမ် ခေါင်းအသာရမ်းကာ…

"မလုပ်နဲ့…ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ပြောရတာ သူရော ငါယ်ပါ သိက္ခာကျရတယ်ဟာ။ တကယ်ဆို ကွင်းဘွဲ့ကို သူရလိုက် ရင် ပြီးတာပဲ"

"ဟဲ့…လှိုဝှက်မဲစနစ်နဲ့ရွေးတာပါဆိုနေမှ သူ့ထက် ရှင့်မှာ အပြတ်အသတ် သာနေတဲ့ကိစ္စကြီးကို သူ ဘယ်ရနိုင်တော့မှာလဲလို့။ ဘာတွေ ဝေဖန်နေလဲ သိလား"

"ဟင်…ဘာလဲ"

"ရွှေပိုးအိမ်ရဲ့အလှကမှ တကယ့် ပင်ကိုယ်သဘာဝ အလှ စစ်စစ်တဲ့လေ၊ ဘယ်နေရာမှ အပြစ်ဆိုစရာမရှိလောက်အောင်ကို ပြေပြစ်အေးချမ်း သိမ်မွေ့ ကြွရေရတဲ့အလှတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…တော်စမ်းပါ၊ ငါ့ကိုများ နွားဝယ်သမားကြည့် သလို အကြည့်ခံရတာ တကယ် စိတ်ညစ်လာပြီနော်"

"မညစ်နဲ့…ဒါဟာ ကိုယ့်အလှကို အသိအမှတ်ပြုတာ လေးစား အထင်ကြီးတာ။ တန်ဖိုးထားတာ မဟုတ်လား ရွှေပိုးရဲ့"

"ရှင်တို့ သတိထားမိလား"

"ဟင်…ဘာကိုလဲ"

"အဲဒီနွားကိုလေ၊ ခုမှ ပိုပြီးတောင် အလှပြင်နေသလိုပဲ၊ တစ်ချိန်လုံး မှန်တကြည့်ကြည့်နဲ့"

"သြော်…လှချင်လို့ ဖြစ်မှာပေါ့ဟာ၊ ပြင်ပါစေ၊ ဝတ်ပါစေ ကျောင်းက စည်းကမ်းသတ်မှတ်မှု အော်ဒါတွေ ထွက်လာရင် သူ့ခမျာ ခုလို အပျိုစားလေး ဝတ်ရချင်မှ ရတော့မှာ မဟုတ်လားလို့"

"ရွှေပိုး"

"အင်း"

"သူက ရှင့်ကို ပြုံးနေတာနော်"

"ဟာင်…ဘာကိုတုန်း"

"အလှလေ…သူ့ကိုယ်သူ အလှဆုံးလို့ ခံယူချင်နေတာ၊ ကွင်းဘဲ့လေး ချော်သွားတော့ ကွင်းဆိုတာ သူ့လောက် မလှပါဘူး ဆိုတဲ့ မျက်နှာပေးလေးနဲ့"





"အဟင်း…ရှိပါစေဟာ၊ သူ့ပဲ လှပါစေ။ ဘာအကြောင်းမှ မရှိဘဲနဲ့ တစ်ယောက်ကိုတစ်ယောက် မခင်မင်နိုင် မခေါ်ပြောနိုင် ဖြစ်ရတာ စိတ်မကောင်းစရာပဲလေ"

"အင်း…ဟုတ်တယ်နော်၊ အဲဒါတော့ သူ အတော်လေး လွန်တယ်ဟဲ့။ ရွှေပိုးကိုများ လင်လုဖက်ကျနေရော"

"အမလေး ငဝါရယ်၊ ရှင့်ဥပမာကလည်း စိတ်ဆင်းရဲ စရာကြီး"

"ဘာလဲ…လင်လုဖက်လား"

"အင်းပေါ့…ပါးစပ်သနတယ်ဟာ…မပြောနဲ့"

"အင်းပါ…အင်းပါ…သူက တက္ကသိုလ်မှာ ပညာရော ကြင်ရာပါ လာရှာမယ့် ပုံပဲလေ"

"ငဝါရယ်…သူများ ငွေတိုး တွက်နေပြီနဲ့ပြီ"

"ရှူး…တော်တော့…ဟိုမှာ လာနေပြီ"

ယမင်းပြောမှ အားလုံးရယ်ကာ ငဝါမှာ ပါလာသော သရက်ပေါင်း မရမ်းပေါင်း ထုပ်များကို ဖြင့်စားနေကြ၏။

ရွှေပိုးအိမ်တို့က ကင်တင်းကို သွားလေ့သွားထ သိပ်မရှိပါ။

ကလပ်စ်နားချိန်မှာ အရိပ်ကောင်းသော သစ်ပင်ရိပ်အောက် ထိုင်လိုထိုင်၊ ဒါမှမဟုတ် ကလပ်စ်ထဲမှာပဲ ဆက်ထိုင်ကာ စကား



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောဖြစ်ကြပါ၏။ အိန္ဒြာကိုတို့ကျ ပုံမှန် ကင်တင်းသွားထိုင်ပုံ ရပါသည်။

သူမတို့ နောက်တည့်တည့်အတန်းမှာ ဝင်လာထိုင်သော အိန္ဒြာကိုတို့ထံမှ အသံ ထွက်လာပါတော့၏။

"ခစ်…ခစ်…ဝေမာရေ၊ အိန္ဒြာ့မျက်နှာကြည့်စမ်း မှိုရတဲ့ မျက်နှာဆိုတာ ဒါပဲ ထင်တယ်နော်"

"ဟုတ်ပ…မှိုတောင်မှ နှယ်နှယ်ရရ မဟုတ်ဘူးနော်။ တကယ့် မှိုကျင်းကြီးကို ရလိုက်တာ ညိုလှဲ့ရေ ခစ်…ခစ်"

"ဝေမာနဲ့ ညိုလှဲ့"

"ဟင်…ဘာလဲ"

"ငါ…အရမ်းကံကောင်းတာပဲနော်"

"ဘာကိုတုန်း"

"သြော်…ကိုကိုနဲ့ အသိဖြစ်လိုက်ရလို့လေ"

"မိန်းမ…မပြောလိုက်ချင်ဘူး"

"ဟင်…ဘာလဲ"

"တွေ့တာဖြင့် မိနစ်ပိုင်းလေး ရှိသေးတယ်၊ အစ်ကို အစ်ကို ကနေ ချက်ချင်း ကိုကို ကိုကို ပြောင်းသွားတာ၊ ငါဖြင့် ဝမ်းထဲက ယားကျိကျိနဲ့ သိလား အဟင်း…ဟင်း"





"ဟဲ့…ဒါက ငါ့ကိုယ်တောင်ငါ တကယ်အံ့သြသွားတာ"

"ဘာရယ်"

"သူ့ကို ခင်မင်ချင်နေတဲ့ ငါ့စိတ်ဆန္ဒတွေကို သူ သိနေသလို …ဲ၊ ကြည့်စမ်း တန်းတန်းမတ်မတ်ကိုလာပြီး မိတ်ဆက် အသိဖွဲ့တာ …ယ်လောက် ဝမ်းသာစရာကောင်းလဲလို့၊ ငါ အရမ်း ပျော်သွားတာ …သိလား"

"သိတယ်…သိတယ်၊ ရှင်ပျော်နေတာကို ကြည့်ပြီး ကျုပ် …ဘောင် ပါးစပ်မလှုပ်နိုင်ဘဲ ငုတ်တုတ်လေးထိုင်နားထောင်ခဲ့ရတာ …ကြည့်တော့၊ တကယ်တည်း တစ်ပိုင်းတည်း သူတို့နှစ်ယောက် …ည်း အတိုင်အဖောက်ကလည်းညီပ"

"ဒါပေါ့…ငါမှ ဟန်မဆောင်တတ်တာ၊ ဘွင်းဘွင်းပေါ့။ …သလိုလို ဣန္ဒြေရှင်လိုလိုနဲ့ ကုတ်ကမြင်းလေးမှ မဟုတ်တာ။ …တော့ ကိုကိုကလည်း ငါ့ကို စိတ်ဝင်စားလို့သာ ချဉ်းကပ်လာပြီ …။ သူလည်း သိမှာပါ။ အိန္ဒြာကိုဆိုတာ တော်ရုံတန်ရုံလောက်ကို …ာ စာရင်းမသွင်းဘူးဆိုတာလေ။ သူနဲ့ကိုယ်က အသွင်တူ စရိုက် …အဆင့်အတန်းတူဆိုတော့ ဖူးစာရေးနတ်ကြီးက ဆုံစေသတည်းလို့ …ပေးလိုက်ပြီ သိလား"

"အိန္ဒြာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"သတိတော့ထားနော်"

"ဘာကိုလဲ"

"သူက ရည်စားများတယ်လို့ နာမည်ကြီးတယ် မဟုတ်လား"

"အဟင်း…ဟင်း…ကိစ္စမရှိဘူး၊ ဘယ်လောက်ပဲ များခဲ့ များခဲ့ ခွင့်လွှတ်မယ်၊ အရေးကြီးတာ ကိုကိုရဲ့ နောက်ဆုံး ရည်စားဖြစ်ကို ဖြစ်စေရမှာပေါ့"

"ဒါဖြင့် ဟိုက ဖွင့်ပြောလာရင်"

"ဩော်…ချက်ချင်း ခေါင်းညိတ်မှာပေါ့"

"နင်ကလည်းဟာ နည်းနည်းပါးပါး မူဦးမှပေါ့"

"ဟင့်အင်း…ငါ ပြောပြီးပါပကော၊ ဟန်ဆောင်ပန်ဆောင် အလုပ်တွေ ဝါသနာ လုံးဝမပါဘူး၊ တက္ကသိုလ်မှာ ကိုကိုက နာမည်ကြီးတော့ ကိုကို့ချစ်သူအဖြစ် ငါ အမြန်ဆုံးပဲ ကြေညာလိုက်ချင်ပြီဟာ"

"အံမယ်…သည်းနေပြန်ပြီ"

"သည်းတာမဟုတ်ဘူး… တကယ်ပြောတာ၊ ငါ ကိုကို့ကို တကယ်ချစ်သွားပြီ"





"ဟဲ့…မိန်းမနော်၊ ဟိုက ဘာမှ မစလာသေးဘဲနဲ့ လွန်တယ် သတိထားဦး"

"မထားနိုင်ဘူး… ကိုကို့ကို အိမ်အလည်ခေါ်ပြီး ဒယ်ဒီတို့နဲ့ တစ်ခါတည်း မိတ်ဆက်ပေးထားမယ်လေ၊ ပြီးမှ လူကြီးချင်းပါ ခင်မင်ရင်းနှီးသွားအောင် ဖန်တီးရမယ်၊ ဒါဆို အားလုံး အိုကေပြီ"

"အေးပါ…အေးပါ၊ ရှင့် မင်္ဂလာပွဲမှာ ကျုပ်တို့ အရံလုပ်ပေးမယ် ဟုတ်လား"

"စိတ်ချ…အဲဒီအတွက် စဉ်းစားထားပြီးသား"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟင်…တကယ်"

နန္ဒစကားကို မိုးထက်ရော ကိုဖုန်းပါ ပါးစပ် အဟောင်းသား…

သူ ပြုံး၍သာ နေလိုက်၏။ နန္ဒက…

"ဟ…တကယ်ပေါ့ကွ၊ မင်းတို့မပါတာ နာတယ်ကွာ။ မြင်စေချင်တယ် သိလား"

"ဘာလဲကွ…ဘာဖြစ်လို့လဲ"

"အပျွန်း…ငါတို့က ငါတို့ကောင်ကို သွက်လှပြီထင်နေတာ"

"ဟင်…ဒီတော့"





"အိန္ဒြာကိုနဲ့ကျတော့မှပဲ ဒီကောင် စကားနည်းပြီး နားထောင်သမားအဖြစ်နဲ့ ပုတ်သင်ညိုကြီးလို ခေါင်းကြီး ညိတ်ညိတ် ညိတ်ညိတ်နဲ့ကွာ ငါတောင် စကားတစ်ခွန်းမှ မပြောလိုက်ရဘူးကွ"

"ဟင်…အဲသလောက်ကို သွက်လား"

"သွက်သလား မမေးနဲ့၊ တစ်ဝိုင်းလုံး သူ ထိန်းထားတာ။ သူ့စကားတွေချည်း အသံလေးစာစာနဲ့ ကျန်တဲ့ပုတ်သင်ညိုတွေ အားလုံးက မျက်လုံး ပေကလပ်ပေကလပ်နဲ့ ငုတ်တုတ်လေး နားထောင်နေရတာကွ"

"ဟော့ကောင်…ဩဘာ၊ တကယ်လား နန္ဒပြောတာ အမှန် ပဲလား"

"အင်း"

သူ ပြုံးစိစိလေး 'အင်း' လိုက်တော့ မိုးထက်က…

"ကျွတ်…ဟော့ကောင် မင်းဟာက ဘာလဲကွ၊ ညှတ်ကွင်းမိလာသလား၊ အာစေး အထည့်ခံလာရသလား၊ ပြောစမ်း…ပြောစမ်း"

ကိုဖုန်းကလည်း သူ့ကို ကြည့်ပြီး…

"အင်း…အပွဲပွဲ နွှဲလာခဲ့သမျှ ဩဘာ ဆိုတဲ့ကောင် ဒီတစ်ချီတော့ နောက်ကောက်ကျသွားပြီလား၊ ဟုတ်လား…ဟော့ကောင်"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုမှ မဟုတ်ဘူး"

"ဟင်…ဘယ်လို"

သူ ခေါင်းရမ်း လက်ခါ ပြောလိုက်တာကို ကိုဖုန်းတို့က မေးလေဆတ်ကာ သူ့အဖြေကို ငံ့လင့်နေကြ၏။ သူ ပြုံး၍…

"ငါ စဉ်းစားနေတာကွ"

"အင်း…ဘာကိုလဲ"

"အိန္ဒြာကိုက ထင်ထားတာထက် သွက်လွန်းနေတယ်ကွ"

"သြော်…မကြိုက်တော်မူဘူးပေါ့"

"အင်း…ဒီလိုလည်း မဟုတ်ပါဘူးကွာ"

"ကြိုက်လား"

"ပျော်စရာတော့ ကောင်းမယ်ထင်တယ်…အဟင်း"

"ဘာလို့လဲ"

သူမဖြေခင် နန္ဒက…

"ဘာဖြစ်ရမှာလဲကွာ…ကောင်မလေးက လုံးဝ ရှိုးတိုးရှန့်တန့် မဖြစ်ဘူးလေ၊ တကယ့်ကို ရဲရဲ သွက်သွက်လေး အစ်ကိုတဲ့ သူ့ကို…သူ့ကို"

"အားပါး…စားလှချည်လား"





"သြော်…စားတာမှ မင်းတို့သိရင် ဖျားတောင်ဖျားသွားကွာ"

"ဟင်…ဘာ"

သူအသာငြိမ်၍ ပြုံးပြုံးလေး နားထောင်နေမိ၏။ နန္ဒ ပြောတာတွေ အပိုအလိုမရှိ။ အားလုံး အမှန်တွေချည်း။ နန္ဒက သူ့ကို ကွက်ကနဲ ကွက်ကနဲ ကြည့်ပြုံးလိုက်ပြီးမှ…

"အိန္ဒြာကိုက ဒီကောင့်ကို ကိုကိုတဲ့…ကိုကို"

"ဟင်…ဟုတ်လား၊ အဲလို ခေါ်တယ်။ တကယ်ကောင်… ဩဘာ သူပြောတာ တကယ်ပဲလား…ဟုတ်လား"

သူ ခေါင်း တဆတ်ဆတ်ညိတ်ပြတော့ ကိုဖုန်းက…

"ဟာ…ပွဲကတာနဲ့တင် ပြီးသွားပါလားကွာ"

"ဒါပေါ့ကွ၊ ကိုကိုလို့ ခေါ်တဲ့အပြင် သူ့အိမ်ကိုပါ အလည်နေလေရဲ့…သိလား"

"ဟာ ဩဘာရာ မင်းရဲ့ စန်းကလည်းကွာ ပွင့်လှချည်လား"

မိုးထက်စကားကို သူ ပြုံး၍ ပြောလိုက်၏။

"သူနဲ့ငါ ရည်းစားဖြစ်သွားပြီ ထင်တယ်ကွ…အဟဲ"

"သြော်…ကောင်လေးရာ၊ ခုမှ မနူးမနပ်စတိုင်လ်ပုပ်နဲ့။ လာချင်နေတဲ့ရေက မြောင်းဝမှာ လာစုနေပြီပဲ။ မြောင်းလေး



www.burmeseclassic.com

www.burmeseclassic.com



အသာဖွင့်လိုက်ရုံပဲရှိတာ။ ဝေါကနဲ ဝင်လာနေပြီ သိလား"

"အဟား...ဟား...ဟား၊ ဟုတ်တယ်...ဟုတ်တယ် အိမ်မြှာကိုဆိုတဲ့ကောင်မလေး ငါ့အသည်းတံခါးကို တဒုန်းဒုန်း လာထုနေပြီကွာ"

"ဩဘာ"

"အင်း"

"တွဲတော့မယ်ပေါ့"

"ဒါပေါ့"

"အင်း...မြင်ယောင်သေးတယ်ကွာ"

"ဘာလဲ နန္ဒ"

"မင်းတို့နှစ်ယောက်ရဲ့ စတိုင်လ်လေ"

"ဘာဖြစ်လဲ"

"ညီမှာပေါ့၊ နှစ်ယောက်စလုံး အပျံစားတွေဆိုတော့ လိုက်ဖက်မယ့် စုံတွဲလေးပေါ့ကွာ"

"နန္ဒ"

"ဘာလဲ"

"ငါတွဲလာခဲ့သမျှတွေ ငါနဲ့လိုက်ဖက်မညီတာတွေ တစ်ယောက်တစ်လေ ရှိဖူးလို့လားကွ"





"ဟင့်အင်း...မရှိပါဘူး။ မင်းကလှတယ်၊ အလှလည်း ကြိုက်တယ်။ လှတဲ့မိန်းကလေးကိုမှ ရွေးတွဲတတ်တယ်ဆိုမှတော့ နေနဲ့လပေါ့ကွာ မဟုတ်ဘူးလား"

"ငါ့အထင်.."

နန္ဒက စကားမဆက်ဘဲ ရပ်ထားသဖြင့်...

"ဘာလဲ...နန္ဒ"

"မင်း ဒီတစ်ယောက်နဲ့ပဲ မြဲတော့မယ်ထင်တယ်ကွ"

"ဟင်...ဘာလို့လဲ"

"အခြေအနေ အဆင့်အတန်း စရိုက် မိဘဘက်ဂရောင်းတွေ အားလုံး အဆင်ပြေပုံရတယ်လေ၊ မင်းကို သူ့ အိမ်အလည်ခေါ်တာ သူ့မိဘတွေနဲ့ပါ ခင်မင်ရင်းနှီးသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်က အပိုင်ပဲလို့ တွက်ထားပုံရတယ်ကွ"

နန္ဒစကားကြောင့် သူ သဘောကျစွာ ရယ်ကာ...

"အပိုင်...ဟုတ်လား နန္ဒ"

"အင်း"

"ငါ အဲသလောက်အထိ တစ်ခါမှမစဉ်းစားမိသေးပါဘူးကွာ"

"ဟင်...ဒါဆို မင်း ဒီတစ်ယောက်ကိုလည်း ထုံးစံအတိုင်း အပျော်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ထင်တာပဲ"

"ဟော့ကောင်…လွယ်ပါ့မလား"

"ဘာကိုလဲ"

"အိန္ဒြာကိုက သွက်လည်းသွက်၊ ထက်လည်းထက်မယ့် ပုံနော်"

"အဲဒီတော့"

"မင်းချန်တိုင်း ကျန်ခဲ့ပါ့မလားလို့"

"စောင့်ကြည့်ပေါ့ကွာ"

"ဟိုတစ်ယောက်ကိုရော"

"ရွှေပိုးအိမ်လား"

"အင်း"

"ဖြည်းဖြည်းပေါ့"

"အဲဒီတစ်ယောက်က နည်းနည်း ထူးခြားတယ်ကွ"

"ဘာလဲ"

"အေးဆေးပဲ၊ ကင်တင်းတောင် သိပ်မလာဘူး။ ကွင်းဆိုပြီး မထောင်ဘူးကွ၊ လှတာတော့ တကယ်လှတယ်နော်"

"နန္ဒ"

"ဟင်"





"ရွှေပိုးအိမ်ကို မင်း ကြိုက်မလို့လား"

"ဟာ…မင်းကလည်း တောက်တီးတောက်တဲ့"

"မသိဘူးလေ၊ မင်းက ငါ့ထက်တောင်မှ သူ့အလှကို ပိုသိနေသလိုပဲ"

"ဟ…ငါတစ်ယောက်တည်း မဟုတ်ဘူး၊ အလှကို ရှုမြင်တတ်တဲ့လူအားလုံးဟာ သဘောပေါက်ကြတာ"

"ဘာကိုလဲ"

"တကယ်လှတာလို့"

"သူ့ကို လိုက်တဲ့လူ ရှိနေပြီလားကွ"

"အဲဒါတော့ မသိဘူး၊ ရှိချင် ရှိမှာပေါ့၊ ဒီလောက်လှတာ။ မင်း အိန္ဒြာကိုလို မာနခဲလေးလည်း မဟုတ်တာ၊ သဘောကောင်းပြီး ဖြူစင်ရိုးသားတဲ့ ပုံပဲကွ"

"ဟ…မင်းစကားက အိန္ဒြာကို ကို သဘောမကောင်းဘူး မဖြူစင်ဘူးလို့ ဆိုလိုတာလား…အဟင်း"

သူ့အမေးကြောင့် နန္ဒ ခေါင်းလေးကုတ်၍ ပြုံးစိစိလေး ပြေလိုက်ပုံက…

"ဟိုကွာ…ဘယ်လိုပြောရမလဲ၊ ကိုရီယားကားတွေမှာ မင်း သိတယ်ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ"

"ကားတိုင်းတော့ မဟုတ်ဘူးဆိုပေမယ့် ဆယ်ကားမှာ ရှစ်ကားလောက်က မင်းသားနဲ့ မင်းသမီး အဆင်ပြေနေတာကို ကြားဝင်နှောင့်တတ်တဲ့ လင်လိုကြမ်းကြမ်း စိတ်ပုတ်ပုတ် မာန ထောင်ထောင် အဲသလို…အဲသလို ပုံစံမျိုး"

"အိန္ဒြာကို ပုံစံလား"

"အင်း"

"အဟင်း…ဟင်း၊ မင်းကွာ…ပြောတတ်တယ်"

"ငါ့အထင်ပြောတာလေ၊ အိန္ဒြာကို ပုံစံက မြင်တာနဲ့ ဒက် ကနဲ သိတယ်ကွာ"

"ဘာကိုလဲ"

"မင်းကို အသေရရ အရှင်ရရ တစ်ပိုင်းလေးပဲရရ အဟား…ဟား…ဟား"

နန္ဒက သူ့စကားသူ သဘောကျစွာ တဟားဟား အော် ရယ်ပါတော့၏။ နန္ဒထင်တာ လုံးဝမမှား။

အိန္ဒြာကိုနဲ့ သိကျွမ်းခင်မင်ရသော အချိန်ကာ သိပ်ပင်မကြာ ပါ။ တစ်ပတ်ခန့်သာ ရှိသွားချိန်မှာတော့ သူနဲ့ အိန္ဒြာကိုတို့ ချစ်သူ ဖြစ်သွားကြပါတော့၏။





အဆန်းတော့ မဟုတ်။ အိန္ဒြာကိုက သူ့ကိုအရင်ချိန်းကာ ဈေးသွားချင်သည်ဆိုသဖြင့် ဈေးပို့ပေးပြီး၊ ကစားကွင်း သွားချင်သည် ဆိုကာ မိုးပျံရထားသွားစီးကြတော့…

'ကြောက်တယ်ကိုကို' ဟူသော အကြောင်းပြချက်လေးဖြင့် သူ့လက်မောင်းကို ဖက်တွယ်ထားလိုက်သည်မှာ မနည်း ဆွဲဖြုတ်ရ သည်အထိ ရှိသွားတော့၏။

သူလည်း ယောက်ျားသားတစ်ယောက်ပဲလေ။ တစ်ဖက်က ပေးလာသော အခွင့်အရေးပေါ်မှာ အလိုက်သင့်လေ ဖြစ်အောင် သူမ ခုံးကို သိုင်းဖက်ထားရ၏။

"ကိုကို"

"ဗျာ"

"ကိုကို့ကို ချစ်တယ်"

"အင်း"

"ကိုကိုရော အိန္ဒြာ့ကို ချစ်တယ် ဟုတ်လား"

"အင်း"

"ဘယ်အချိန်က စ ချစ်လဲ ပြော"

"မြင်မြင်ချင်း"

"အမယ်…မရွှီးနဲ့ကွာ…အတိအကျပြော"



www.burmeseclassic.com

www.burmeseclassic.com



"ကင်တင်းမှာ ပထမဆုံး စတွေ့ကတည်းက"

"အံမာ…ကိုကိုရှုံးသွားပြီ"

"ဟင်…ဘာလို့လဲ"

"အိန္ဒြာက ကင်တင်းမှာ ကိုကို ဝင်လာတဲ့အချိန်ဆိုရင် ချစ်ပြီးသား ဖြစ်နေပြီလေ"

"ဟုတ်လား…သိမ္မာထယ်ကွာ"

"ကိုကို"

"အင်း"

"အထင်သေးလား"

"ဟင့်အင်း"

"အထင်သေးမယ် မကြံနဲ့၊ အိန္ဒြာက တကယ် အတည် ချစ်တာ၊ လုံးဝ အပြောင်းအလဲမရှိတဲ့အချစ် သိလား"

"ဝမ်းသာစရာပေါ့ကွာ"

"ကိုကိုလည်း အိန္ဒြာလိုပဲ ဖြစ်ရမယ်နော်"

"အင်"



## အခန်း (၆)

"ဟဲ့…ရွှေပိုး၊ ကြားပြီးပြီလား"

"ဘာလဲ…ငုဝါ"

"အိန္ဒြာကိုလေ…ဟိုလူနဲ့ တွဲနေပြီ"

"ဘယ်သူနဲ့တုန်း"

"သြဘာ"

"ဘာရယ်"

"သြဘာဆို"

"ဟင်…ဘာနာမည်ကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟဲ့…ခစ်…ခစ်၊ နှင်ပြောလည်း ပြောစရာပဲ၊ အဲဒီ နာမည်ကြီး ငါ ရှင်းရှင်းနှီးနှီး ကြားဖူးပါတယ် ထင်နေတာ"

"ဘယ်မှာ ကြားဖူးလဲ"

"တီဗွီမှာပေါ့ဟဲ့၊ သြဘာ ခတ်မြေသြဇာလေ"

"ဩော်…ဟုတ်တယ်၊ တြံကြံဖန်ဖန် ဘယ်ကတဲ့လဲ"

"ဒီကပဲလေ၊ ငါတို့နဲ့ တစ်မေဂျာထဲ၊ ဖိုင်နယ်ကပေါ့။ နှင် သတိထားမိဘူးလား။ ဟို ပြိုင်ကားနီလေးနဲ့လေ မော်ဒယ် စတိုင်လ် နဲ့လူ"

"ဩော်"

သေချာသိတာတော့မဟုတ်။ ဒါပေမယ့် ရွှေပိုးအိမ် တစ်ခါလား၊ နှစ်ခါလား ဖျတ်ကနဲ သတိထားမိဖူးပါသည်။

သူ့ပုံစံက တကယ့်ကို ခေတ်ရေစီးကြောင်းမှာ ထိပ်ဆုံးက ပြေးနေသည့်ဟန် စတိုင်လ်နဲ့မို့ ထူးခြားထင်ပေါ်နေသဖြင့် ဘာရယ် မဟုတ် ကြည့်ဖြစ်လိုက်ခြင်းပါ။

ရွှေပိုးအိမ်က မိမိလည်း ခေတ်၏ သမီးပျိုဆိုပေမယ့် ကိုယ် ကျင့်သိက္ခာနှင့် ဂုဏ်ရွှေကို အလေးထားသူပီပီ ဘယ်တစ်မင်းယောက်ျား လေးတစ်ယောက်ကိုမှ စိတ်ဝင်တစား မကြည့်မိအောင် အမြဲ သတိ ထားပါသည်။





ကျောင်းပုရဝုဏ်ထဲမှာမို့ တစ်ခါတလေ မကြည့်လည်းဘဲ မြင်နေရတတ်တာမျိုး မဟုတ်ပါလား။

ခု ငုဝါပြောနေသောလူကို သူတကာတွေထက် ထူးခြား ပေါ်လွင်နေသူမို့ အမှတ်ရ သတိပြုမိခြင်းပင်။

ယမင်းနဲ့ ငုဝါတို့ ပြောနေတာကို ငြိမ်၍ နားထောင်နေမိ၏။

"တလောက ပြောနေကြသံတွေ ကြားတယ်မဟုတ်လား"

"ဘာလဲ"

"အဲဒီ ပုဂ္ဂိုလ်က ရည်းစားအရမ်းများတယ်လို့လေ"

"အဟင်း…ငုဝါရယ် ကိုယ်ပိုင်ကားလေးနဲ့ ကျောင်းလာ တက်တဲ့ သူဌေးသားဆိုတော့ ဝိုင်းဝိုင်းလည်နေမှာ မဆန်းဘူးလေ"

"အေးလေ…ဒါပေမယ့် ငါတော့ မကြိုက်ပေါင်"

"ဟဲ့…နင့်ကို သူက ကြိုက်နေလို့လား"

"အဟင်း…ဘယ်ကလာ၊ ကြိုက်လာသော်မှ ဆောရီးပါ၊ ရှင်ပဲ…သိလား"

"အေး…နင်ကသာ ဆောရီးနေ၊ အိန္ဒြာကိုက အပြတ်ကို ကြွေးဝါးနေပြီလေ"

"ဘာလဲ…သူဟာ နောက်ဆုံးရည်းစားဖြစ်ရမယ်ဆိုအော လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့...အံ့ပါရဲ့၊ ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုတဲ့ စကားကို သူ မကြားဖူးသေးဘူး ထင်ပါရဲ့"

"ဘာလို့လဲ၊ ကျည်တောက်ဖြုတ်တာနဲ့ အရင်အတိုင်း ပြန်ကောက်သွားမှာကိုလား"

"ဒါပေါ့၊ မျက်နှာများတဲ့လူဟာ မွေးရာပါ အကျင့်စရိုက် တစ်ခုအနေနဲ့ကို သေတဲ့အထိ ပွေသွားမှာ၊ အဲဒါကိုပဲ အထင်ကြီးနေတာ ရယ်စရာကြီး"

ရွှေပိုးအိမ်က နားထောင်ရင်း လိပ်ပြာမလုံသလို ဖြစ်လာရတာမို့...

"တော်ပါတော့ဟာ၊ တခြားအကြောင်းပဲ ပြောရအောင်၊ နင်တို့မှာ ဒီအကြောင်းပဲ ပြောစရာရှိနေလား။ တော်ကြာ အိန္ဒြာကိုက သူ့အကြောင်း ပြောနေမှန်းသိသွားရင် ဘဝင်ယယ်ထိပ်တက်ကပ်ပြီး အကျေနပ်ကြီး ကျေနပ်သွားလိမ့်မယ် သိလား"

"သူ မရှိပါဘူး ရွှေပိုးရဲ့၊ ခုချိန်ဆို ကင်တင်းမှာ ကယုကယ ကြင်ကြင်နာနာလေးတွေ လုပ်နေကြမှာပေါ့"

"နင်က ဘယ်လိုသိတုန်း"

"အံမာ...မကြားချင်မှအဆုံး။ အဲဒီအတွဲက တော်တော့ကို ကဲတာ"





"ကဲတယ်"

"အင်းပေါ့...ကင်တင်းမှာ အိန္ဒြာကိုက ဩဘာအတွက် ဆာနွေးလေး မှုတ်ပေးရတာနဲ့၊ အအေးမွှေပေးရတာနဲ့၊ မုန့်စားရင်လည်း သူကိုယ်တိုင် အချဉ် အင် အလေး အပေါ့ အနေတော်လေး မြည်းပေးရတာနဲ့၊ အမလေး...မျက်စိကိုနောက်ရော"

"ဟင်...အဲဒီလောက်ကို ရင်းနှီးသွားပြီလား။ ကျောင်းဖွင့်တာဖြင့် တစ်လမပြည့်သေးဘူး"

"ဟဲ့...အင်တာနက်ခေတ်လေ၊ သုံးနှစ်သုံးမိုး ပိုးစရာ မလိုတော့ဘူး၊ အချစ်ကို မိနစ်ပိုင်းလေးအတွင်း ဆုံးဖြတ် တစ်ပတ်အတွင်း အတွဲဖြစ်၊ အခန့်မသင့်ရင် တစ်လမပြည့်ခင် ကွဲသွားကြ၊ နောက်တစ်ယောက်ပြန်ရှာ၊ ဒါမျိုးတွေ ရိုးနေပြီ သိလား"

"ကြောက်စရာကြီး"

"ရွှေပိုးရယ်...ရှင်ကသာ ပုခုံးလေးတွန့်ပြီး ကြောက်စရာ ပြောနေ၊ ခေတ်မီတဲ့လူတွေက လောကကြီးမှာ နှစ်ယောက်တည်းပဲ ရှိတယ်ဆိုတဲ့ စတိုင်လ်တွေနဲ့ သွားလာလည်ပတ် ဘုရားပွဲလို ကြည်နူးပျော်ရွှင်ဖြစ်နေကြတာ"

"ဟင့်အင်း...ဒီနေရာ ဒီလိုကိစ္စမျိုးတွေမှာ ငါ ခေတ်မမီချင်ပါဘူးဟာ၊ မိန်းကလေးတို့ ဣန္ဒြေဆိုတဲ့စကား ဘယ်သွားထားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ဩော်၊ အဲဒါက ရှင့်လို ဤန္ဒြေ သိက္ခာတွေကို အသက်လောက် တန်ဖိုးထားတတ်တဲ့ မိသားစု အသိုင်းအဝိုင်း အတွက်တော့ မှန်တာပေါ့ ရွှေပိုးရယ်"

"မဟုတ်ပါဘူး…ငါက မိန်းကလေးတိုင်း ကိုယ့်ကိုယ်ကို တန်ဖိုးရှိရှိ နေစေချင်လို့ပါ"

"မတူဘူးလေ၊ မိသားစုဖွဲ့စည်းပုံ စရိုက် သဘာဝ ခ‌လေ့ ချင်းမှ မတူကြတာ။ တချို့ဆို အနောက်တိုင်းဆန်တာကို ခေတ်မီ တယ်ထင်ပြီး ဘီယာလေးစုပ်၊ အရက်ပါသောက်တတ်ကြတာ နင် သိသားနဲ့"

"သိတယ်လေ‥နောက်ဆုံးရလဒ်က အရှက်ရ ဘဝပျက် ကြတာပဲ မဟုတ်လား"

"ပျက်ကာမှ ပျက်ရော၊ အဲဒါမှ လူရာဝင်ဆန့်တာ၊ စတိုင်လ် ကျတာလို့ ထင်နေတဲ့လူတွေ အများကြီး"

"အင်းပေါ့လေ‥လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် အနေအထားချင်းမှ မတူကြတာဘဲ၊ ငါတော့ ဣန္ဒြေမဲ့တဲ့ အပြုအမူ မှန်သမျှ တတ်နိုင်သမျှ ရှောင်နိုင်အောင် အမြဲသတိထားတော့ မဆင် မခြင်နေတတ်တဲ့လူတွေကို မြင်ရင် အရမ်း အားမလို အားမ ဖြစ်မိတာပဲဟာ"





"ရွှေပိုးရယ် ရှင်က အရမ်း မြန်မာဆန်တဲ့ အဖွားနဲ့ အမေ တို့ရဲ့ ရင်ခွင်အောက်မှာ ဗိုင်းကောင်းကျောက်ဖိလေး နေရတော့ အခု မြင်နေရတဲ့ ပုံစံတွေကြည့်ပြီး အံ့ဩစိတ်ပျက်နေတာ မဟုတ်လား"

"အင်း….ဟုတ်မယ်ထင်တယ်"

"မဖြစ်နဲ့‥သူ့လမ်း သူလျှောက်၊ ကိုယ့်လမ်း ကိုယ်သွားပဲ၊ ငါတို့အတွက် ယူတတ်ရင် သင်ခန်းစာရော သံဝေဂပါ အများကြီး ရနိုင်တာ မဟုတ်လားလို့"

"သံဝေဂ…"

"အင်းပေါ့၊ ဩော်…မိန်းကလေးတချို့ ခေတ်ဒီဇိုင်းဆိုပြီး ကိုယ့်ရုပ်နဲ့ လိုက်မှန်းမသိ၊ မလိုက်မှန်းမသိ စတိုင်လ်ထုတ် ဝတ်နေ ကြတာ သနားစရာကောင်းသလို ကောင်လေးချောချောမြင်ရင် နန့်နန့် နန့်နန့်နဲ့ ရှုပိုးတိုးသလို ဣန္ဒြေမဆောင်နိုင်အောင် ဖြစ်နေကြတာတွေ ဘယ်လောက် အထင်သေးစရာကောင်းလဲလို့။ အဲဒါတွေမြင်တာနဲ့ တင် ကိုယ်မဖြစ်မိအောင် နေချင်တဲ့စိတ်ကလေးဝင်လာတာ သင်ခန်းစာ မဟုတ်လား။ သံဝေဂကတော့ ဩော်…အိမ်က မိဘတွေက ကိုယ့် သားသမီး တက္ကသိုလ်မှာ စာသင်နေတယ်လို့ပဲမှတ်မယ်။ ငွေကို ရေလိုသုံးပြီး ကျောင်းလစ်ကြ၊ လျှောက်လည်ကြ လုပ်နေတာ ဘယ်လောက် သံဝေဂ ရစရာကောင်းလဲလို့"



www.burmeseclassic.com

"ယမင်း"

"ဘာတုန်း"

"နင်···သီလရှင်တော့ မဝတ်လောက်ပါဘူးနော်"

"ပြောလို့ရမလားဟဲ့၊ ကျောင်းပြီးရင်တော့ တရားချောင် ဝင်ချင်ဝင်မှာပေါ့···အဟင်း"

"ဝင်လေ···အဲဒီကျ ငါ ပစ္စည်းလေးပါး ဒကာမ လုပ်ပေးမယ် သီလား"

"တကယ်လား ရွှေပိုး"

"အို···တကယ်ပေါ့···ကုသိုလ်ရတယ်လေ"

"အင်းပါ···အင်းပါ၊ ရှင်ကတော့ ကုသိုလ်ရမယ်။ လောလောဆယ် အိန္ဒြေကိုတော့ ကိုကို ရနေပြီ ခစ်···ခစ်"

"ဟဲ့···တော်တော့ လာနေပြီ"

ငုဝါပြောသဖြင့် ယမင်းက စကားလမ်းပြောင်းကာ···

"ဟဲ့ လာမယ့်ဆန်းဒေးမှာ ရှိုးပွဲတစ်ခုရှိတယ်၊ သွားကြည့်ကြမလား။ ငါ လက်မှတ်ယူထားမယ်"

"ဘယ်မှာလဲ···ဘာရှိုးလဲ"

"ထရိတ်ဒါးမှာ···အဝတ်အစားနဲ့ ရတနာဖက်ရှင်တဲ့ နာမည်ကြီး မော်ဒယ်တွေပါမှာ"





"အင်း···ကြည့်မယ်လေ၊ ဝါသနာပါတယ်။ သွားမယ်နော် ရွှေပိုး"

"သွားမယ်လေ၊ အိမ်ကို ပြောထားမယ်။ နင်တို့ လာခေါ်မယ် ဟုတ်လား"

"ခေါ်မယ်၊ ဟဲ့···ရတနာဆိုနင့်မေမေ စိတ်ဝင်စားမလား။ အန်တီ့အတွက်ပါ လက်မှတ်ယူလိုက်ရမယ် ထင်တယ်"

"နေဦး···ငါ မေးပြီးမှ ပြောမယ်လေ"

မေမေက ရတနာ အရောင်းအဝယ်လုပ်သူမို့ ယမင်းက သတိတရ ပြောခြင်းဖြစ်၏။ ငုဝါက···

"ဒါဆို ငါ့မေမေလည်း ခေါ်ရအောင်ဟာ၊ လူကြီးတွေပါတော့ ပိုပြီးကောင်းတယ်လေ"

"ကဲ···ဒါဆို ငါလည်း မေမေ့ကို မေးကြည့်ပြီး လိုက်မယ်ဆိုရင် လက်မှတ်တစ်ခါထဲ ဝယ်လိုက်တော့မယ်၊ ကောင်းတယ်ဟဲ့၊ လူကြီးသုံးယောက်ပါတော့ ပိုတောင် ဂုဏ်ရှိနေသေးတယ်။ ငါတို့အမေတွေကလည်း ခေတ်မီတဲ့အမေတွေဆိုတော့ သဘောကျ သိမ့်မယ်"

ယမင်းအမေက ပွဲစား၊ ငုဝါအမေက အကောင်းစား ဒါတိတ်ဆိုင်ကြီးနဲ့ ဖြစ်၏။ ထိုစဉ်···

www.burmeseclassic.com



နောက်ခုံတန်းမှ ဝင်ထိုင်လာသော အိန္ဒြာကိုတို့ဆီမှ စကားသံတွေ ထွက်လာပါတော့၏။

"အိန္ဒြာ မှန်မှန်ပြောစမ်း၊ ဘယ်တွေ လျှောက်လည်ကြသလဲ"

"အစုံပေါ့ဟဲ့…ဈေးရော၊ ကစားကွင်းတွေရော၊ စားသောက်ဆိုင်တွေရောပဲ"

"ပျော်လား"

"သိပ်ပျော်…ကိုကိုက အရမ်းကြင်နာတတ်တာ သိလား"

"ဟုတ်လား…နင့်ကို အကြင်နာတွေ ပေးတယ်ပေါ့လေ ခစ်…ခစ် ငါတောင် ရင်ခုန်ချင်လာပြီ"

"ရင်မခုန်နဲ့ ကိုကိုက နင်ထင်သလို မဟုတ်ဘူးဟဲ့ သိလား"

"ဟင်…ဘာလို့လဲ"

"ပြောရင် ယုံချင်မှ ယုံမယ်"

"ဘာကိုတုန်း"

"နင်တို့ ဘယ်လိုထင်နေလဲဟင်"

"ဟင်…ဘာလဲ အိန္ဒြာ"

"ကိုကိုနဲ့ ငါ ခုလို လျှောက်လည်ပတ် စားသောက်ကြတဲ့ အချိန်တွေမှာပေါ့၊ ဘာလုပ်မယ် ထင်လဲလို့"





"ဟဲ့…ချစ်သူတွေပဲ လက်ကလေးကိုင်မယ်။ ပါးကလေး မမ်းမယ်ပေါ့၊ ဘာလဲ ချူတောတိုးခဲ့သေးလို့လား မိန်းမ"

"လုံးဝ မဟုတ်ဘူး"

"ဟင်…ဘာရယ်"

"ကိုကိုက ငါ့လက်ကိုတောင် မကိုင်ဘူး သိလား"

"ဟင်…တကယ်ဟုတ်ရဲ့လား အိန္ဒြာရယ်"

"အေး…အဲဒါကြောင့် ယုံချင်မှယုံလို့၊ သူ့စတိုင်လ်နဲ့ သူ့စိတ်ဓာတ်နဲ့ တခြားစီဟဲ့၊ ဘယ်လောက် အထင်ကြီးစရာကောင်းလိုက်သလဲလို့"

"ဟင်…ပျင်းစရာကြီး ဖြစ်နေမှာပေါ့"

"မဖြစ်အောင် ငါ လုပ်ရတယ်လေ"

"ဟင်…ဘာကိုတုန်း"

"အဟင်း…ဘယ်ရမလဲ ကိုကို့လက်မောင်းကို မလွှတ်တမ်း ဖမ်းတွဲထားလိုက်တာပေါ့"

"ဟောတော်…အိန္ဒြာရယ်၊ ရှင်ကတော့ လုပ်လိမ့်မယ် ဆိုတယ်"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

သား အခန်းရှေ့မှ ဖြတ်သွားစဉ် အဆက်မပြတ် မြည်နေသော အိပ်ရာပေါ်မှ သား၏ ဟန်းဖုန်းလေးကို မြင်လိုက်ရသဖြင့် ဒေါ်မြသီတာ အသာဝင်လာကာ ကောက်ကိုင်လိုက်၏။

တွဲရက် ရေချိုးခန်းထဲမှ ရေကျသံကြားရ၏။

"ဟုတ်ကဲ့…ဘယ်သူများလဲရှင်"

"ဟင်…ကိုကို မဟုတ်ဘူးလား၊ ခုပြောနေတာ ဘယ်သူလဲ၊ အိမ်ဖော်လား…ကိုကိုဘယ်သွားလဲ ကိုကိုမရှိဘူးလား"

မေးသံ ဒလစပ်နှင့် စွာစွာစူးစူး မိန်းကလေးသံကြောင့် ဒေါ်မြသီတာ သက်ပြင်းလေးအသာချကာ ပုံမှန်သံဖြင့် ခပ်အေးအေးပင် ပြောလိုက်လေသည်။





"သားရဲ့မေမေပါကွယ်၊ သား ရေချိုးနေလို့ တော်ကြာမှ ပြန်ဆက်လိုက်ပါကွယ်"

ပြောပြီးပြီးချင်း ဖုန်းကို အသာပြန်ပိတ်လိုက်လေသည်။

ဘယ်က မိန်းကလေးပါလိမ့်။

အပြောအဆိုတွေက မောက်မာလိုက်တာ။

သားကိုလည်း ကိုကိုတဲ့။ အင်း…သားရဲ့ ရည်းစားပေါ့။

လူကြီးသူမတွေအပေါ် ဒီလို အချိုးမျိုးရှိတဲ့ မိန်းကလေးကို သားက ဘာကိုများ သဘောကျနေပါလိမ့်။

ခေါင်း မသိမသာရမ်းမိပါတော့၏။

တစ်ဦးတည်းသော သားမို့ မိမိတို့ အလွန်ချစ်ပါသည်။ ငယ်ငယ်ကတည်းက ဖူးဖူးမှုတ်အလိုလိုက်ကာ ဘယ်တော့မှ ဆူပူဆန့်မဲခြင်းတွေ မရှိခဲ့ဘူးပါ။

သားကလည်း လိမ္မာသည့်သားပါ။

မိဘအပေါ် ဘယ်တုန်းကမှ စိတ်ဆိုးအောင်၊ သောကဖြစ်အောင် မလုပ်ခဲ့ဘူးချေ။

လွတ်လပ်စွာ သွားလာ လည်ပတ်မည်။

ပစ္စည်း အသုံးအဆောင် အဝတ်အစား ဖိနပ် လှလှလေးတွေ ဝယ်မည်။



www.burmeseclassic.com

www.burmeseclassic.com



စားကောင်းသည့်ဆိုင်တွေမှာ သူငယ်ချင်းတွေနှင့်လည်ပတ် စားသောက်မည်။

ဘီယာ၊ အရက်၊ ဆေးလိပ်၊ လုံးဝကင်းရှင်းသည့်သား မိမိတို့ကလည်း စိတ်ချ လက်ချပင် တောင်းသလောက်ပေး၏။

မကောင်းတာ မဟုတ်တာတွေ မလုပ်မှန်းသိထားသဖြင့် လွတ်လပ်ပျော်ရွှင်စွာ သား၏ နေထိုင်မှု အခွင့်အရေးမှန်သမျှကို မိဘမေတ္တာ ကြည်ဖြူကျေနပ်စွာဖြင့် အပြည့်အဝ ခွင့်ပြုပေးထားခဲ့ပါသည်။

သားမှာ သူငယ်ချင်းအပေါင်းအသင်းတွေလည်း အလွန်များလေသည်။ ချစ်သူခင်သူ ပေါသော သားအတွက် မိမိတို့လည်း ပီတိ တဝေဝေ ရှိရပါ၏။

စောစောက မိန်းကလေးကို စိတ်ဝင်စားသွားရပြီမို့ သားခုတင်ပေါ် အသာထိုင်ကာ စောင့်နေမိသည်။

သိပ်ပင် မကြာပါ။

ရေချိုးခန်းလေးဖွင့်ကာ ထွက်လာသော သားက သူ့ခုတင်ပေါ် ငုတ်တုတ်လေးထိုင်နေသော မိခင်ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့သြသွားရကာ ရေစိုနေသော ခေါင်းမှ ဆံပင်တွေကို သဘက်ပွလေးနှင့် အသာပွတ်သုတ်ရင်း မေးတော့၏။





"ဟင်း…မေမေ၊ သားကို စောင့်နေတာလား၊ ကိစ္စရှိလား မေမေ၊ ဘာခိုင်းမလို့လဲ"

"မခိုင်းပါဘူး သားရယ်၊ သား အပြင်သွားမလို့လား"

"ဟုတ်ကဲ့…နန္ဒတို့နဲ့ ချိန်းထားလို့"

"ဈေးလား…"

"ဟုတ်ကဲ့…သားမှာ ဝယ်စရာလေးတွေ နည်းနည်းရှိလို့ မုန့်ဖိုး ပိုပေးနော် မေမေ"

"ဘာဝယ်မှာလဲ သား၊ အဝတ်အစားလား"

"မဟုတ်ဘူး…ဂျယ်လီစပရေးနဲ့ ရှီးအွန်ရယ်၊ ခါးပါတ်နဲ့ နာရီလေးလည်း ကြည့်မယ်"

"ဘယ်လောက် ယူမလဲ သား"

"သားမှာ နည်းနည်းရှိသေးလို့ ငါးသောင်းလောက်ဆို ရပြီ မေမေ၊ မေမေရော မှာစရာရှိလား၊ မှာလိုက်လေ၊ သား ဝယ်လာခဲ့မယ်"

"မရှိပါဘူးကွယ်၊ ဪ…သားဖေဖေအတွက် ခေါင်းလိမ်းဆီနဲ့ ကိုယ်လိမ်းပေါင်ဒါလေး ကုန်ခါနီးနေပြီ၊ ဝယ်လာနော်"

"ဟုတ်ကဲ့…မေမေ"

သားက စကားပြောရင်း မျက်နှာပေါ်မှာ ခရင်မ်ပါးပါးလေး



www.burmeseclassic.com

www.burmeseclassic.com



လိမ်းနေတာမို့ စောစောလေးက ဖုန်းဆက်လာသည့်ကိစ္စကို မေးရှိ အရှိန်ယူလိုက်၏။

"ဟို..."

"တီ..တီ..တီ..တီ"

ဟန်းဖုန်းလေးက ရုတ်တရက် မြည်လာပြန်သဖြင့် စမည့် စကားလည်း အလိုလိုတန့်သွားရကာ သားကိုလှမ်းပေးလိုက်ရ၏။ ဖုန်း လေးဖွင့်ကာ သားပြောနေသံကိုပင် အသာ နားစွင့်ထားမိပါတော့၏။

"ဟုတ်ကဲ့...ဩဘာ ပြောနေပါတယ်"

"××××"

"ဩော်...အိန္ဒြာ ပြော"

"××××"

"အင်း...ဟုတ်တယ်၊ ကိုယ့်မေမေ ဘာဖြစ်လို့လဲ"

"××××"

"အဟင်း...အိန္ဒြာက ဒီလိုမေးတော့ မေမေက ဘာပြန် ပြောလိုက်သလဲ"

ပြောရင်း သားက မိမိကို ဖျတ်ကနဲ တောင်းပန်မျက်ဝန်း လေးနှင့် ကြည့်လိုက်တာကို နားလည်ဟန်ဖြင့် ယဲ့ယဲ့လေး ပြုံးပြ လိုက်ရ၏။





ဩော်...သားခမျာ သူ့ကောင်မလေးကြောင့် မိခင်ကို အားနာနေပုံ မဟုတ်ပါလား။

သား ဆက်ပြောလိုက်သည့် စကားတွေက...

"အဲ့ဒါပဲ အိန္ဒြာ..ကြားတဲ့အတိုင်းပဲ၊ မေမေက အရမ်းကို သိမ်မွေ့အေးဆေးတာကွ၊ မင်းရိုင်းပေမယ့် မေမေ့တုန့်ပြန်မှုက မင်းလို မဟုတ်ဘူးဆိုတာ သဘောပေါက်ရင် နောက်ထပ် မရိုင်းမိအောင် ကြိုးစားပေါ့ကွာ ဟုတ်လား"

"××××"

တစ်ဖက်မှ ဘာတွေပြောနေမှန်း မသိ။

သားက အင်း..အင်း လိုက်ကာ နားထောင်နေပြီးမှ...

"ရပါတယ်...ကိုယ် ဘာမှ မဖြစ်ပါဘူး၊ မင်းလည်း မင်းသဘာဝ၊ မင်းစရိုက်အတိုင်း ပြောဆိုတတ်တာ ကိုယ် နားလည် ပါတယ်"

"××××"

"အခုလား"

"××××"

"ဟာ..ကိုယ် မအားဘူး၊ နန္ဒတို့နဲ့ ချိန်းထားတယ်"

"××××"



www.burmeseclassic.com

www.burmeseclassic.com



"အင်း… နက်ဖြန် ဆန်းဒေးပဲ၊ အားပါတယ်"

" × × × × "

"အဟင်း…ဆောရီးပဲကွာ၊ ကိုယ် အဲဒီလို သူများအိမ်မှာ ညည့်သည်သွားလုပ်ပြီး ထမင်းစားဖို့ ဝါသနာမပါဘူး အိန္ဒြာ"

" × × × × "

"ဟုတ်လား…ကိုယ် မတွေ့ချင်သေးဘူးကွာ၊ ဖြေးဖြေးပေါ့၊ အချိန်တွေ အများကြီး ရှိပါသေးတယ်"

" × × × × "

"ဟာ…ဘယ်ဖြစ်မလဲ၊ ကိုယ်က သူငယ်ချင်းတွေကို အိမ်ခေါ်တတ်တဲ့အကျင့် မရှိဘူးကွ"

" × × × × "

"ရည်းစားတွေဆို ပိုတောင် မခေါ်သေးဘူး၊ မေမေ မျက်စိနောက်မှာစိုးလို့"

" × × × × "

"ဟာ… အမေပဲ…ချစ်တာပေါ့၊ လောကမှာ အချစ်ဆုံးပဲ အဟင်း"

" × × × × "

"အိုကေ…ကောင်းပြီ"





သားက ဖုန်းကိုပိတ်ပြီး မေးပါတော့၏။

"ခုနက ဖုန်းလာလား မေမေ"

"ဟုတ်တယ်…ဘယ်ကလဲသား"

"ကျောင်းကပါ၊ အိန္ဒြာကိုတဲ့…အဟင်း…သူမေးတာ လွန်သွားမှန်းသိလို့ တောင်းပန်နေတာလေ၊ မေမေ စိတ်အနှောင့်အယှက် ဖြစ်သွားလား"

သားအမေးကို သူမ ပြုံး၍ ဖြေလိုက်ပါသည်။

"နည်းနည်းပါကွယ်…သားချစ်သူပေါ့ ဟုတ်လား"

"အပျော်တွဲတာပါ မေမေရာ၊ ယူဖို့အထိ မစဉ်းစားပါဘူး"

"သား…မေမေ ပြောမယ်ကွယ်"

"ဟုတ်ကဲ့"

"မေမေ ပြောဖို့ချိန်နေတာ ကြာပြီလေ"

"ဗျာ…ပြောပါ မေမေ"

"သားမှာ ရည်းစားတွေ သောက်သောက်လဲ ထားပုံရတယ် ဟုတ်ရဲ့လား"

မိမိအမေးကြောင့် သားက ရှက်ရယ်လေးဖြင့်…

"သားက အားလုံးကို အပျော်ပဲ တွဲတာပါမေမေ၊ ဘယ်သူ့ကိုမှ မနစ်နာစေပါဘူး၊ လည်ပတ် စားသောက်ရုံလေးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သား"

"ဗျာ"

"မိန်းကလေးတစ်ယောက်ကို အပျော်လို့ သဘောထားတာ ကောင်းတယ် ထင်လားဟင်"

"ဟို..ပြဿနာ မရှိပါဘူး မေမေရာ၊ ပျော်ပျော်ပါပဲ ကျေကျေနပ်နပ်ပါပဲ"

"သားရယ်...အဲဒါက သားအထင်ကိုး"

"ဟင်...ဘယ်လိုမေမေ"

"သားမှာ အစ်မရော၊ နှမပါ မရှိဘူးဆိုတော့ အမနာပ ပြောချင်တယ်ဆိုရင်တောင်မှ နှမချင်းမစာဘူးလို့ အပြောခံရမှာပဲ ကွယ်"

"ဟာဗျာ...မေမေရာ၊ သားက အဲဒီလို အပြောခံရအောင် ဘယ်သူ့ကိုမှ မထိခိုက်စေခဲ့ပါဘူးဗျာ၊ တကယ်ပါ..မေမေ၊ သား တကယ်ပြောတာ သိလား"

"အင်းပါ...မေမေ ယုံပါတယ်၊ ဒါပေမယ့် သားရယ် မေမေတို့ မိန်းမသားတွေရဲ့သဘာဝကိုက ယဉ်ကျေးမှုဓလေ့အရ မိန်းကလေးကစပြီး ချစ်ရေးဆိုခွင့်၊ ချစ်သူရွေးခွင့် မရှိဘူးလေ၊ တစ်ဖက်က စလာတော့မှ ရွေးခွင့်ရှိရတာမျိုးဆိုတော့ ကမ်းလာတဲ့





သက်ကို ကိုယ့်ဘက်က သေချာပြီဆိုတော့မှ ပြန်ပြီး ဖမ်းဆုပ်ရတဲ့ အချိန်မှာ မိန်းမသားအများစုရဲ့ဆန္ဒတွေက အတူတူပါပဲကွယ်"

"ဘာလဲ မေမေ"

"ဒီလူဟာ ကိုယ့်ဘဝအတွက် ရာသက်ပန် လက်တွဲဖော် ယ်လို့ နားလည်ခံယူပြီး အဖြေပေး လက်ခံတာမျိုးပေါ့"

"မေမေကလဲ...ချစ်သူဖြစ်ပြီးမှ သူ့ဆီမှာ ကိုယ်မကြိုက် တဲ့ အကျင့်စရိုက်လေးတွေ ရှိနေတာ သိရက်နဲ့တော့ သား စိတ် ညစ်ခံပြီး လက်မတွဲချင်ပါဘူးဗျာ"

"ဒီတော့...ဖြတ်လိုက်ရောလား"

"အဟင်း... သူ့ ကျေနပ်လက်ခံအောင် မဖြစ်နိုင်တဲ့ အကြောင်း ပြောရတာပေါ့မေမေရာ"

"ကဲ...အဲဒီတော့ သားမှာသာ ရည်းစားတွေ တစ်ယောက် ီးတစ်ယောက် များများလာတာ ဘာအကျိုးရှိလဲ သား"

"မိန်းကလေးတွေရဲ့ စရိုက် သဘာဝ အကျင့်တွေကို သိ င့်ရတာပေါ့ဗျာ"

"ကဲ...သိပြီပဲထားတော့၊ သား တကယ် နှစ်သက်စုံမက် ပြီး မြတ်မြတ်နိုးနိုးလေး လက်ထပ်ချင်တဲ့ မိန်းကလေးကို တွေ့ သိုပါတော့..ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ပြောသလိုပေါ့၊ ယောက်ျားလေးကစပြီး ချစ်ခွင့် ပန်မယ်၊ လက်ထပ်မယ်ပေါ့…ဘာခက်လို့လဲ မေမေရာ"

"အဟင်း…ဟင်း သားက လွယ်လွယ်လေး တွေးတာ ကိုး"

"ဗျာ..မေမေ"

"ရည်းစားများတဲ့ သားရဲ့အကြောင်းကို သူသိနေလို့ သူ့ကို လည်း တခြားမိန်းကလေးတွေလိုပဲ အပျော်တွဲလိမ့်မယ်လို့ ထင်ပြီး လက်မခံဘူးဆိုရင်ကော"

"ဟင်.. ယုံအောင် ပြောမှာပေါ့၊ အဲဒီလို ခက်တာရှိမှာလား မေမေ"

"အင်း…သားက အခက်အခဲ လုံးဝမရှိဘဲ မိန်းကလေး တွေရဲ့ တုန့်ပြန်မှုတွေကို ရခဲ့တာကိုး၊ တကယ် တွေးခေါ်မျှော်မြင် စဉ်းစားတတ်တဲ့ မိန်းကလေးဆိုရင်တော့ ခက်လိမ့်မယ်"

မေမေ့စကားကို သူ သဘောကျစွာ ပြုံးလိုက်ပြီးမှ ပြော လိုက်လေသည်။

"ဩဘာရဲ့ ရာဇဝင်မှာ အငြင်းခံရတဲ့ဝါကျ လုံးဝ မရှိ ဘူး မေမေရာ"



# အခန်း (၈)

သူ မေမေ့စကားတွေကို နန္ဒတို့နှင့် တွေ့တော့ ဘာရယ် မဟုတ်၊ ပြောပြလိုက်၏။

နန္ဒက ထောက်ခံဟန် ပြောလိုက်ပုံက…

"ဟုတ်တယ်ကွ…မင်းအမေပြောတာ ဖြစ်နိုင်တယ်"

သူ ရယ်စရာ ဖြစ်သွားရစွာ…

"အဟား…ဘာလဲနန္ဒ၊ မင်းကပါ ငါ့ကို ခြိမ်းခြောက်နေ တာလား"

"ခြိမ်းခြောက်တာ"

"အေးလေ…ရည်းစားများတာ မကောင်းဘူးလို့ ဆိုလိုချင် တာပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မဟုတ်ပါဘူးကွာ၊ ကောင်းမကောင်း မင်း
ငါ့ထက် ပိုသိမှာပေါ့ကွ"

"ပျော်စရာကောင်းတယ်ကွ၊ အဟဲ…"

"အေး…အဲဒီပျော်စရာကနေ စိတ်ညစ်စရာ ဖြစ်သွားမှာ
စိုးလို့ မင်းအမေက သတိပေးတာနေမှာ"

"သတိပေးတာ"

"အင်း…မင်း တကယ် ကြိုက်မယ့်ကောင်မလေးကျ
နေမှာစိုးလို့ပေါ့"

"အံမာ…ဘာလို့ကန့်ရမှာလဲ၊ မေမေက သူ့သားငယ် ဘ
လောက်စွံသလဲဆိုတာ သိမှ မသိတာ"

မိုးထက်က သူ့စကားကို ခေါင်းတညိတ်ညိတ် ရှိသွားရ
မှ…

"ဟုတ်တယ်ကွ၊ ဒီကောင့်စန်းက မိန်းမနဲ့ပတ်သက်
ပြီးတယ်လို့ပဲ ပြောရမလိုဖြစ်နေပြီ၊ လိုက်သမျှ ကောက်ကာ
လွယ်မှလွယ်"

"အဲဒါတော့ အမှန်ပဲ၊ ခု ကြည့်ပါလား၊ ယောကျ်ားလေ
တွေကို မတူမတန် စတိုင်နဲ့ မော့ခါနေတဲ့ အိန္ဒြာကိုလို မာနခဲလေး
ကတောင် ဩဘာနဲ့တွေ့လိုက်တာနဲ့ အရည်ပျော်သွားတာပဲ"





"အဲဒါကြောင့် ငါ ပြောတာပေါ့ကွ"

"ဘာလဲ"

"လောကမှာ ဩဘာကို မကြိုက်ဘူးဆိုတဲ့ မိန်းကလေး
မွေးသေးပါဘူးကွာလို့"

"အဟား…ဟား…အေးပေါ့ကွာ၊ အေးပေါ့၊ မင်းက ပြော
ရှိနေမှကိုး၊ ပြောတော့…ပြောတော့"

"ခုတောင်မှ အိန္ဒြာက ငါ့ကို ဖုန်းဆက်ခေါ်နေတာကွ၊
မင်းတို့နဲ့ ချိန်းထားတယ်ဆိုပြီး မသွားတာ"

"ဘယ်လဲကွ"

"သူ့အိမ်ကို"

"သူ့အိမ်"

"အင်း"

"အလာလာ…ပိုင်လှချည်လားကွာ"

"ထမင်းကျွေးချင်လို့တဲ့"

"မင်းကလဲ…သွားလိုက်ရောပေါ့"

"ဘာလို့သွားရမှာလဲ"

"ဟာ ထမင်းကျွေးတာပဲ၊ အဆိပ်ကျွေးတာမှ မဟုတ်တာ၊
ဘာကြီးကျယ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ကြီးကျယ်တာ မဟုတ်ဘူးကွ၊ အန္တရာယ်ကို လိမ္မာပါးနပ်စွာ ရှောင်တာ”

“ဟင်…ဘာကိုတုန်း”

“စဉ်းစားကြည့်လေ”

“အင်း”

“သူ့အိမ်သွားတော့ သူ့အိမ်က လူတွေနဲ့ တွေ့မှာပေါ့ကွ”

“အေးလေ…တွေ့တော့ ဘာဖြစ်လဲ”

“ဟာ…ဒုံးဝေးနေပြန်ပြီ၊ ငါက သူ့ကို အတည်မှ မဟုတ်တာ၊ အပျော်တွဲတာပဲ၊ လူကြီးတွေနဲ့ ဘာသိစရာလိုလဲ၊ အလကား အပိုင်ဖမ်းလို့ရအောင် လှည့်ချည်တာမျိုး…ဘာရမလဲ”

“ဒီတော့…မင်း ဘယ်လိုပြောလိုက်လဲ”

“ငါ အဲသလို သူများအိမ်မှာ ထမင်းမစားတတ်ဘူးလို့”

“အင်း… ဒီတော့…”

“သူက… သူများလားတဲ့”

“အင်း…အင်း၊ လာတာ…လာတာ”

“ဒါဆို… သူ ငါတို့အိမ် လာလည်မယ်လေတဲ့”

“အာ…လာ…လာ၊ အလာကြီးပဲကွ”

“ငါ ဘာပြောလိုက်တယ်မှတ်သလဲ”



“အင်း…ဘာလဲ”

“ငါက သူငယ်ချင်းတွေတောင် အိမ်အလည် ခေါ်တတ်တဲ့ အကျင့်မရှိဘူး၊ ရည်းစားတွေဆို ပိုတောင် မခေါ်သေးဘူးလို့”

“အဲဒီတော့…”

“ဘာလို့လဲတဲ့”

“မေမေ မျက်စိနောက်မှာစိုးလို့ ပြောတော့ ကိုကိုက အမေကို သိပ်ချစ်တာပဲလားတဲ့…အဟင်း…”

“မလွယ်ဘူးနော်… စမ်းတာ…စမ်းတာ၊ ဒီတော့ မင်းက…”

“အဟင်း…လောကမှာ အချစ်ဆုံးပဲလို့ ပြောလိုက်တာ ”

“ကောင်းရောကွာ…ဒီတော့”

“သားလိမ္မာလေးပေါ့နော်တဲ့”

“အဟား…ဟား…ဟား… အဲဒါ မင်းသိလား ဩဘာ”

“ဘာလဲ”

“အားစမ်းတာကွ၊ အားစမ်းတာ”

“ဟုတ်လား…မနိုင်မှန်းသိတော့ လျှော့လိုက်တဲ့ သဘော အဟင်း…ဟင်း”

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ကွ..ဩဘာကို လာစမ်းလို့ ဘယ့်ရမလဲ"

"မိန်းမတွေက အဲဒါပဲကွ"

"ဘာလဲ"

"သူတို့ကို ချစ်တယ်ဆိုတာနဲ့ အခွင့်အရေးတွေ တောင်းမယ် စွက်ဖက်မယ်၊ ညွှန်ကြားချုပ်ချယ်မယ်၊ ဩဇာမာလကာတွေ ပေးမယ်...အဲဒါပဲ"

"ငါ့တော့ လာမလုပ်နဲ့၊ ပျင်းတောင် ပျင်းသေးတယ်ကွာ၊ ပျော်ချင်လို့ ရည်းစားထားတာ၊ အဲလို ပစိပစပ်များလာရင်လား ရှောင်းပဲ"

"အိန္ဒြာကို ကိုတော့ မင်း ဘယ်လိုမှ မခံစားရဘူးလားကွ ဟင်"

"ဘာကိုလဲ"

"ချောချော သွက်သွက်လေးဆိုတော့ မင်း အတည်ဖြစ်သွားနိုင်ချေ ရှိတယ်လေ၊ သူ့ဘက်ကရောင်းကလည်း မဆိုးဘူးဟုတ်လား၊ သူ့ကြည့်ရတာ မင်းကို တကယ်ကြွေနေတာကွ"

"ဟင့်အင်း...မကြိုက်ဘူး"

"ဟင်..ဘာလို့လဲ"

"မောက်မာလို့"





"မင်းအပေါ် ဒီလောက် အောက်ကျို့တာကွာ"

"အဲဒါ လိုတစ်မျိုး မလိုတစ်မျိုး စရိုက်လေ၊ သူ့ပင်ကိုယ်အသွင်စစ်စစ်မှ မဟုတ်တာ၊ ငါ့ကိုကြိုက်လို့ အခု သူ ကောင်းနေပေမယ့် ယူပြီးမှ ပြောင်းလဲသွားရင် မခက်လား"

"ဟ..မင်းက အဲဒါလည်း တွေးတတ်တာပဲလား"

"ဟာ..တွေးတာပေါ့၊ တစ်နေ့ကျ မိန်းမယူမှာ အမှန်ပဲဟာ"

"ဩော်...ဩဘာ..ဩဘာ"

နန္ဒ တရားကျသံနှင့် ညည်းတော့ သူက...

"ဘာလဲကွ"

"ငါ သိချင်လို့ပါကွာ"

"ဘာကိုလဲ"

"မင်းယူမယ့် မိန်းကလေးက ဘယ်လိုပါလိမ့်"

"ချောရမယ်ကွာ"

"အင်း...ပြီးတော့ရော"

"ပညာတတ် ဘွဲ့ရဖြစ်ပြီး ထမင်းဟင်း ချက်ပြုတ်တတ်ရမယ်၊ အိမ်မှုကိစ္စ ကျွမ်းကျင်နိုင်နင်းရမယ်"

"ဟာ...မင်းဟာက ခုခေတ်မှာ အဲဒါမျိုး ရှားသွားပြီကွ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ဘွေးသမီးမှ အိမ်မှုကိစ္စတွေ မလုပ်တော့ဘူး၊ အိမ်ဖော်
လုပ်ကြတာ"

"အေးလေ…အိမ်ဖော်ကို သူက ဦးဆောင်ကြီးကြပ်စီး
ညွှန်ကြားနိုင်တဲ့ အရည်အချင်းပေါ့၊ မလုပ်ချင်နေမယ်၊ လုပ်တတ်
နေမှ သူများကို ဆရာလုပ်လို့ရမှာလေ"

"အင်း…အင်း… ထားတော့၊ ဒါပဲလား"

"ရှိသေးတယ်၊ ဆက်ဆံရေး လိမ္မာယဉ်ကျေးပြီး သွက်
လက် ပါးနပ် ဝင်ဆန့်ရမယ်"

"အဲဒါက…"

"တချို့ရှိတယ်ကွ၊ ချောပေမယ့် ပညာတတ်ပေမယ်
ထမင်းချက်တတ်ပေမယ့် စကားနည်းလွန်း ရိုးရိုးအေးအေး နှုတ်လေး
လွန်းရင်လည်း မကြိုက်ဘူးကွ"

"သြော်…သြော်…သိပြီ၊ အချိန်အခါ အခြေအနေကြည့်
ပြီး အကင်းပါးရမယ်၊ ဘရိုက်ဖြစ်ရမယ် ဒီလိုလား"

"ဟုတ်တယ်"

"ကဲ…ဒါဖြင့် ငါ တစ်ခုမေးမယ်ကွာ"

"ဘာလဲ…မေး"

"မင်းပြောတဲ့ အရည်အချင်းတွေ အားလုံးတော့ ရှိနေ





ယ်ပ့ ဟို မင်းလို မချမ်းသာဘူးကွာ၊ ဆင်းရဲနေတယ်ဆိုရင်ကော"

"အင်း…အဲဒါလည်း ငါ တွေးထားပြီးသား"

"ဘာကိုလဲ"

"မချမ်းသာရင်နေပါစေ၊ အရမ်းကြီး မဆင်းရဲရဘူး"

"အလယ် အလတ်လောက်လား"

"အင်း"

"ကဲ…အရမ်းကို ဆင်းရဲတယ်ကွာ၊ မိဖ အသိုင်းအဝိုင်းက
အစ ဟို…ဟို အရမ်းနိမ့်နေမယ်ဆိုရင်ကော…"

"ဆောရီးပဲပေါ့"

"ဟင်"

"ဟုတ်တယ်လေ…နှစ်ဖက်မိဘ တွေ့ဆုံချိန်မှာ အဆင့်
အတန်း ကွာဟမှုကြီးက အရမ်းကို သိသာနေမယ်ဆိုရင် ကိုယ်ရော
သူပါ ကသိကအောက် ဖြစ်ရတော့မှာကွ"

"ဒါပေမယ့် မင်းက အဲဒီမိန်းကလေးကိုပဲ ကြိုက်နေမိ
တယ်ဆိုရင်ကော"

"ရင်နာစွာ နောက်ဆုတ်ရုံပေါ့၊ ငါ့ကြောင့် မိဘတွေ
အိုက်ကွာကျ အရှက်ကွဲရမယ့်ကိစ္စ ဘယ်တော့မှ မလုပ်ဘူးကွာ"

"ဩဘာရာ…မင်းမှာ ဒီလို အတွေးအခေါ်နဲ့ စိတ်ဘူးလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာပဲကွာ၊ ဘာလို့ အပျော်တွဲတွေ လုပ်နေဦးမှာလဲ၊ အတည် ရှာတော့ပါလားကွာ၊ ကျောင်းပြီးရင် ရေကန်အသင့် ကြာအသင့် ဖြစ်နေအောင်''

''ပေါလွန်းလို့ကွာ၊ ခုလည်း တွဲရင်းနဲ့ ငါ လေ့လာ ရှာ နေတာပဲကွာ''

''အေး...ရှာ..ရှာ..မင်းလို ဂိုးများတဲ့ကောင်တော့လား လူပျိုကြီးဘဝနဲ့ပဲ အရိုးထုတ်ဖို့ သေချာနေပြီ''

''နောက်တစ်ခု အရေးအကြီးဆုံး ကျန်သေးတယ် အဟား''

''ဟင်.. မပြီးသေးဘူးလား၊ ဘာတုန်း''

''သူကလည်း ငါ့အပေါ် အရမ်းချစ်ရမယ့် အချစ်ဦး ဖြစ် မယ်၊ လေးစားအားကိုး ရှိသေမှုလည်း ရှိရမယ်၊ ငါကလည်း သူ့ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ချစ်မိတာမျိုး ဖြစ်ရမယ်ကွာ''

''ဩဘာ''

''အင်း''

''မင်း..လောဘကြီးနေပြီကွ''

''ဟင်.. ဘာလို့လဲ''

''အဲဒီလို ခြောက်ပစ်ကင်း သဲလဲစင်လေးဖြစ်ဖို့ လွယ်





မလားကွာ၊ မင်းနဲ့ကျမှ သူက အချစ်ဦး ဖြစ်ရမယ် ဟုတ်လား''

''အင်း... ရည်းစားတစ်ခါမှ မထားဘူးတဲ့ မိန်းကလေး ပေါ့ အဟင်း...''

''ဩော်... တရားကျစရာ ကောင်းလိုက်တာကွာ၊ ကိုယ့် အလှည့်ကျတော့ လျှပ်လက်သလို ဟောတစ်ယောက် ဟောတစ် ယောက် တွဲချင်တိုင်း တွဲနေပြီးမှ သူများကျ အချစ်ဦး အဖြစ်ခံချင် ရသေးတယ်''

''ငါ ဖြစ်ချင်တာ ပြောတာလေ၊ ရည်းစားထားဖူးတယ်ဆို ရင်တောင်မှ ငါ့လို လက်ကလေးပဲ ကိုင်တတ်တဲ့ကောင်မျိုးဆို အကြောင်းလား၊ တော်ကြာ..လှည့်းကျိုးကြီး ထမ်းနေရမှာစိုးလို့ ကွ၊ အဟဲ...ဒီတော့ တကယ့်ကို အဖြူထည်စစ်စစ်လေး ဖြစ်ရမယ် သိလား''

''ကဲ...တော်ပြီကွာ၊ ငါ ဗိုက်ဆာလာပြီ၊ တစ်ခုခု သွားစား ရအောင်၊ ပြီးမှ စျေးကို ထပ်ပတ်ကြတာပေါ့ မကောင်းဘူးလား''

''အိုကေ...သွားမယ်''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဗိုလ်ချုပ်ဈေး…

ပါတိတ်ဆိုင်တစ်ဆိုင်မှာ မေမေနဲ့ ပိုးတို့နှစ်ယောက် အဆ

လေးတွေ ရွေးနေပါသည်။

ငှက်ခါးရောင်အခံနှင့် တစ်ထည်ကို မေမေက…

“သမီးရေ…ဒီအဆင်လေးဆို ဘယ်လိုနေမလဲ၊ သမီး

ကြီးမေနဲ့ လိုက်မယ်နော်”

ကြီးမေဆိုတာက မေမေ့အစ်မကြီး ဒေါ်မြနှစ် ဖြစ်ပါသည်

မေကြီး အမျိုးသား ဦးကောင်းဇော်က တိုင်းမင်းကြီးဟောင်း တ

ယောက်ဖြစ်ပြီး အလွန်သဘောကောင်း၏။

ဖေကြီးနဲ့ မေကြီးတို့မှာ တစ်ဦးတည်းသောသား ကိုကြ





ကောင်းမြတ်ဆိုတာက U.S.Aမှာ အလုပ်လုပ်နေသူ ပိုး၏ တစ်ဦးတည်း

သော ဝမ်းကွဲအစ်ကိုတစ်ယောက်မို့ ကိုကြီးထံမှ မေကြီးနဲ့ ပိုးတို့အိမ်

အတွက် အလျှင်းသင့်သလို ပစ္စည်းအသုံးအဆောင်၊ ဆေးဝါး၊ အစား

အသောက်၊ အဝတ်အထည်တွေ မကြာခဏ ပို့ပေးတတ်ကြ၏။

ခုလည်း ကိုကြီးပို့ပေးလိုက်သော အဝတ်စထဲမှ မေကြီးနဲ့

မေမေ့အတွက် အင်္ကျီစလေးတွေ ပါလာတာမို့ အစနဲ့လိုက်ဖက်မည့်

ပါတိတ်လုံချည်ကို လာရှာဝယ်နေခြင်း ဖြစ်လေသည်။

ပိုးအတွက်က အကြောင်းမဟုတ်။ ထူးဒီဇိုင်းအသားပျော့ပျော့

အစမို့ ထုံးစံအတိုင်း ဝမ်းဆက်လေးချုပ်လိုက်ရုံပင်။

ပိုးချုပ်နေကြ မမမွန်က…

“ပိုးလေး အစတွေက ကောင်းလိုက်တာကွယ်၊ ပိုးရဲ့

အစ်ကို က သူ့ညီမလေးအတွက် ရွေးတတ်လိုက်တာ၊ ပိုးကို အတော်

ချစ်ပုံရတယ်နော်”

“အဟင်း…ဒါပေါ့ မမမွန်ရဲ့၊ ကိုကြီးနဲ့ ပိုးက တစ်ဝမ်းပဲ

ကွဲပေမယ့် အရင်းထက်တောင် ချစ်တာလေ၊ ဒီမောင်နှမ

နှစ်ယောက်တည်းရှိတာ မချစ်ဘဲနေမလားလို့”

“အင်းပါ…အင်းပါ၊ မိန်းမရသွားရင် သူ့မိန်းမကိုပဲ

ချစ်တော့မှာနော်…ပိုး”



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ…ပိုးကတောင် ကိုကြီးအတွက် စဉ်းစား ရှာပေးချင်နေတာ၊ ကိုကြီးက အရမ်းတော်တော့ တော်ရုံတန်ရုံမိန်း မဖြစ်ဘူး မမွန်ရဲ့…အဟင်း"

"အံမယ်…ကြည့်စမ်း…ကြည့်စမ်း၊ ဒီကောင်မလေ သူ့အစ်ကိုအတွက် သိတတ်နေလိုက်တာ"

"တကယ်ပြောတာ မမွန်၊ မမွန်သာ အပျိုဆိုရင် ပိုးက အောင်သွယ်ကို လုပ်ပေးမှာ သိလား"

"ဟောတော်…ဘာလို့တုန်း"

"ချောတယ်၊ သဘောလည်းကောင်းတယ်၊ ခေတ်မှီ တတ်ပြီး ခေတ်လည်းမီတယ်။ ပြောဆိုဆက်ဆံရေးလည်း ကောင်းတယ်။ မိန်းကလေးပီသလွန်းလို့ ယောင်းမ တော်ချင်နေ သိလား"

"အမလေး ပိုးရယ်၊ ညီမလေးပြောတာနဲ့ ကျုပ် ဘဝင်မြင့်ချင်လာပြီနော်။ မြှောက်…မြှောက် ညည်းအင်္ကျီမှာ ဖဲ လှလေးတွေ ပိုပြီး တပ်ပေးလိုက်မယ် ဟုတ်လား… အဟင်း"

"အဲဒါတွေကြောင့် မမွန်ကို ချစ်နေရတာ"

"သမီး…ဘာတွေးနေတာလဲ၊ မေမေ မေးတာ မကြားဘူးထင်တယ်"





မေမေ့အသံကြောင့် ပိုး ကြည်လင်စွာပြုံးမိကာ…

"မဟုတ်ပါဘူးမေမေရယ်၊ အတွေးထဲမှာ ဖေကြီးနဲ့ ကြီးမေရော၊ ကိုကြီးကိုပါ စဉ်းစားမိသွားလို့"

"ဒါလေး ဘယ်လိုနေလဲ သမီး"

"ငှက်ခါးရောင်လေး ကောင်းတယ်မေမေ၊ ကြီးမေရော ပါ အသားဖြူတော့ လိုက်မှာပေါ့၊ ဆင်တူယူမှာလားဟင် မေမေ"

"အို…ဆင်တူတော့ မယူပါဘူး သမီးရယ်၊ သမီးကြီးမေက နည်းဖိုင့်တော့ အခက်ကြီးကြီးလေး ရွေးလိုက်မယ်၊ မေမေ့ အတွက်က အခက်စိပ်စိပ် အဆင်နက်ကလေးပဲ ရွေးမယ်လေ"

"ဟုတ်…ကောင်းပါတယ် မေမေ"

မေမေက ရွေးထားသော နှစ်ထည်ကို လှမ်းပေးကာ…

"ရော့…ညီမလေး ဒီနှစ်ထည်ယူမယ်နော်၊ သေချာပြန် ထုပ်ပေးပါဦး"

"ဟုတ်ကဲ့…ကောင်းပါပြီရှင်"

ပါတိတ်ဆိုင်မှထွက်တော့ မေမေက…

"လာ…သမီး တစ်ပတ်လောက် လျှောက်လိုက်ရအောင်၊ ပစ္စည်းတွေ့ရင်လည်း ဝယ်တာပေါ့"

"ဟုတ်…သွား…မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲသမီး"

"ကိုကြီးအတွက်"

"အင်း…အင်း…မေမေ ဘာလချောင်အကြွတ်လေး ကြော်ပေးမလားလို့"

"ဟာ…ကောင်းတာပေါ့၊ ကိုကြီးက မေမေ့လက်ရာဆို အရမ်းကြိုက်တာ"

"သမီးလည်း တစ်ခုလုပ်ပေးလေ၊ သရက်သီးသနပ် အချို လေးဆို ဘယ်လိုနေမလဲ"

"ဟုတ်ကဲ့…သမီးလည်း အဲဒါပဲ စဉ်းစားထားတာ၊ အချိုတောင်းလေးပါ ဝယ်ထည့်ပေးလိုက်မယ်နော်"

"ကောင်းတယ်သမီး"

"ကြီးမေက အသားအမွှကြော်နဲ့ ငပိထောင်းစပ်စပ်လေး လုပ်မယ်တဲ့"

"အင်း…ကိုကောင်းလည်း ဟိုမှာ အဆင်ပြေနေတော့ ရသလောက် ကျုံးရှာနေပုံရတယ်၊ မမကတော့ ပြန်လာစေချင်ပြီး ဒီမှာပဲ လုပ်ငန်းတစ်ခုခုထောင်ပြီး အထိုင်ကျစေချင်လှပြီတဲ့"

"ကြီးမေက သူ့သားကို သူ အောင်းမေ့လို့ အနားမှာ လာ နေစေချင်ပေမယ့် ကိုကြီးက မိုးရွာတုန်း ရေခံနေတာ မေမေ





ကောင်း…မိန်းမယူရင် အပုံစားလေး နေနိုင်အောင်ထင်တယ်နော်"

"ဟုတ်မှာပေါ့ကွယ်…လူငယ်ဆိုတော့လည်း ဝင်ငွေကောင်းလေ အားတက်ကြီးစားလေဖြစ်မှာပေါ့၊ အင်း…ဘာလိုလိုနဲ့ ကိုကောင်းသွားတာ ငါးနှစ်လောက်ရှိရော့မယ်ကွယ်၊ မမ အောင်းမေ့ လည်း မေ့စရာပဲလေ၊ ကြားမှာ နှစ်ခါလောက်ပဲ ခဏ ပြန်လာတာကို"

"မေမေ…ကိုကြီးက ဟိုက ရာသီဥတုနဲ့ကိုက်လို့လား မသိ ဘူးနော်၊ အသားတွေဖြူ အရပ်ကြီးမြင့်ပြီး အရမ်းကြည့်ကောင်းတာ၊ ကြည့်ရတယ့် တိုးရစ်လိုပဲ"

"ဟုတ်တယ်…ကိုကောင်းကို မမတို့ ချင်းတောင်မှာ မွေး ထားတာလေ၊ ချင်းဝင်စားလေးလို့တောင် ပြောရင်ရတယ်၊ ဖြူဖြူ ချောချောတစ်လေးနဲ့ ချစ်စရာကွယ်"

သားအမိနှစ်ယောက် စကားတပြောပြောနှင့် လာနေရာမှ မကြာခင်မှာတော့ ဆိုင်တစ်ခုရှေ့ရောက်သည်နှင့်…

"သြော်…နေဦးသမီး၊ ဟိုမှာ စပရေးဗူးလေးတွေ့မှ သတိရသွားတယ်၊ အခန်းအနံ့သတ် လိမ္မော်ဗူးလေး ဝယ်လိုက်ဦးမယ်"

"ဟုတ်ကဲ့…မေမေ"

မေမေဝင်ဝယ်နေစဉ် ပိုးက ဆိုင်ရှေ့မှာ ရပ်စောင့်နေလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ပိုးကို တစ်စုံတစ်ယောက်က ခေါ်လိုက်သံကို ကြားလိုက်ရပါတော့၏။

"ရွှေပိုးအိမ်ပါလား…ဈေးလာတာလား"

တရင်းတနှီး မေးသံကြောင့် ပိုး လှည့်ကြည့်လိုက်တော့ ယောကျ်ားလေးသုံးယောက်…

မြင်ဖူးသလိုလိုပေမယ့် သိပ်တော့ မမှတ်မိ။

"တစ်ယောက်တည်းလား…ရွှေပိုးအိမ်"

အလယ်က တစ်ယောက်က အသွက်ဆုံး၊ ခုနမေးတာလည်း သူပါပဲ။ ကျန်နှစ်ယောက်က ပိုးကို အကဲခတ်နေကြ၏။

အလယ်ထစ်ယောက်က သွားတက်ရော အပြုံးကြောင့် ပါးချိုင့်ခွက်ခွက်ပါ ဖောချင်းသုံးကာ ပိုးကို လိုတာထက် ပိုချိုနေတာမို့ ပိုး ခပ်တည်တည်ပင် မေးလိုက်၏။

"ရှင်…ဘယ်သူ့ကို မေးနေတာလဲ၊ ကျွန်မ ရှင့်ကို မသိပါလား"

ပိုးစကားကြောင့် ရယ်ကျဲကျဲမျက်နှာလေးက မသိမသာ တန့်သွားရပြီးမှ အီလယ်လယ်ဖြေလိုက်ပုံက…

"သြော်…ရွှေပိုးအိမ်က ကိုယ့်ကို မမှတ်မိဘူးထင်တယ်။ ကိုယ် ဩဘာလေ ကျောင်းက"





ဩဘာဆိုသော နာမည်ဆန်းလေးကြောင့် ပိုး မျက်ခုံးလေး သော တွန့်သွားရပြီးမှ ဒက်ကနဲ မှတ်မိလိုက်၏။

ဒါ အိမ်ရှြာကို ရည်းစားပဲ ဟူ၍။

ပိုးမျက်နှာ ရုတ်ခြည်း ပို၍ တည်သွားရစွာ အားလုံးကို ခပ် လေးတစ်ချက် ကြည့်လိုက်ပြီးမှ မှဲမှဲလေးပြုံးကာ ပြောလိုက်၏။

"ဆောရီးပဲ ကျွန်မ မသိချင်ပါဘူး"

ထိုစဉ် မေမေထွက်လာပြီမို့ ပိုးတို့ကို ဝေ့ကနဲ ကြည့်ကာ…

"သမီး ဘယ်သူတွေလဲ အသိတွေလား"

"မဟုတ်ပါဘူးမေမေ…မသိပါဘူး၊ လာ သွားရအောင်"

မေမေ့ကို ပိုး အသာဆွဲခေါ်လာပြီးမှ ပြောလိုက်ရ၏။

"အလကား ကျောင်းကတဲ့၊ ဘရုတ်တွေဖြစ်မှာပေါ့၊ ပုံစံ တာနဲ့ အသိသာကြီး၊ ရမလားလို့ လာရောတာလေ"

"သြော်…ဟုတ်လား၊ ကြည့်ရတာ သမီးကို ရင်းနှီးချင်လို့ မှ်မယ်၊ မေမေ မပါရင်တော့ နောက်က တကောက်ကောက် ယ့်ပုံထင်ပါရဲ့ကွယ်"

"အရေးမစိုက်ပါဘူး မေမေရယ်၊ လိုက်လည်း သမီးက ကိ်မှာမဟုတ်တော့ အရှက်ကွဲရုံပေါ့၊ သူ့ဒွေးသားဆိုပြီး ကျောင်း ည်းစားများတဲ့လူလို့ နာမည်ကြီးနေတာလေ မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်···သမီး ခုနက မသိဘူးဆို"

"အို···သူ့ရှေ့မှာ တမင်ပြောလိုက်တာ၊ တကယ်လည်း လုံးဝ မသိပါဘူး၊ သတင်းတွေက မကြားချင်မှအဆုံး၊ သူ့မျက်နှာ တောင် ခုမှ သမီး သေချာမြင်ဖူးတာ၊ တွေ့တယ်မှတ်လား မေမေ၊ သူ့ကိုယ်သူ အထင်ကြီးနေပုံပဲ။ သမီးကို နှာမည်ခေါ်ပြီး တရင်းတနှီး နှုတ်ဆက်နေလို့ အံ့သြပြီး စိတ်တိုနေတာ"

"သမီးရယ် ကိုယ်မကြိုက်လည်း အလိမ္မာနဲ့ ပြောဆိုပါ ကွယ်၊ လူဆိုတာက စိတ်ထဲ မခံချင်တာမျိုး ဖြစ်လာရင် တုံ့ပြန်တတ် တယ် မဟုတ်လား၊ အလကားနေရင်း ရန်ပွားသလိုဖြစ်နေပါဦးမယ်"

မေမေ စိုးရိမ်သလို သတိပေးတော့မှ ပိုးလည်း မေမေ့ကို သနားသွားရကာ···

"ဟုတ်ကဲ့···စိတ်ချပါ မေမေရယ်၊ ပိုးနားလည်ပါတယ်"

"အင်း···အင်း···ဒါမျိုးတွေက ရှိတတ်ပါတယ်ကွယ် အရာရာပြည့်စုံနေတဲ့ဘဝကို ပိုင်ဆိုင်ထားရတော့ လိုချင်တာမှန်သမျှ အကုန်ရနေပုံပဲလေ၊ သွားရင်းလာရင်း ခလုတ်တိုက်ပြီး ကြိုက်သွား လည်း ပျော်စရာပဲဆိုတဲ့လူစားတွေ ဖြစ်မှာပါ"

"မေမေ ရွှေရင်အေးသောက်ဦးမလားဟင်"

"အင်း···သောက်တာပေါ့ သမီးရယ်"





ရွှေရင်အေး ဆိုင်ဘက် ထွက်သွားသော ရွှေပိုးအိမ်တို့ သားအမိကို ငေးငေးလေးကြည့်ရင်း သူ မရှိုပြုံးလေးပြုံးကာ ပြောလိုက်သသည်။

"ငါ···တကယ် အံ့သြသွားတယ်ကွာ"

"ဘာလဲ···သြဘာ"

"ရွှေပိုးအိမ်ရဲ့ မျက်နှာလေးက အနီးကပ်မြင်ရမှ အတော်ကို ကြည်လင်စင်ကြယ်ပြီး ဝင်းမွတ်နေတာပါလားလို့"

"အဲဒါကြောင့်လည်း ကွင်းဖြစ်တယ်လေကွာ"

"ဒါပေမယ့် သူ့မျက်လုံး"

"ဟင်···မျက်လုံး ဘာဖြစ်လဲ"

"မင်းတို့ သတိထားမိလား ငါ့ကို သူကြည့်တဲ့ မျက်လုံး"

"ဟုတ်တယ်···သတိထားတာပေါ့ကွာ"

"ဘာတွေ့လဲ"

"အင်း···တွေ့တာကတော့ မင်းကို သူ မကြည်ဘူးဆိုတဲ့ အရိပ်အရောင်ပဲကွ နော်···မိုးထက်"

"ဟုတ်တယ်···သြဘာ၊ မင်းက ခင်မင်ခွင့်လေး ရမလားလို့ မျက်နှာချိုသွေးနေတာတောင်မှ မချောလေးက ရှုတည်တည် ဆိုတင်းတင်းပဲကွာ၊ ကျွန်မ မသိချင်ပါဘူးလို့ မဲ့တဲ့အလေး ပြောပုံက ကို မင်းကို ချဉ်တယ်ဆိုတဲ့ အမူအရာပဲကွ"

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ၊ ငါက သူ့ကို ဘာလုပ်နေလို့လဲကွာ၊ ငါ တကယ်နားမလည်နိုင်တာ အဲဒါပဲ"

"ဟုကောင်ရ မင်းအကြောင်းတွေ သူသိနေလို့ လုံးဝ အရေးမစိုက်ဘူး၊ အထင်မကြီးဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်မှာပေါ့ကွ"

"ငါ့အကြောင်း..."

"အေးလေကွာ၊ ကျောင်းမှာ မင်းက စွံ့တော့ မင်းကို သူ မသိဘဲနေမလား၊ သိရက်နဲ့ တမင် မသိဟန်ဆောင်နေတာ"

"ဩော်...ဒီလိုလား၊ ဆိုလိုတာက ငါ့ကို သူ မကြိုက်ဘူးပေါ့ ဟုတ်လား...အဟင်း"

"ဒီလိုပဲ ယူဆရမှာပေါ့ကွာ၊ ဘာလဲ မကျေပွဲနွှဲဖို့ လိုက်တော့မှာလား၊ မင်းကို ဒီလိုကြည့်တာ ဒီတစ်ယောက်ပဲ ရှိသေးတယ်နော်...ဩဘာ"

"မကျေပွဲတော့ မဟုတ်ဘူး၊ ငါ သူ့ကို တကယ်စိတ်ဝင်စားသွားပြီကွာ"



## အခန်း ( ၁၀ )

ထရိုက်ဒါးဟိုတယ်

ပိုးနဲ့မေမေရောက်သွားတော့ ယမင်းနဲ့ ငုဝါတို့ ရောက်နေကြလေပြီ။

ငုဝါမေမေ ပါမလာပါ။ အရေးပေါ်ကိစ္စတစ်ခု ရုတ်တရက်ပေါ်လာ၍ ဖြစ်၏။

ယမင်းမေမေ ဒေါ်ကြည်ကြည်မာက မေမေနဲ့ သိကျွမ်းပြီးသားမို့ တွေ့တွေ့ချင်း စကားလက်ဆုံကျနေလေတော့သည်။ ပိုးက..

"တော်ပါသေးရဲ့...မေမေ အဖော်ရသွားလို့ မဟုတ်ရင် သူကြီးပါတော့ ငုတ်နေရတယ်ဟဲ့"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ယမင်းနဲ့ ငုဝါကို အဲဒါတွေကြောင့် ပိုး ခင်မင်စွာ ပေါင်း[illegible] သည်ထင်ပါ၏။ အနေအထိုင် အပြောအဆို အတွေးအခေါ်တွေ[illegible] ပိုးစိတ်နဲ့ ကိုက်သည်လေ။

ရှိုးပွဲက နာမည်ကြီးမို့ ပရိသတ်တွေလည်း တော်တော်[illegible] သည်။

အရင်ရောက်နှင့်နေသော ပိုးတို့က နေရာယူ ကွာစေ့ဝါး[illegible] နောက်ရောက်လာသူတွေကို ကြည့်ခွင့်ရသည် မဟုတ်ပါလား။

အတော်များများက လူငယ်တွေဖြစ်ပြီး သူ့ထက်ငါ အပြ[illegible] ချယ်သ ဝတ်စားလာပုံတွေက မော်ဒယ်တွေနဲ့ပင် မှားလောက်[illegible]

ပုံစံအမျိုးမျိုး ဒီဇိုင်းအမျိုးမျိုး။

သြော်…အခု ကိုယ်ရောက်နေသောနေရာက နိုင်ငံခြာ[illegible] တိုင်းပြည်တစ်ခုခုများလားဟု ထင်မှတ်ရလောက်အောင် ခေတ်[illegible] စီးကြောင်းရှေ့က မိုင်များစွာ ပြေးနေပါ၏။

"ဟဲ့…ဟဲ့…ဟိုမှာ"

ငုဝါအသံကြောင့် အဝင်ဝဆီ ယမင်းရော ပိုးပါ လှမ်းကြ[illegible] လိုက်တော့…

အိန္ဒြာကို ဖြစ်နေ၏။

အနက်ရောင်ကြိုးထပ်ဂါဝန်လေးက ဖြူဝင်းသော လ[illegible]





[illegible]င်းနှင့် လည်ကုတ်သားဖွေးဖွေးတွေက ထင်းကနဲ ပေါ်အောင် [illegible]ကိုက်လွန်းလှသလို စိန်ဆွဲကြိုးလေးကလည်း တဖျတ်ဖျတ်။

သော်ငွေဖြူရောင် လက်ကိုင်အိတ် ငွေရောင်လက်လက် [illegible]အချွန်ဒေါက်ဖိနပ်တို့ဖြင့် ရွှေဝါရောင်ဆံပင်လေး လှုပ်လီလှုပ်လဲ့ [illegible]ခါစွာ စတိုင်လ်ကျကျ လျှောက်ဝင်လာပုံလေးက ဘယ်သူ့ကို ဂရု [illegible]စိုက်ရမလဲဟုသော ထီမထင်မျက်နှာပေးလေး။

ဘိုမရုပ်လေးပမာ အလွန်လှပါသည်။

လူတွေကလည်း သူမကို သတိပြုမိကြတာမို့…

"မော်ဒယ်လား…မင်းသမီးလားပဲ လှတယ်နော်"

"လှပေမယ့် မျက်နှာက မော့ချီနေတာ မာနကြီးပုံပဲ"

"ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်ရှိတဲ့ပုံစံပဲလေ"

ဝေဖန်သံတွေ ကြားနေရ၏။

အိန္ဒြာကိုက ဝင်မလာသေးဘဲ ပရိသတ်အားလုံးကို မြင်သာ [illegible]နိုင်သော ထောင့်တစ်ခုမှ အသာ လှမ်းကြည့်နေလေသည်။

တစ်ယောက်ယောက်ကို ရှာဖွေနေဟန်ပင်။

သူမမျက်ဝန်းတွေက ပိုးတို့ကို မြင်လိုက်သည်နှင့် ချက်ချင်း [illegible]လက်ကျဉ်းမြောင်းစွာ မကျေမနပ် မျက်နှာလွှဲရင်း ချာကနဲ လှည့် [illegible]ထွက်သွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ထွက်သွားပြီဟဲ့"

"သူ့အဖော်တွေ မရောက်သေးဘူးနဲ့ တူတယ်"

"သူလာမှန်းသိရင် မလာပါဘူးဟာ"

ပိုးအပြောကြောင့် ယမင်းက…

"ဟဲ့…ဘာဆိုင်လို့တုန်း"

"မသိဘူး…သူ့မြင်ရတာ စိတ်အနှောင့်အယှက်ဖြစ်သ…ပဲဟာ"

"ဂရုစိုက်လို့၊ သူက ဒီလိုပဲဟာ၊ ဘယ်သူ့မှ လူမထင်…ဆိုတဲ့စတိုင်လ်"

"အဲဒါကြောင့် ပြောကြတာကိုး"

"ဘာတုန်း"

"တစ်ယောက်နဲ့တစ်ယောက် ဘာမှ ပတ်သက်ဆက်…စရာအကြောင်းမရှိဘဲနဲ့ကို မြင်တာနဲ့ ကြည့်လို့မရဘူးဆိုတဲ့ ရေ…ဟာ အတော်ဆိုးတာပဲနော်"

"ရွှေပိုး…ရှင် သူ့ကို ကြည့်မရဘူးပေါ့"

"အစစ်ပဲ"

"အကြောင်းရှိတယ်လေ"

"ဟင်…ဘာလဲ"





"သူက ကွင်းမှန်းထားတာ ရှင်ရသွားတော့ ရှင့်ကို သူ့မကြည်ဘူးပေါ့"

"အင်း…ဒုက္ခ၊ အရေမရ အဖတ်မရ ဒီဘွဲ့ကိုများနော်"

"ဟဲ့…အရေရော အဖတ်ပါ ရတယ်လေ"

"ဘာရယ်"

"ကွင်းဖြစ်တော့ ထင်ပေါ်ကျော်ကြား လူသိများတယ် ရွှေပိုးရဲ့၊ စတားဖြစ်တာပေါ့"

"စိတ်ကို မဝင်စားတာ"

"ရှင်က ရှင်ကိုး…သူ့အတွက် ဒီအခွင့်အရေးက အလွန်စိတ်ဝင်စားစရာ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့"

"ဒါဆို ကျုပ်အလုက သူ့အတွက် မကျေမနပ်စရာကြီး ဖြစ်နေတာပေါ့ ဒီလိုလား"

"ဒါပဲရှိတာ"

"စိတ်ပျက်လိုက်တာ"

"ဟော…ဟော…အားပါးပါး…လာပြီ…လာပြီ၊ သူက ဒီလိုကိုး"

ယမင်းစကားကြောင့် ပိုး အဝင်ဝဆီ မသိမသာ ကြည့်လိုက်တော့…



www.burmeseclassic.com

www.burmeseclassic.com



ဩဘာ၏ လက်မောင်းတစ်ဖက်ကို ကန့်ကလျလေး ဗိုဆွဲခေါ်လာနေသော အိန္ဒြာကို၏ ပုံစံက ခုနကနဲ့ တခြားစီ။

ပြုံးပျော်ရွှင်မြူးနေဟန်လေးက အထင်းသား။

ပိုး ဆတ်ကနဲ မျက်နှာလွှဲလိုက်၏။

ဟင့်အင်း ဘာလို့ကြည့်ရမှာလဲ။

ကိုယ်က သူတို့အတွဲကို စိတ်ဝင်စားနေတယ်လို့ အထ မခံနိုင်။ ဘာမှန်းမသိ ပိုး ကြိတ်၍ ဆုတောင်းမိ၏။

သူတို့ ထိုင်ရမည့်ခုံ မိမိတို့အနီးအနားမှာ မကျပါစေ ဟိုဘက် ခပ်ဝေးဝေးမှာ ကျပါစေဟူ၍။

သို့သော် ပိုး ဆုတောင်းမပြည့်ပါ။

အိန္ဒြာကို၏ အသံကိုပါ ကြားနေရလေပြီ။

"ကိုကိုက နောက်ကျတယ်ကွာ၊ အိန္ဒြာက ကိုကို ရောက် နေမယ်လို့ထင်တာ၊ ဟွန်း... ဘယ်လောက်ကြောင်တယ် မှတ်သလဲ၊ အိန္ဒြာက နှစ်ယောက်ထဲကြည့်ချင်လို့ကို သူငယ်ချင်းတွေ တောင် မခေါ်ဘူး သိလား၊ လာ...လာ...ဒီနေရာပဲ"

အိန္ဒြာ လှမ်းပြသောနေရာကို လှမ်းအကြည့်မှာ သူ့မျက်ဝ တွေက အနီးကပ်ထိုင်နေသော ပိုးတို့ကို ရုတ်တရက် မြင်လိုက် သဖြင့် တန့်ကနဲ ဖြစ်သွားရတော့၏။





ဟာ...ပြဿနာပဲ။ ပိုးနဲ့မှ လာဆုံရတယ်လို့ဟူ၍ စိတ်မှာ သွားရင်း ဓာချွေးပါ ပြန်ချင်လာရ၏။ ပိုးက သူ့ကို လုံးဝ မကြည့်။

ကွာစေ့ထုတ်ထဲမှ အလုံးထွားထွားတွေကို စိတ်ရှည်လက် ည် ငုံ့ရွေးနေ၏။

ကျန်နှစ်ယောက်တော့ သူနဲ့ အိန္ဒြာကို ကြည့်သလို မကြည့် သလို ဘာသိဘာသာပင်။ သူ အကြံအိုက်နေလေပြီ။

"ကိုကို...လာလေ ထိုင်ပါတော့၊ ပွဲက စတော့မှာ"

အိန္ဒြာ သူ့လက်ကို အတင်းဆွဲခေါ် အထိုင်ခိုင်းတော့မှ သူ င်ထိုင်လိုက်သည်နှင့် အခမ်းအနားက စပါတော့၏။

တကယ်ပင် အသက်ရှူမဝချင်တော့ပါ။ သူ့နောက်မှာ း ရှိနေသည်ဟူသော အသိက ဘယ်လိုမှ ဂရုမပြုမိနိုင်တော့။

အိန္ဒြာကလည်း သူ့ပခုံးပေါ် ခေါင်းလေးမှီကာ တွတ်တီး တွတ်တာ ပြောလေ သူ စိတ်ကျဉ်းကျပ်လေ။

ယမင်းက ပိုးကို တံတောင်နှင့် အသာတွတ်ကာ ရှေ့တည့် ည့်မှ အတွဲကို မသိမသာ မေးဆတ်ပြတော့ ပိုးက ခေါင်းရမ်း ပြလိုက်ရ၏။

အိန္ဒြာကလည်း နောက်မှာ ပိုးတို့ရှိနေတာကို သိ၍ မင် ပြတာလား မသိပါလေတော့။



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ကိုယ်လုံး ဩဘာ်ရင်ခွင်ထဲမှီကာ ရှိုးပွဲကို ကြ[...]
နေတာမို့ ငုဝါက နှာခေါင်းရှုံ့ရင်း ပြောလိုက်၏။

"ဒီတစ်ခါ ရှိုးပွဲကြည့်ရတာ အရမ်းတန်သွားပြီ[...]
တကယ် ကြည့်ကောင်းတယ်နော်"

မော်ဒယ်တွေကလည်း တကယ်အလှတွေချည်းမို့ ယ[...]
က…

"ငုဝါ…တိတ်တိတ်နေ အရသာပျက်တယ်"

ပိုးကတော့ တကယ်ပင် ရှေ့မှ အတွဲကို လုံးဝဂရုမစိုက်[...]
မော်ဒယ်တွေ၏ အဝတ်အစားဒီဇိုင်းနှင့် ရတနာဒီဇိုင်းတွေကို[...]
စိတ်ဝင်စားစွာ ကြည့်နေမိ၏။

ဩဘာ မနေနိုင်တော့။

ဘယ်လိုမှ ဟန်ဆောင်မထိုင်ချင်တော့သဖြင့် သူ့ကို မှ[...]
ထားသော အိန္ဒြာကို အသာတွန်းဖယ်လိုက်သည်နှင့်…

"ဟင်…ကိုကို…ဘာလဲ"

"ကိုယ်…အပြင်ထွက်ချင်လို့"

"အပြင်"

"အင်း…သန့်စင်ခန်း"

"ပြန်ဝင်လာမယ် ဟုတ်လား"





"အင်း"

"မကြာနဲ့နော်"

"အင်း"

သူ အမြန်ဆုံး ထွက်လာခဲ့၏။

ရင်ထဲ မွန်းကျပ်ပိတ်လှောင်နေသမျှ အပြင်ရောက်မှ သူ
[...]တ်ကို ဝဝ ရှူလိုက်ပါသည်။

တိုက်ဆိုင်ပုံများ စိတ်ပျက်ဖို့ပင် ကောင်းသေးတော့။

ပိုးနဲ့မှ ပက်ပင်းကြီး လာတိုးရသည့်အဖြစ်က ဆိုးလှ၏။

ပိုးကို ချဉ်းကပ်ရန် သူ ဆုံးဖြတ်ထားပြီးပြီ မဟုတ်ပါလား။

ခုတော့ သူ့ကို ပိုး ဘယ်လိုယူဆသွားလေမလဲ။

အိန္ဒြာကလည်း အနေအထိုင်က ကဲကဲရဲရဲလေးမို့ သူ့ကို
[...]ောင်သေးမှာ မလွဲ။

တော်ပြီ…အိန္ဒြာကို သူ ဖြတ်တော့မည်။ ထရိတ်ဒါးမှထွက်
[...]သူ့ကားလေးကို နန္ဒအိမ်ရှိရာ မောင်းလာပါ၏။

သူ့ကိုမြင်တော့ နန္ဒက…

"ဟော့ကောင်…ဒီနေ့ မင်း အိန္ဒြာနဲ့ ထရိတ်ဒါးမှာ ရှိုးပွဲ
[...]ည့်မှာဆို ပြီးပြီလား"

"ဘယ်ကလာ…ငါ ပြေးလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြေးလာတာ...ဘာလို့လဲ"

အကျိုးအကြောင်း သူပြောတော့ နန္ဒ တဟားဟား အော် ရယ်ပါတော့၏။

သူ့ စိတ်ရှုပ်စွာ ခေါင်းကုတ်ကာ...

"မရယ်နဲ့ကွာ၊ ငါ တကယ် စိတ်ရှုပ်နေတယ်ကွ"

"အဟား...မင်းအဖြစ်က ရယ်စရာကိုးကွ၊ ဟိုမှာ အိမ် တော့ ဆွေ့ဆွေ့ခုန်နေတော့မယ်"

"ခုန်ပါစေကွာ...တော်ပြီ"

"တော်ပြီ"

"အင်း...တကယ်ဖြတ်တော့မယ်"

"ပိုးနဲ့ ဆက်တော့မယ်ပေါ့"

"အင်း"

"လောင်းမယ်ကွာ"

"ဟင်...ဘာလဲ"

"ပိုးက မင်းကို လက်ခံရင် ငါ ထမင်းကျွေးမယ်၊ မ ကြိုက်တဲ့နေရာစား"

"ဘာ...မင်းစကားက လက်မခံရင် ငါက ကျွေးရမ ဒီလိုလား"





"ရက်စ်"

"ဟား...ပြောင်းပြန်ပဲ၊ လက်ခံရင် ငါက ဝမ်းသာတဲ့အနေ ကျွေးရမှာလေ၊ လက်မခံမှ မင်းကျွေးပေါ့"

"အဟင်း...ငါက မင်းကျွေးတာ စားချင်လို့ကွ"

"ဘာအဓိပ္ပာယ်လဲ၊ လက်မခံနိုင်ဘူးလို့ ပြောချင်တာလား"

"နည်းနည်းတော့ ခက်မယ်ထင်လို့"

"နန္ဒ"

"အင်း"

"မျက်နှာကြည့်ထား ဩဘာတဲ့"

"အင်းပါ...ကြည့်ရသေးတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မြည်လာသော သူ့ဟန်းဖုန်းလေးကို အသာဖွင့်လိုက်တော့ စကရင်ပေါ်မှာ အိန္ဒြာကို သကော်တမို့ သူ အသာပိတ်လိုက်တော့ နန္ဒက…

"ဘာလဲကွ…ဘယ်သူလဲ"

"အိန္ဒြာ"

"အဟဲ…ဒေါ်တွေကန်နေပြီပေါ့"

"ပျင်းပါတယ်ကွာ"

ဖုန်းက ထပ်မြည်လာပြန်သဖြင့် နန္ဒက…

"ပြောလိုက်လေကွာ…တစ်ခုခု၊ မဟုတ်ရင် သူ တစ်ချိန်လုံး ခေါ်နေမှာပေါ့"





"လွယ်ပါတယ်"

ဘက်ထရီပြားလေးကို သူ ဆွဲဖြုတ်ထားလိုက်တော့ နန္ဒက …

"ကောင်းကွာ ကျောင်းမှာတွေ့ရင် မင်း ပြင်ထားပေတော့ …တ်လား"

"နန္ဒ"

"အင်း…ပြော"

"ငါ ဘယ်လိုလုပ်ရမလဲကွာ"

"ဟင်…ဘာလိုလဲ"

"ရွှေပိုးအိမ်ကို"

"ရော်…ခက်နေပြီ၊ မင်းအတွက် ဒါမျိုးကိစ္စက ဘာ …သနာရှိလို့လဲကွာ၊ လိုက်ပေါ့"

"လိုက်တော့ လိုက်မယ်လေ၊ ဒါပေမယ့် နည်းလမ်းကို …ကြံတောင်းနေတာ"

"နေဦးလေကွာ..မင်းညစ္စာက ခုပဲ အိန္ဒြာကိုနဲ့က တန်းလန်း …န်းကြီးရှိသေးတယ်၊ နောက်တစ်ယောက် ခုန်ကူးဖို့ဆိုတာ ဆန္ဒ …နေလို့ ဘယ်ဖြစ်မလဲကွ"

"ဆန္ဒစောတာမဟုတ်ဘူးကွ၊ ငါ တကယ်စိုးရိမ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"မလွယ်မှာစိုးလို့"

"အဟဲ…မင်းအတွက် ပြဿနာမရှိပါဘူးဆို၊ ဩဘာ

"အဟင်း…ဒါပေမယ့် သူ့ပုံစံက.."

"ဘာလဲ အရင်ဟာတွေနဲ့ မတူလို့လား"

"ဟုတ်တယ်"

"အရင်ဟာတွေတုန်းက မင်းမလိုက်ခင်ကကို ငိုက်ပိုင် ကို နှဲ့ပေးနေကြတာကွ အခုမှ မင်း မိန်းကလေးပီသတဲ့ မိန်း တွေပြီ"

"ဟုတ်မယ် ထင်တယ်ကွာ"

"နေဦး…ဟိုကောင်တွေနဲ့ တိုင်ပင်ရဦးမယ်"

မိုးထက်နဲ့ ကိုဖုန်းကို တိုင်ပင်တော့ အကြံတစ်ခုရ

"ရွှေပိုးအိမ်တို့က ကင်တင်း သိပ်မထိုင်တတ်ဘူးကွ၊ ရင် ကလပ်စ်ထဲမှာဖြစ်ဖြစ်၊ အပြင်ဘက် သစ်ပင်ရိပ်မှာဖြစ်ဖြစ် တတ်တော့ အဲဒါ အကွက်ကောင်းပဲ"

"အင်း…ဆိုပါဦး"

"သူတို့ ထိုင်တတ်တဲ့ နေရာသွားပြီး မျက်နှာပြောင် နဲ့ အသိဖွဲ့ပေါ့ကွာ"





"ဟုတ်တယ်…ဒီအကြံကောင်းတယ်"

"တစ်ခုတော့ ရှိတယ်ကွ"

"ဘာလဲ"

"ရှီးပွဲက မင်းလစ်လာတဲ့ကိစ္စအတွက် အိန္ဒြာကို အစာ ကျေဖြစ်တာ မဟုတ်လား"

"အင်း"

"မင်းကို သူ တွေ့ရင် ဘာညာကွိကွတွေ လုပ်မှာ၊ ဒီတော့ သူနဲ့ မတွေ့နိုင်အောင် ရှောင်၊ ဟုတ်လား"

"ဒီလိုလုပ်…အိန္ဒြာကို ကင်တင်းသွားတဲ့အချိန် မင်းက ရွှေပိုးအိမ်အနားသွား၊ ငါတို့က ကြားမှာ ကင်းစောင့်အချက်ပေးမယ်၊ အိန္ဒြာကို လာနေပြီဆိုရင် လက်ခေါက်မှုတ်သံနဲ့ အချက်ပေးတော့ ကလပ်စ်ထဲရှိနေလည်း မင်း အချိန်မီ အသာလေး လစ်ထွက်လိုက် ရုံပဲ မကောင်းဘူးလား"

"ကောင်းတယ်…ဒီအတိုင်းပဲလုပ်မယ်"

ထိုနေ့က ကလပ်စ် ခေတ္တနားချိန်မှာ ပူသဖြင့် ရွှေပိုးအိမ်တို့ က အပြင်ထွက်ကာ သစ်ရိပ်အောက်မှာ အချဉ်ထုပ်စားနေစဉ် ဩဘာ ရောက်လာပါတော့၏။ ရွှေပိုးအိမ်ကတော့ ခပ်တည်တည်ပင် အချဉ် ဆုပ်ပင် အစား မပျက်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေပိုးအိမ်"

ခေါ်လာသော ဩဘာကို စိတ်ပျက်ဟန်ကြည့်ကာ...

"ရှင်...ဘာ ဖယောင်းလာရှုပ်ဦးမလို့လဲ၊ လမ်းမှားနေပြီထင် တယ်"

"မမှားပါဘူး...ကိုယ် ရွှေပိုးအိမ်ကို ခင်မင်ချင်လို့ပါ"

"ဩော်...ဟုတ်လား"

သူ့စကားကို ရွှေပိုးအိမ်က မျက်ခုံးလေးချီ အံ့ဩဟ တမင်လုပ်လိုက်ပြီးမှ...

"ဘာကြောင့် ခင်ချင်ပါလိမ့်"

ရွှေပိုးအိမ်၏ တည်ငြိမ်ပြတ်သားမှုကို သူ တကယ် အံ့ဩ မိရ၏။ သူကလည်း ခေသူမဟုတ်ပါ။

တတ်နိုင်သမျှ ဟန်ကောင်းစွာ ပြောလိုက်ပါသည်။

"ခင်မင်ချင်တာဟာ...ခင်မင်ချင်တာပေါ့ဗျာ"

"အဟင်း...ဟင်း..ဟုတ်လား၊ ရှင်းလိုက်တာနော်ကဲ ကဲ ခင်ပါပြီတဲ့ ဘာလုပ်ချင်သေးလဲ၊ မေတ္တာရှိလာလို့ ချစ်ပါရစေ ကြိုက်ပါရစေ၊ တွဲပါရစေ ဒီလိုတွေ နောက်ဆက်တွဲလေးတွေ အမြီးတန်းလန်းနဲ့ လာမယ် မဟုတ်လား"

"ဟာကွာ"





"ပြောပါ...ပွင့်ပွင့်လင်းလင်းပေါ့၊ ကျွန်မက ဘွင်းဘွင်းပဲ င် ကျွန်မကို ခုလို မျက်နှာပြောင်တိုက်ပြီး ခင်ချင်ပါတယ်ဆိုက ည်းက ရှင့်အကြံကို သိလိုက်ပြီ"

"မဟုတ်ဘူး...ရွှေပိုးအိမ်၊ ကိုယ်ပြောတာ ကျေးဇူးပြုပြီး ထောင်ပေး"

"ဆောရီးပဲ..ကျွန်မ စိတ်မဝင်စားဘူး ဟုတ်လား၊ လုံးဝဆို ကို စိတ်မဝင်စားတာ၊ မုန်းနေတာလို့ထင်ရင်လည်း မတတ်နိုင် ရှင့်ကို မခင်ချင်ဘူး၊ ခင်ဖို့မပြောနဲ့ သိတောင် မသိချင်ဘူး"

"ဘာလို့လဲ ရွှေပိုးအိမ်"

"သိက္ခာကျလို့... ဂုဏ်သွေးမဲ့လို့"

"ဗျာ"

"လောကမှာ ရှင်နဲ့တွဲလိုက်ရမှ ခေတ်မီတာ၊ ဂုဏ်ရှိတာလို့ တဲ့မိန်းမထဲမှာ ကျွန်မ မပါဘူး၊ ဒီတော့ ရှင့်ကစားစရာ အရုပ် ထဲမှာ ကျွန်မ မပါနိုင်ဘူး"

"ဟာ...ရွှေပိုးအိမ် အထင်လွဲနေပြီကွာ"

"ဘာမှ ထင်စရာမရှိဘူး...မြင်နေတာပဲ၊ ရှင် ဘာကလိမ် ချစ် ညာချင်သေးလို့လဲ"

"အဲဒီအတွက် ကိုယ် ကတိပေးမယ်လေ၊ နောက်ထပ် မိန်းကလေးနဲ့မှ မပတ်သက်တော့ဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား–ဟား…ဒါ ဘာစကားကြီးလဲ"

"ရွှေပိုးအိမ်ကို ဘာကယ် ချစ်မိလို့ပါ"

"အမလေးနော်…သေချင်တာပဲ၊ ရှင်က ကျွန်မကို…"

"ဟုတ်တယ်…တကယ် အတည်ပြောနေတာပါ"

"ဒီမယ်"

"ပြောပါ ရွှေပိုးအိမ်"

"ပြောမယ်…ပြောမယ် သေချာနားထောင်"

"ဟုတ်ကဲ့…ပြောပါ"

"ရှင့်လိုလူက ချစ်တယ်လို့ပြောလာတဲ့စကားကို ယုံ လောက်အောင် ကျွန်မကို လဒ လံအယ်လေး မှတ်နေလား"

"ယုံအောင် ဘာနဲ့ သက်သေပြရမလဲဟင်"

"သက်သေလား"

"ဟုတ်တယ်"

"အဟွန်း…ခုနေများ ရှင်က ကျွန်မ ယုံအောင်ဆိုပြီ သေပြတောင်မှ မယုံရေးချ မယုံ၊ ကဲ…နားလည်တော့ ဟုတ်လား"

"ဟာ…ရွှေပိုးအိမ်ရာ မဟုတ်တာ"

"ရှင့်ကိုယ်ရှင် မိကောင်းဖခင် သားသမီးတစ်ယောက်လို ခံယူထားရင် အခုကျွန်မပြောတဲ့စကားတွေကို စိတ်အေးအေး ခေါင်





အေးထားပြီး သေချာစဉ်းစားလိုက်ဦးပေါ့၊ ရှင် နားလည်ထား …က ရွှေပိုးအိမ်ရဲ့ ဦးနှောက်ထဲမှာ ရှင့်လို အရှက်နဲ့ သိက္ခာမဲ့တဲ့ …ကို ဘယ်တော့မှ အထင်မကြီးဘူးဆိုတာ မှတ်ထားပေတော့"

ထိုစဉ်မှာပင် လက်ခေါက်မှုတ်သံ ကြားလိုက်ရ၏။

"ရှီ"

ခပ်လှမ်းလှမ်းမှ ကိုဖုန်းပင်။

သူ့ကို လက်ဟန်ခြေဟန်ဖြင့် 'လစ်တော့' ဟူသော …အရာ လုပ်ပြနေပေမယ့် သူ လုံးဝ မရွှေ့ပါ။

ပျာယာခတ် သူ့ကို ရှာနေသော အိန္ဒြာကို ကိုလည်း လှမ်း …င်လိုက်ရ၏။ ရွှေပိုးအိမ်က အိန္ဒြာကို ကိုမြင်လိုက်တော့မှ သူ့ကို …ရော်ပြုံးလေးနှင့် ပြောလိုက်သည်။

"ဟိုမှာ ရှင့်ပစ္စည်း လိုက်လာနေပြီ ဖင်မနိုင်ဘဲနဲ့ ရှင်က …ကြီးဟင်းလည်း စားချင်သေးတာကိုး၊ အဟွန်း…ကဲ…ယမင်းရေ …သွားကြစို့"

ရွှေပိုးအိမ် ထွက်သွားတော့မှ ယမင်းရော နဝါပါ ခပ်သုပ် သုပ် လိုက်သွားကြလေသည်။

အိန္ဒြာကိုက ရွှေပိုးအိမ်ကို လှမ်းမြင်လိုက်ကတည်းက …က်ဝန်းတွေ မီးတောက်သွားရရှာ အပြေးလေး လာကာ…



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘယ်လိုဖြစ်နေတာလဲ၊ အိန္ဒြာက ကင်တင်း စောင့်နေတာ မလာတာနဲ့ လိုက်ရှာတော့ ဒီရောက်နေတယ်၊ ဘာ ဒါ ဘာသဘောလဲ ဟိုမိန်းမက မြူနေတာလား ဟုတ်လား ကိုကို"

"တော်စမ်း...အိန္ဒြာ"

သူ ငေါက်လိုက်တော့ အိန္ဒြာ အံ့အားလေးသင့်သွားရပြီးမှ

"ကိုကို ဘာဖြစ်တာလဲ၊ မနေ့ကလည်း ရှီးပွဲမှာ လစ်ထွက် သွားတာ ပြန်မလာတော့ဘူး၊ အိန္ဒြာက စောင့်နေတာ အရမ်းစိတ် တာပဲ၊ ကိုကို တကယ်မကောင်းဘူးကွာ၊ အိန္ဒြာက ချစ်သလောက် သူက မချစ်ပါဘူး"

သူ့လက်မောင်းကို ဆွဲလှုပ်ကာ ပြောနေသော အိန္ဒြာ့လက် တွေကို ဆွဲဖယ်လိုက်ပြီးမှ သူ ပြောလိုက်၏။

"အိန္ဒြာ ဝမ်းနည်းပါတယ်ကွာ"

"ဟာင်...ကိုကို...ဘာ"

သူ့အပြုအမူကြောင့် အိန္ဒြာ မျက်နှာကွက်ကနဲ ပျက်သွား ရရှာ တအံ့တသြ ရှိသွားရတော့၏။

သူ အိန္ဒြာ့ကို မကြည့်ဘဲ ထပ်ပြောလိုက်၏။

"တောင်းပန်ပါတယ်၊ မင်းနဲ့ကိုယ် မဖြစ်နိုင်တော့လို့ ကွာ"





"ဟာင်"

အိန္ဒြာ ဆတ်ကနဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားရကာ...

"ကိုကို ဘာတွေပြောနေတာလဲ၊ ဘာစကားတွေလဲ၊ ဘာလို့ ဖြစ်နိုင်ရမှာလဲ၊ အိန္ဒြာတို့က ချစ်သူတွေပဲလေ၊ ကိုကိုပဲ အိန္ဒြာကို ချစ်တယ်ဆို၊ အိန္ဒြာကရော ကိုကို့ကို ဘယ်လောက် ချစ်တယ်ဆိုတာ ကိုကိုသိမှာပါ၊ ဘာ ပြဿနာရှိလို့လဲ ကိုကို၊ ပြော အိန္ဒြာ ရှင်းမယ် လား၊ ဟို ရွှေပိုးအိမ်ဆိုတဲ့မိန်းမကြောင့်လား၊ ဟုတ်လား...ကိုကို သူက ဘာမို့လဲ"

"အိန္ဒြာ မင်းထင်တိုင်း မရမ်းနေနဲ့"

"ရှင်"

"မင်းကို ကိုယ် မကြိုက်တော့ဘူး"

"ဟာင်...ဘာရယ်...ဘာကိုလဲ ကိုကို"

"မောက်မာလို့"

"အို...ကိုကို...ကိုကို့မေမေကို ဟိုတစ်ခါ စကားများ တာကိုလား၊ အိန္ဒြာ တောင်းပန်ပြီးပြီလေ၊ ဘာလဲ ကိုကို့မေမေ သွားပြီး တောင်းပန်ရမှာလားဟင်"

"မလိုတော့ဘူးကွာ၊ ပြီးသွားပြီ"

"ဟာင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ရွှေပိုးအိမ်ကို တကယ် စိတ်ဝင်စားသွားပြီ"

"ဟင်…ဘာ…ကိုကို"

"ဟုတ်တယ် စိတ်ဝင်စားတာမှ သာမန်မဟုတ်ဘူးကွာ၊ ဒါပေမယ့် သူက ငါ့ကို လုံးဝ ဂရုမစိုက်ဘူးလေ၊ အဟင်း…ပြောလိုက်တာမှ ရက်စက်တယ်ကွာ"

"အို…ကိုကို ရူးနေလားဟင်"

"ဟုတ်တယ်…ရူးချင်နေပြီ၊ ရွှေပိုးအိမ်က မထင်မှတ်လောက်အောင်ကို တည်ငြိမ်ပြတ်သားလွန်းတယ်ကွာ၊ ဒါပေမယ့် ငါ သိပ်ချစ်သွားပြီ"

"အို…တော်ပါတော့ နားမထောင်ချင်ဘူး"

အိန္ဒြာ နားနှစ်ဖက်ပိတ်ကာ ချာကနဲ ထွက်ပြေးသွားပါတော့၏။



# အခန်း (၁၂)

စိတ်ပေါက်ပေါက်နဲ့ ကလက်စ်ထဲ ရောက်ရောက်ချင်း နေရာမှာ ဆောင့်ကနဲထိုင်ကာ မျက်နှာမှုန်မှုန်ဖြင့် ရွှေပိုးအိမ်ပြောလိုက်၏။

"ကျွတ်…တကယ် စိတ်တိုတယ်ဟာ၊ အဲဒီအမှိုက်ကဘာကိစ္စ ငါ့ကို လာရှုပ်နေရပြန်တာလဲ၊ အရှက်ကို မရှိတဲ့လူ"

"ရွှေပိုး…ရှင်ပြောတာ အတော်လေး လွန်တယ်နော်"

"ဘာကိုတုန်း"

"အများကြီးပဲလေ၊ အရှက်မဲ့ သိက္ခာမဲ့တွေရော အဟင်း…ပြောနဲ့ ငါတို့တောင် မျက်နှာ ဘယ်လိုထားရမှန်း မသိဘူးဟာ"

"ဘာလဲ…အားနာတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ…လူတစ်ယောက်ဟာ ရစရာမရှိအောင် ပက်ပက်စက်စက် အပြောခံရတာ စိတ်ထဲ ဘယ်လိုနေမလဲ"

"ဘယ်လိုနေနေ ဂရုမစိုက်သေးဘူး၊ ဒီ့ထက်တောင် ပြောချင်သေးတယ်"

"ရွှေပိုးရယ်…ရှင်ဟာ သိပ်ခက်ပါလား"

"ဘာ…ငါက ခက်တယ်၊ သူ မျက်နှာပြောင်တိုက်ပြီး အရှက်မရှိ လာပြောနေတာတွေကို ပြုံးပြုံးလေးနားထောင်နေရမလား ပြောစမ်းပါဦး"

"သြော်…ကိုယ်မကြိုက်လည်း လိမ္မာပါးနပ်စွာ တုံ့ပြန်ပေါ့ဟာ၊ အလကားနေရင်း အန္တရာယ်ဖိတ်ခေါ်သလို ဖြစ်နေမှာစိုးလို့ပါ ရွှေပိုးရယ်"

"မတတ်နိုင်ဘူး၊ အဲဒီလို မျက်နှာရှုးကို လိမ္မာပါးနပ်တဲ့ စကားတွေပြောလည်း အလကားပဲ၊ အရှက်ကို မရှိတာ၊ ဒီလောက် ပြောနေတာတောင် မြင်တဲ့အတိုင်းပဲ၊ ကျောက်ကျောရေပက် မျက်ခွက်နဲ့၊ ဟွန်း… အမြင်ကတ်စရာကောင်းလိုက်တာ"

"အင်း… အဲဒါတော့ ဟုတ်တယ်ဟဲ့၊ ရှင် ဘာပြောပြော သူ စိတ်ဆိုးပုံ နာပုံ မရဘူး၊ အံ့ရော"

"သြော်…အရှက်ရော၊ သိက္ခာရော မရှိတဲ့လူတွေရဲ့ ထုံး



လေ၊ တော်ရုံတန်ရုံ လူတစ်ယောက်ဆို နာလို့ လှည့်ကြည့်မှာတောင် ဟုတ်တော့ဘူး"

"ဟုတ်တယ်… တစ်ခုတော့ ရှိတာပေါ့ဟာ"

"ဘာလဲ"

"သူ တကယ်ကြွေနေမိလို့ ရှင်ဘာပြောပြော လုံးဝ နာနိုင်၊ စိတ်မပျက်နိုင်တာမျိုး"

"အမလေး… တော်ပါတော့၊ ကျုပ်ကလည်း သူ့လိုလူစား ကို သေတောင် မစဉ်းစားဘူး၊ မိန်းမပေါင်းစုံနဲ့ တွဲခဲ့ပြီးမှ ဘာရောဂါ တွေ ရနေမှန်း မသိတဲ့လူကို ကြိုက်မိရင်တောင်မှ ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မှာ သိလား…ရွံလွန်းလို့"

"နင်ကလဲ… ပြောတော့မယ်"

"တကယ်ပြောနေတာ… အရမ်းရွံတာပဲ၊ ဖြစ်နိုင်ရင် မြင်တောင် မမြင်ချင်ဘူး၊ ဒါပေမယ့်… သူက ကြံဖန်ဖယား လာလာရှုပ်တော့ ငုတ်တုတ်နေရင် ကမ်းတက်လာမှာစိုးလို့ ပြန်ပြောနေရတာ လေ၊ သူနဲ့ပြောမိတဲ့ ကိုယ့်ပါးစပ်တောင် ကိုယ် မုန်းတယ်"

"ရွှေပိုးရယ်… ရှင်ကလည်း စိတ်ကြီးတာနဲ့ ဒုက္ခပါပဲ"

"ဟုတ်တယ်…ဒုက္ခပဲ၊ သူ့စိတ်ထဲမှာ ငါ့ကို တွဲကိုတွဲရမယ် ဆိုတဲ့ စိတ်ကူးလေး ရှိနေပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်...သိရသလောက် သူက ကွင်းတွေရော၊ ကွင် မဟုတ်တဲ့ ခပ်ချောချောလေးတွေကိုရော တွဲတဲ့အကျင့် ရှိတယ်တဲ့"

"အဟင်း... မိန်းမတွေကလည်း အဲဒီလိုလူကို ဆတ်စ ထပြီး တွဲရရင် သေပျော်ပါပြီလို့ ခံယူထားတာလားမှ မသိ ယောကျ်ားလေးတစ်ယောက်အတွက် ဘာအရေးလဲ၊ ဘာနစ်နာစ ရှိလဲ၊ မိန်းမသားမှာသာ အစွန်းအစက် အထင်ခံပြီး ဘာမှ မ တောင် သန့်စင်တဲ့မိန်းမ မဟုတ်တော့ဘူးလို့ အထင်မှားခံရ လောက် ဆိုးတာ ရှိဦးမလားလို့"

"ရွှေပိုးရယ်... မိန်းကလေးတိုင်း ရှင့်လိုအတွေးမျိုး ရှိ ကောင်းမှာ၊ ကျုပ်တို့မိန်းမသားတွေအတွက် သိက္ခာနဲ့ ဣန္ဒြေဆို အသက်ထက် အရေးကြီးတယ်ဆိုတာ သဘောပေါက်ဖို့ကောင်းတယ်"

"အဟင်း...သဘောမပေါက်ကြလို့ ခုနက အိန္ဒြေကို ပျက်နေတဲ့ပုံစံကို မြင်တယ်မဟုတ်လား၊ ခုပဲ ကမ္ဘာပျက်တော့ ဒီဇိုင်းနဲ့၊ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာများ စိတ်ကုန်စရာ"

"အင်း... ဟုတ်တယ်နော်၊ အဲဒီတစ်ယောက်လည်း ဖြ နာပဲ"

"ရှိုးပွဲကြည့်နေတုန်း ဩဘာ လစ်ထွက်သွားတာ ဖြ မလာကတည်းက ငါတော့ အထင်သား"





"ဘာလဲ"

"ငါတို့ကို မျက်နှာပူလို့လေ"

"ဘာဆိုင်လဲ"

"သြော်... ဆိုင်ပါသော်ကော၊ အဖြေက သူ ရှင့်ကို ပြောင်းချိတ်ချင်နေတဲ့အကြံ ရှိနေတာကိုး"

"သနားစရာပဲ...ငါကလည်း သူ့ကို ချီးထက်တောင် ရှုံသေး"

"ရွှေပိုးရယ်... ရှင် အရင်တုန်းက ဒီလိုအပြောမဆိုးပါဘူး နော်၊ ခုမှ အံ့ဩစရာ ကောင်းနေပြီ"

ယမင်းပြောမှ ပိုးလည်း ကိုယ့်အဖြစ်ကို သတိထားမိစွာ စိတ်ပျက်ပြုံးလေးနှင့် ပြောလိုက်ရ၏။

"အဟွန်း... ဟုတ်တယ်၊ အရင်က ကျုပ်ဆိုတာ အင်မတန် သိမ်မွေ့ယဉ်ကျေးတဲ့ ရွှေပိုးအိမ်ပါဟာ၊ ခုတော့ ဒီမျက်နှာရှုးနဲ့ တွေ့မှ စိတ်က တစ်ချိန်လုံး တိုနေရတာ"

"စိတ်မတိုချင် အလွယ်လေး"

"ဟင်.. ဘာလဲ"

"ရှင် ရည်းစားတစ်ယောက် ကောက်ထားလိုက်ပေါ့၊ ဒါဆို ဒီလူ သဘောပေါက် နောက်ဆုတ်သွားရော"



www.burmeseclassic.com

www.burmeseclassic.com



ငုဝါပေးသော အကြံကို ပိုး ခေါင်းအသာရမ်းလိုက်ပြီးမှ…

"ဟင့်အင်း… ငါက ငါ့ကိုယ်ငါ အရမ်းတန်ဖိုးထားတာ ချစ်သူနဲ့ လက်ထပ်သူ တစ်ယောက်တည်းပဲ ဖြစ်ရမယ်၊ အဲ တစ်ယောက်ကိုပဲ ငါ့ရင်ထဲ လှိုက်လှဲလေးစား ယုံကြည်ကိုးစားစိတ် တွေ အပြည့်ရှိနေရမယ်၊ ငါ့ကို လက်ထပ်လိုက်ရတဲ့ သူ့အတွက် လည်း နှစ်သက်‥ မြတ်နိုး‥ ကျေနပ်‥ ကြည်နူးစိတ်တွေ အပြည် အဝ ရှိနေစေချင်တယ်၊ ဒါဆိုရင် သာယာချမ်းမြေ့တဲ့ အိမ်ထောင် ရေးတစ်ခု တည်ဆောက်နိုင်ပြီလေ"

"ရွှေပိုးရယ်… ရှင့်ကို ပိုင်ဆိုင်ခွင့်ရတဲ့ အမျိုးသားဟာ တကယ့်ကို ကံကောင်းတဲ့လူပဲ"

"အဟင်း… အဲဒီ ကံကောင်းခြင်းအတွက် ခုလို မလိုအ တဲ့ ကြားဝင်နှောက်တာတွေကြောင့် ငါ ဘယ်လောက် စိ အနှောက်အယှက် ဖြစ်နေရသလဲဆိုတာ စဉ်းစားကြည့်ပေါ့ဟာ"

"အင်းပါ… သူကလည်း ရှင့်ကို ခါတိုင်းတွေလိုပဲ သ ကာ ရှုံ့ကာ ယူဆပြီး စမ်းလိုက်တာ ဖြစ်မှာပေါ့၊ ဒီလိုလူစားတွေ ငါးမရ ရေချိုးပြန်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့လေ၊ မရမှန်းသိသွား နောက်တစ်ယောက် ပြောင်းသွားလိမ့်မယ်"

ယမင်းအပြောကို ငုဝါက စဉ်းစားဟန်ဖြင့်…





"အဲဒီလိုဖြစ်ရင် ဘာအရေးလဲဟာ၊ တော်ကြာ မစားရတဲ့ အမဲ သဲနဲ့ပက်မယ်ဆိုတဲ့ အကြံနဲ့ ယုတ်မာပြီး အရှက်ခွဲရင် ပြဿနာပဲ"

ငုဝါစကားကို ပိုးက ပခုံးလေးတွန့်၊ မဲ့ပြုံးလေးဖြင့်…

"ရွှေပိုးအိမ်တို့က အသက်နဲ့ လူမလုပ်ဘူး၊ အရှက်နဲ့ လူ လုပ်တာဆိုတော့ အဲဒီလိုသာ ကြံစည်လာရင်လား အသက်ချင်း လဲပစ်လိုက်ရုံပေါ့၊ ငါက ကိုယ် အရမ်းအထင်သေးတဲ့လူကို ဘယ် တော့မှ လက်မခံနိုင်ပါဘူးဟာ"

"ပြောသာပြောရတာ၊ သူ့မျက်နှာကြည့်ရတာ ယုတ်မာ ကောက်ကျစ်မယ့်ပုံလည်း မရှိပါဘူးဟာ"

"ယမင်းရယ်… လူ့အတွင်းစိတ်ဆိုတာ ခန့်မှန်းလို့မှ မရ တာ၊ အပြောခံထားရတော့ စိတ်ထဲ အကြိတ်အခဲဖြစ်ပြီး မကျေနပ် တာကို ဟန်ဆောင်ဖုံးချင်လည်း ဖုံးထားမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ငါ သတိထားရတော့မှာ၊ လျှော့တွက်လို့တော့ ဘယ်ရမလဲ"

အချိန်စေ့ဘဲလ်သံကြောင့် ကလပ်စ် ပြန်စချိန်အထိ အိန္ဒြာကိုတစ်ယောက် ရောက်မလာတော့သဖြင့် ငုဝါက…

"ဟဲ့ နောက်က ဟိုတစ်ယောက် မလာတော့ဘူး"

ယမင်းက မသိမသာ အကဲခတ် ငုံ့ကြည့်လိုက်ပြီးမှ…

"နတ်ဝင်သလိုဖြစ်ပြီး ဆောက်တည်ရာမဲ့ ထွက်သွားပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သတိထားရမယ့်အထဲမှာ အဲဒီတစ်ယောက်လည်း
အတွက် အရေးကြီးတာပဲလေ"

သုံးရက်တိတိ အိန္ဒြာကို ကျောင်းမလာတော့ ငှဝါတို့
သတိထားနေသူပီပီ...

"ဒီနေ့လည်း မလာသေးဘူးဟဲ့"

"နေမကောင်းလို့လား၊ ကိစ္စတစ်ခုခုရှိလို့လား ဖြစ်မှာပေါ့ဟာ"

"သြဘာနဲ့ ဖြစ်စတဲ့ကိစ္စကြောင့်ပဲ ဖြစ်မှာပေါ့ဟာ"

"ဟိုတစ်ယောက်လည်း ငြိမ်နေတယ်နော်၊ ဘာ အကြံ
ထုတ်နေလည်း မသိဘူး"

မှန်၏။ သြဘာကိုလည်း မတွေ့ရပါ။

သတိထားနေပါတယ်ဆိုမှ နှစ်ယောက်စလုံး အစအ
မတွေ့ရတော့။ ပိုးမှာ မအိမလည်ကြီးလို ဖြစ်နေရလေသည်။

"နင့်စကားတွေကြောင့် တစ်ခါတည်း တပ်ဆုတ်သွား
နေမှာပေါ့ ရွှေပိုးရယ်"

"အင်း...အဲလိုပဲ ဖြစ်ပါစေဟာ"

တကယ်တော့ သြဘာက ပိုးထင်သလို မဟုတ်။

ပိုးမမြင်နိုင်သော ခပ်လှမ်းလှမ်းမှ ပိုးတို့ကို အကွယ်တ
မှ ငေးမော လှမ်းကြည့်နေတတ်တာတွေ ပိုးတို့ လုံးဝမသိ



## အခန်း (၁၃)

အံ့သြ တုန်လှုပ်ရလွန်း၍ အိန္ဒြာ ကျောင်းပင် မတက်နိုင်။
တစ်ချိန်လုံးလုံး နားထဲမှာ ကိုကို့အသံတွေ ကြားနေမိ၏။

'မင်းကို ကိုယ် မကြိုက်တော့ဘူး'

'မောက်မာလို့'

'ငါ ရွှေပိုးအိမ်ကို တကယ်စိတ်ဝင်စားသွားပြီ'

'ရွှေပိုးအိမ်က မထင်မှတ်လောက်အောင် တည်ငြိမ်ပြတ်
းလွန်းတယ်ကွာ၊ ဒါပေမယ့် ငါ သိပ်ချစ်သွားပြီ'

ကြည့်စမ်း...ကိုကို ဘာများဖြစ်သွားပါလိမ့်။

အိန္ဒြာကို ပြောလိုက်တဲ့စကားတွေက နားမှတဆင့်
သည်းထဲအထိ ချွန်မြ စူးရှလွန်းစွာ နာကျင်ခံစားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိုးအိမ်က အိန္ဒြာထက် ဘယ်နေရာမှာများ သာနေ အလှလား၊ ပညာလား၊ မိဘစည်းစိမ်ဘက်ဂရောင် အို.. အားလုံး ယှဉ်နိုင်တယ်။

အိန္ဒြာကို့ရာဇဝင်မှာ အရှုံးပေး လက်လျှော့လိုက် ဘယ်တော့မှ မရှိစေရ။ အမြဲတမ်း လိုတရအာဝနဲ့ မော့မော့ လေး နေလာခဲ့သမျှ…

ဟွန်း… ရွှေပိုးအိမ်ဆိုတဲ့ မိန်းမကြောင့် အရှုံးပေးလို ရာဇဝင်ရိုင်းသွားမှာပေါ့။

အကြံထုတ်ချင်၍ တမင်ပင် ကျောင်းမသွားတော မာမီကပင် ငြိမ်နေသော သူမကို သတိထားမိ

"သမီးလေး… ဘာဖြစ်လဲ၊ နေမကောင်းဘူ ကျောင်းမသွားဘူးလား"

"ကောင်းပါတယ် မာမီရဲ့၊ မသွားချင်လို့"

"ဟင်.. ဘာလို့လဲ သမီး"

"မာမီ"

"အင်း"

ခေါ်ပြီးမှ မေးရ မမေးရ အိန္ဒြာ တွေကနဲ ဖြ အိန္ဒြာတို့ မိသားစုက အလွန်ပွင့်လင်းပါသည်။





အိန္ဒြာနဲ့ ကိုကို ချစ်သူတွေ ဖြစ်သွားသည့်အကြောင်းကို မာမီ့ကို ပြောပြထားပြီးသား။ မာမီကပင် သဘောကျစွာပြုံး၍…

"အင်း…မာမီ့သမီးလေး လက်ခံတဲ့လူငယ်ဆိုတော့ နယ် ထဲက မဟုတ်ဘူး ထင်တယ်ကွယ်"

အိန္ဒြာကလည်း ဂုဏ်ယူကြည်နူးစွာ မာမီ့ကို ကြွားရတာပေါ့။

"ဟုတ်တယ် မာမီ၊ ကိုကိုတို့က အရမ်းချမ်းသာတာလေ၊ သားပဲ တစ်ဦးတည်းသော သားပေါ့၊ အပျံစားလေး မာမီရဲ့၊ နီလေးနဲ့ ကျောင်းတက်တာလေ"

"ဟုတ်လား… အင်း..အင်း.. သမီးက ရွေးတတ်ပါ ကွယ်၊ မာမီ လုံးဝ စိတ်ချတယ်ဟုတ်လား၊ အိမ် အလည်ခေါ် အကဲခတ်ရတာပေါ့"

"ကိုကိုက ရှက်နေလား မသိဘူး၊ နောက်မှ လာမယ်တဲ့

"သြော်…ဟုတ်လား"

ကိုကိုနဲ့ ဘယ်သွားသည်၊ ဘယ်လာသည်ကအစ အိန္ဒြာက ကို သူငယ်ချင်းတစ်ယောက်လို ပြောပြလေ့ရှိတာမို့ ခုလည်း တွက် ရောမ ပြဿနာကြီး ဆိုက်နေတာကို မာမီ့အား အသိ ပင်ရရင် ကောင်းလေမလား။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာတွေ စဉ်းစားနေတာလဲ၊ သမီးမှာ ဘာပြဿနာ ရှိနေလို့လဲ၊ မျက်နှာလည်း မလန်းဘူး၊ ပြောပြလေ၊ မာမီ ဘာ ကူညီပေးရမလဲ သမီး"

မာမီ မေးလာတော့မှ ငိုချင်ရက် လက်တို့ဆိုသလို အိန္ဒြာ မျက်ရည် အိကနဲ ဝဲလာရ၏။

"ဟင် သမီး"

မာမီ ထိတ်ကနဲ ဖြစ်သွားတော့၏။

"မာမီ အိန္ဒြာမှာ ဘာချို့ယွင်းချက်တွေ ရှိနေလို့လဲဟင်"

"ဟင် သမီး ဘာပြောတယ်၊ ချို့ယွင်းချက် ဟုတ်လား"

"ဟုတ်တယ် မာမီ"

မျက်ရည်ကို ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်ရင်း အိန္ဒြာ ခေါင်းလေးညိတ်ပြတော့ မာမီက...

"မဟုတ်တာ သမီးရယ်၊ အစစ အရာရာ ပြည့်စုံနေ မာမီတို့သမီးလေးမှာ ဘယ်ကလာ ချို့ယွင်းချက်တွေ ရှိရမှာ ဘယ်သူက ဘာများ ပြောလို့လဲကွယ်"

"မာမီ"

"အင်း"

"ကိုကိုက..."





ပြောရင်း အိန္ဒြာအသံက တိမ်ဝင်သွားပြန်၏။

"အင်း... သမီးကိုကိုက ဘာဖြစ်လဲ ပြောလေ"

"အိန္ဒြာကို မကြိုက်တော့ဘူးတဲ့"

"ဟင်... ဘာ..ဘယ်လို"

မာမီပင် တအံ့တသြ ပါးစပ်အဟောင်းသား...

"မောက်မာလို့တဲ့လေ"

"အို.. မဟုတ်တာ၊ သမီးက ဘယ်မှာ မောက်မာလို့လဲ ကွယ်၊ သူ့ကို ဒီလောက်ချစ်တာ မာမီတောင် သိတယ်"

အိန္ဒြာ နာကျည်းစွာ ပြုံးလိုက်၏။

"မာမီ သိပေမယ့် သူ မသိဘူးလေ၊ ဘယ်သိမလဲလို့.. နောက်ထပ် အသစ်တစ်ယောက် တွေ့ထားပြီကိုး"

"ဟင်... ဘာရယ်..သမီး၊ နောက်ထပ် အသစ်၊ သမီးနဲ့ သူ ကြိုက်ကြတာ ဘယ်လောက်ကြာသေးလို့လဲ"

"ဟုတ်တယ် မာမီ၊ ကိုကို တကယ်ရက်စက်တယ်၊ သမီးက ကိုကို ရည်းစားများမှန်းသိပေမယ့် သမီးဟာ ကိုကို့ရည်းစားထဲက နောက်ဆုံးမိန်းကလေးပဲ ဖြစ်ရမယ်လို့ ခံယူထားတာ မာမီရဲ့၊ ကိုကို့ကို သမီး သိပ်ချစ်တယ်.. အလွဲမခံနိုင်ဘူး၊ မာမီ.. သမီး အခု ဘာလုပ်ရမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြာ့စကားကို မာမီ သက်ပြင်းလေး ဖွဖွချကာ…

"ဖြစ်ရလေ သမီးရယ်၊ အခုက ဟိုမိန်းကလေးနဲ့ တွဲနေပြီလား"

"မတွဲသေးပါဘူး မာမီ၊ ကြိုးစားနေပုံပဲ၊ အဲဒီမိန်းမကလည်း ဘယ်လိုအထာတွေ ပေးနေသလဲမှ မသိတာ၊ ကိုကိုနဲ့ သမီး ဖြစ်နေကြတာ တစ်ကျောင်းလုံးသိတယ်"

"သိရက်နဲ့ ကြားဝင် ဖျောင်နှိုက်ပါ့မလား သမီးရယ်၊ သမီး ဆန္ဒစောသလို ဖြစ်နေပါဦးမယ်"

"မဟုတ်ဘူး မာမီရဲ့၊ ကိုကို ကိုယ်တိုင်က သမီးကို ပြောတာ၊ အဲဒီမိန်းမကို ချစ်တယ်တဲ့"

"ဒါဆိုလည်း ဘာလို့ ဂရုစိုက်နေဦးမှာလဲ သမီးရယ်၊ လောကမှာ ယောကျ်ားရှားသလား၊ သူ့ထက်သာတာတွေ အများကြီး သမီးပတ်ဝန်းကျင်မှာ ခါကိုခါချနေရတာ၊ မာနထားစမ်းပါ သမီးရယ်"

မာမီ့စကားကို လက်မခံနိုင်ဟန်ဖြင့် အိန္ဒြာ ခေါင်းတွင်တွင် ရမ်းကာ ပြောလိုက်မိ၏။

"မာမီရယ်… သမီးက ကိုကို့ကိုပဲ ချစ်တာ"

"အင်း… ခက်ပါလား"

"မာမီရယ် အကြံပေးစမ်းပါဦးနော်"





"ဒါဆိုလည်း အဲဒီကောင်လေးကို သမီး သေချာပြောပြ သမီး တကယ်အလေးအနက်ထားတဲ့အကြောင်းတွေ သူ ည်အောင်"

"ဟုတ်တယ်နော်… မေမေ၊ အိန္ဒြာ ဘယ်လိုပဲ တောင်းပန် ာင်းပန်ရ ကိုကို ကျေနပ်ရင် တော်ပါပြီ"

ညဦးကိုးနာရီလောက်မှာ အိန္ဒြာ ကိုကို့ဆီ ဖုန်းဆက်၏။ ား ပြောချင်၍ပါ။

"ဟလို…ဩဘာပါ"

"ကိုကို…အိန္ဒြာပါ"

"သြော်…ပြော"

"ကိုကို အိန္ဒြာ တောင်းပန်ပါတယ်နော်"

"ဘာကိုလဲ အိန္ဒြာ"

"အိန္ဒြာ့ကို မရက်စက်ပါနဲ့ ကိုကို၊ ကိုကို့ကို အိန္ဒြာ တကယ် ာပါ၊ တကယ် အလေးအနက်ထားပြီးကို မျှော်လင့်ထားတာပါ ချိုရယ်"

"အိန္ဒြာ"

"ရှင် ကိုကို"

"ကိုယ် တကယ် ဝမ်းနည်းပါတယ်ကွာ"

"ဟင် ကိုကို အိန္ဒြာ့မှာ ဘာအပြစ်ရှိလို့လဲ၊ မောင်မာလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ကိုကို့အကြောင်းပြချက်ကို အိန္ဒြာ ပြုပြင်လို့ ရတယ်နော် ကိုကိုရဲ့၊ စိတ်ချ.. အိန္ဒြာ လိမ်လိမ်မာမာလေး နေသွားပါ့မယ်နော် ကိုကို သဘောမကျတာ အိန္ဒြာ ဘာမှ မလုပ်ပါဘူး ကိုကိုရယ် ကတိ ပေးပါတယ်၊ တကယ် ကတိပေးပါတယ်နော် ကိုကို''

''အိန္ဒြာ''

''ဟုတ်''

''ကိုယ် ဘယ်လို ပြောရမလဲကွာ''

''ဟင်.. ရှင် ဘာကိုလဲ ကိုကို''

''မင်းကို ကိုယ် တကယ်မချစ်ဘူးဆိုတာ ခုမှ ကိုယ့်ကိုယ်ကို ကိုယ်သဘောပေါက်သွားလို့ မဖြစ်နိုင်ဘူးလို့ ပြောရတာပါကွာ တခြားကြောင့် မဟုတ်ပါဘူး၊ ကိုယ့်ရင်ထဲမှာ မင်းကို ဘယ်လို ချစ်လို့ မရလို့ပါကွာ၊ ခွင့်လွှတ်ပါအိန္ဒြာ''

ပြောပြီးပြီးချင်း သူ ဖုန်းချလိုက်တော့ အိန္ဒြာ ချက်ချင်း ပြန်ခေါ်၏။ သူ ပြန်ကိုင်ကာ နားထောင်တော့...

''ကိုကို.. ကိုကိုပဲ အစက အိန္ဒြာ့ကို ချစ်တယ်လို့ ပြောပြီးပြီလေ၊ စကားတစ်ခွန်းကို ကိုကို ပြီးစလွယ် မပြောတတ်ဘူးတာ အိန္ဒြာ သိတယ် ခုလဲ...''

''မဟုတ်ဘူး... အိန္ဒြာ၊ မင်း မှားနေပြီ''

''ဟင်.. ဘာရယ်''





''မင်းကို ချစ်တယ်လို့ ပြောခဲ့တာဟာ ရင်ထဲက အလေးအနက်စကား မဟုတ်တဲ့အတွက် တောင်းပန်ပါတယ်ကွာနော်၊ ကိုယ် အပျော်ပြောတဲ့ စကားပါ၊ မင်းလိုပဲ မိန်းကလေး အတော်များများကို ကိုယ် ဒီလိုပဲ ပြောခဲ့တာပါကွာ၊ အဲဒီအတွက် ခု ကိုယ် တကယ် စိတ်မကောင်းပါဘူးကွာ၊ တစ်ခုပဲ ဖြေသာမိတယ်၊ ဘယ်သူ့ကိုမှ ကိုယ် နစ်မွန်းအောင် မစော်ကားမိခဲ့ဘူးဆိုတဲ့ အချက်ပါပဲ၊ မင်းလည်း ကိုယ့်အပေါ် နားလည် ခွင့်လွှတ်ပေးစေချင်ပါတယ်ကွာ၊ ကိုယ်တို့ ရှေ့ဆက်ပြီး မိတ်ဆွေတွေအဖြစ် ဆက်ဆံသွားရအောင်ကွာ နော်''

''အို...ကိုကို ပြောသလောက် လွယ်ရင် သိပ်ကောင်းတာပေါ့၊ အိန္ဒြာ အဲဒီလောက် သဘောထား မကြီးနိုင်ပါဘူး ကိုကို''

''ဒီတော့...''

''အိန္ဒြာ ကိုကို့ကိုပဲ ချစ်တယ်၊ လက်ထပ်ချင်တယ်၊ ဘယ်လို အကြောင်းကြောင့်မှ မပြောင်းလဲချင်တော့ဘူး ကိုကို၊ အိန္ဒြာ့အချစ်ကို ကိုကို နားလည်ပေးပါနော်''

''ကိုယ် ပြောပြီးပြီလေ အိန္ဒြာ၊ မင်းကို မချစ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကို မျှော်လင့်နေတာဟာ အဓိပ္ပာယ် မဲ့လွန်းဘူးလားကွာ''

''ဟင့်အင်း... လုံးဝ အဓိပ္ပာယ်ရှိတာပေါ့၊ ကိုကို့အချစ်ကို ရတဲ့အထိ အိန္ဒြာ ဖွဲ့ကောင်းရမှာပေါ့၊ အိန္ဒြာက ချစ်ရသူပဲလေ''

www.burmeseclassic.com



"ဆောရီးပဲကွာ... ကိုယ်လည်း ကိုယ်ချစ်တဲ့မိန်းကလေးကိုပဲ လက်ထပ်ဖို့ ဆန္ဒရှိတယ်"

"ရွှေပိုးအိမ်လား"

"အင်း"

"သူက ကိုကို့ကို လက်ခံတယ်လား"

"ကြိုးစားရမှာပေါ့ကွာ"

"သူ့မှာ အိန္ဒြာထက် ဘာတွေများ သာနေလို့လဲ ကိုကို"

"မင်း မှားနေပြီ အိန္ဒြာ၊ အချစ်မှာ အသာ အနာ တွက်ပြီး ချစ်တာမှ မဟုတ်တာ၊ ရင်ထဲက သူ့အလိုလို ဖြစ်တည် ငြိတွယ်လာတဲ့ ကိစ္စပါကွာ"

"ကောင်းပြီလေ... ကြည့်ကြသေးတာပေါ့ ကိုကိုရယ်၊ အဟွန်း...ဟွန်း"

"အိန္ဒြာ... မင်း ဘာ..လုပ်..မလို့လဲ"

"ဟင့်အင်း... ဘာမှ မစဉ်းစားရသေးပါဘူး ကိုကိုရဲ့၊ အိန္ဒြာ ဘာလုပ်သင့်သလဲဆိုတာ ကိုကို့အပေါ်မှာ လုံးဝတည်နေတဲ့ကိစ္စလေ"

"မဟုတ်တာ... လျှောက်မလုပ်နဲ့နော်၊ ငါ သည်းခံမှာ မဟုတ်ဘူး အိန္ဒြာ"

"ကဲ...ကဲ.. ဒါပဲနော် ကိုကို ဖွတ်နိုက်"



## အခန်း (၁၄)

"ဟဲ့.. ဒီနေ့ အိန္ဒြာကို ကျောင်းတက်ပြီ"

ယမင်းအပြောနဲ့အတူ အိန္ဒြာကို သုံးနေကျ ပွိုင့်စင် ရေမွှေးနံ့ကိုပါ ရလိုက်သည်။ ညိုလှဲ့အသံကို သတိထားမိလေသည်။

"အိန္ဒြာ... ရော့..နင့်အတွက် ငါ လက်ချာတွေ ကူးပေးထားတာ"

"အင်း... ကျေးဇူး"

"နေကောင်းသွားပြီလား"

"အင်း"

"ငါတို့က လူနာသတင်း လာမေးဖို့တောင် စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဟုတ်ပါဘူးဟာ ပျင်းလို့"

"မိန်းမ ကျောင်းတော့မလာဘူး၊ ကိုကိုနဲ့ လျှောက်လည်နေ
တာ မဟုတ်လား"

ညိုလဲ့နဲ့ ဝေမာတို့က ဘာမှ သိပုံမပေါ်။

ကိုယ့်အားနည်းချက်ကို အိန္ဒြာ ဘာလို့ ဖွင့်ချရမှာလဲ၊ ဟာ
ကိုယ့်ဖို့ပေါ့။ ခပ်တည်တည်ပင်၊ ချော်လဲရောတိုင် လုပ်လိုက်၏။

"အဟင်း...ဒါပေါ့၊ ကိုကိုနဲ့ ညနေတိုင်း အပြင်မှာ
လေညှင်းခံ၊ တစ်ခုခု စားတာလေ"

"ပျော်လား"

"သိပ်ပျော်တာပေါ့၊ ကိုကိုက ငါ့ကို အရမ်းဂရုစိုက်တာ
သိလား"

"အိမ်က သိလား"

"သိတာပေါ့ မာမီတို့က သဘောတူပြီးသား၊ ကို
ကျောင်းပြီးတာနဲ့ လက်ထပ်ပေးမှာလေ"

"ဟင်... အဆင်ပြေလိုက်တာနော်"

"အဆင်မပြေစရာ ဘာအကြောင်းမှ မရှိဘူးလေ၊ သူ
ကိုယ်ပါ အရမ်းချစ်ကြတယ်၊ မိဘချင်းကလည်း အဆင်ပြေ
တော့ သာယာဖြောင့်ဖြူးတဲ့ ပန်းခင်းလမ်းပဲပေါ့ အဟင်း...ဟင်း"





"အိန္ဒြာ"

"အင်း"

"နင် ကျောင်းမလာတဲ့နေ့တွေဆို နင့်ကိုကိုက ငါတို့
လပ်စ်ရှေ့ နေ့တိုင်း လာလာစဲတယ်ဟဲ့၊ နင့်ကို လာရှာတာ"

"ဪ"

အိန္ဒြာ့ရင်ထဲ နင့်ကနဲ ခွေးလျှသွားရပါတော့၏။ ကိုကိုရယ်
ိန္ဒြာ မလာမှန်းသိလို့ ရှေ့ပိုးအိမ်ကို လာကြည့်တာ မဟုတ်လား။

ဒါပေမယ့် အိန္ဒြာ ဟန်ကောင်းရပါမည်။

သဘောကျစွာ တမင်ရယ်ကာ ရှေ့မှတစ်ယောက်ကြား
အောင် ပြောလိုက်ရ၏။

"အဟင်း...အဲဒါ ငါ တမင်လုပ်တာလေ"

"ဟင်...ဘယ်လို"

"ကိုကိုနဲ့ ငါ့ကြားမှာ မဆိုစလောက် ပြဿနာသေးသေး
သေးတစ်ခု ရှိသွားခဲ့တာလေ"

"ဟုတ်လား...ဘာများလဲ"

"အလကားပါ...အရေးမကြီးပါဘူး၊ အဲဒါကို ငါက
တမင် အကွက်ဆင်ပြီး ကိုကို့ကို စိတ်ကောက်ပြလိုက်တာပေါ့"

"ကျောင်းမတက်တာကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်… ငါ ကျောင်းမလာတော့ ကိုကိုလေ [illegible] နေနိုင်မလဲဟာ၊ အိမ် လာလာပြီး ချော့တာပေါ့"

"သြော်…သြော်… ဒီလိုလား"

"ဟုတ်တယ်… ငါကလဲ ကိုကို့စိတ်ကို စမ်းချင် [illegible] ပြေသွားတာတောင် ဟန်လုပ် ကောက်မြဲကောက်နေလို့ [illegible] အဟင်း…ကိုကိုချော့တာ ပျော်စရာကောင်းလို့"

"အိန္ဒြာရယ်…ကျောင်းအပျက်ခံပြီးတော့"

"အို… ကျောင်းပျက်လည်း အရေးမကြီးပါဘူး၊ ငါ [illegible] ကိုကို့ထက် အရေးကြီးတာ ဘာမှ မရှိဘူးသိလား"

"သိပါတယ်နော်…သိပါတယ်"

"အဟင်း…ကိုကိုက သိပ်ချစ်စရာကောင်းတာ [illegible]

"ဘာလို့လဲ"

"စိတ်ကောက်နေတဲ့ ငါ့ကို စိတ်ပြေသွား [illegible] ဘယ်သွားချင်လဲ၊ ဘာစားချင်လဲ၊ ဘာလိုချင်လဲ၊ ကြိုက် [illegible] အားလုံး အလိုလိုက်တာဆိုတော့ ချစ်စရာမကောင်းဘူး [illegible]

"အင်းပါ…အင်းပါ"

"ကိုကို့ ကြည့်ပြီး ငါ အရမ်းရယ်ချင်တာပဲ"

"ဘာဖြစ်လို့"





"ငါ စိတ်ပြေအောင် ချော့ရတာ အမောလေ၊ အဟင်း… [illegible]က တကယ်မဟုတ်ဘဲ ဟန်လုပ်နေတာဆိုတော့ ရယ်ချင်တာပေါ့ [illegible]"

"အိန္ဒြာ နင် ကံကောင်းတာပေါ့ဟာ၊ အရမ်းဂရုစိုက်တတ် [illegible] ချစ်သူရတာ၊ ပျော်စရာပေါ့ မဟုတ်ဘူးလား"

"ဒါပေမယ့်…ငါ အပြည့်အဝ စိတ်မချနိုင်သေးဘူးဟဲ့"

"ဘာကိုလဲ"

"ကိုကိုက ဥစ္စာပေါ… ရုပ်ချောလေ၊ ဒီတော့ ရမလားလို့ [illegible]ချင်နေတဲ့ဟာတွေ ရှိတယ်သိလား"

"ဟဲ့ မြူလို့ရမလား၊ နင့်နဲ့က တရားဝင်တွဲနေတာ အားလုံး [illegible]မြင်ပဲဟာ"

"နင်တို့ မသိလို့နော်၊ တချို့တွေက ကိုကို့ဆို အသေရရ [illegible]ချင်ရရ"

"ရှိလို့လား"

"ရှိချင် ရှိမှာပေါ့"

ယမင်းက ပိုးလက်ကို မသိမသာ ကုတ်ကာ 'ကြားလား [illegible]ပြောနေတာ' ဟူသော အဓိပ္ပာယ်ဖြင့် အချက်ပေးတော့ ပိုးကလည်း [illegible]ချက်ပေါ်မှာ အသာ ရေးချလိုက်၏။

www.burmeseclassic.com



"ခွေးဟောင်တိုင်း ထမကြည့်နဲ့ အိပ်ရေးပျက်တယ်"

ငုဝါရော၊ ယမင်းပါ မသိမသာ ဖတ်ပြီး သဘောကျ[illegible]တွေ ရယ်ပါတော့သည်။

ကလပ်စ်ပြီး၍ နေ့လယ် နားချိန်မှာ အိန္ဒြာက…

"ရွှေပိုးအိမ်"

ရှေ့မှ လာခေါ်နေသဖြင့် ပိုး ခပ်တည်တည်ပင် မေး[illegible] ဆတ်ကာ မေးလိုက်၏။

"ဘာလဲ"

"တို့ ယူနဲ့ ဆွေးနွေးစရာ ရှိလို့ ခဏလောက်"

"ဘာကိစ္စလဲ"

သိပေမယ့် ပိုး ခပ်တည်တည်ပင်။

တကယ်တော့ ပိုးတို့က ထုံးစံအတိုင်း အပြင်ထွက်[illegible] သစ်ပင်အောက်မှာ အေးအေးလူလူထိုင်ကာ အချဉ်ထုပ်တွေ စား[illegible] ပေမယ့် ညဲဘာ ရောက်လာပြီး စကားအပြောခံရမှာစိုးတာကြော[illegible] သိပ်မထွက်ဖြစ်တော့။

ကလပ်စ်ထဲမှာပဲ ထိုင်ဖြစ်ကြ၏။ ဒီနေ့တော့ ကင်တင်း[illegible] အအေးသွားသောက်ရမလားဟု စဉ်းစားထားကြပါသည်။

ယမင်းနဲ့ ငုဝါက အိန္ဒြာနဲ့ ပိုးကို အကဲခတ်နေလေသည်





ပိုးက တည်ငြိမ် အေးဆေးနေသလောက်၊ အိန္ဒြာကတော့ [illegible]တွေ စောနေပုံပင်။

"တို့ ယူနဲ့ နှစ်ယောက်တည်း ပြောစရာရှိလို့ ဘယ်မှာ [illegible]ရင်ကောင်းမလဲ"

"ဒီမှာပဲ ပြောလေ၊ ဘာကိစ္စလဲ…တို့အတွက် ဟောဒီက [illegible]ယ်ချင်းနှစ်ယောက် သက်သေအဖြစ် နေပေးဖို့တော့ လိုအပ်လိမ့်[illegible] ထင်တယ်"

"ဘာလို့လဲ"

"ယူပြောတဲ့ကိစ္စအတွက် သူတို့လည်း ကြားထားစေချင်လို့"

"ကောင်းပြီ…ပြောတာပေါ့"

"ပြောလေ"

"ကိုကိုနဲ့ ယူက ဘာသဘောတွေလဲ"

ကြည့်… မေးလာပုံက ဘယ်လောက်ရိုင်းလိုက်ပါသလဲ။

ပိုး အိန္ဒြာ့မျက်နှာကို ပြုံးပြုံးလေး ကြည့်ကာ မေးလိုက်၏။

"ဘယ်က ကိုကိုလဲ၊ ယူ ဘာတွေ လာပြောနေတာလဲ၊ [illegible]နားမလည်ဘူး"

"နားမလည်ဟန်ဆောင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်…အိန္ဒြာကို"

"ပြော"

"ရှင်းရှင်းပြောပါ၊ ဘယ်က ကိုကိုလဲ၊ တို့မှာ ယူပြောသလို ဘယ်ယောကျ်ားလေးတစ်ယောက်ယောက်နဲ့မှ အစွပ်စွဲခံရလော အောင် ပြဿနာ မရှိခဲ့ဘူးသေးလို့ တကယ်မရှင်းတာ၊ ပွင့်ပွင့်လင်း လင်း မေးပါ ဟုတ်လား၊ တို့လည်း ဘွင်းဘွင်းသမားပါပဲ၊ စိတ်ရှင်း သွားအောင် ပြောရင်ကောင်းမယ် ထင်တယ်"

"အဟွန့်… ဒါဆိုလည်း ပြောရတာပေါ့၊ ကိုကိုဆိုတာ တို့ရဲ့ချစ်သူ၊ ဖိုင်နယ်က ကိုကိုဩဘာလေ…ကဲ"

"အဲဒီတော့ ယူ မေးတဲ့ အဓိပ္ပာယ်က…"

"ကိုကို့ကို ယူ စိတ်ဝင်စားနေသလားလို့ပါ"

"အဟင်း…ဟင်း၊ အိန္ဒြာကိုရယ်…မင်း သိပ်ကို သနား စရာ ကောင်းနေပြီပဲ"

"ဟင်…ဘာ"

"အဲဒီလူနဲ့မှ မင်းက တို့ကို ဒီလိုထင်နေတာ ဝမ်းနည်း ကောင်းလွန်းလို့လေ"

"ဘာ…ပြောတယ်"

"တို့ပြောမယ်၊ သေသေချာချာ နားထောင်နော်"





"ဘာလဲ"

"ရှင်းရှင်းပြောရရင် အဲဒီပုဂ္ဂိုလ်က တို့ကို ပရိုပို့စ် လုပ်တာ တော့ အမှန်ပဲ"

"ဟင် ကိုကို ဒီလိုလုပ်ရလောက်အောင် ယူက ညှိမြူလုပ်ပြ နေလို့ဖြစ်မှာပေါ့၊ ဒါကြောင့် ခုတလော ကိုကို အချိုးကို ပြောင်းနေတာ"

"အိန္ဒြာကို ယူက တကယ့်ကို စုံလုံးကန်းနေပြီပဲ"

"ဟင်… ဘာ…ဘာရယ်"

"ဩဘာဆိုတဲ့ လူကို ညှိမြူလုပ်ပို့ မပြောနဲ့၊ အရှက်မရှိ လာရောနေလို့ တို့ အရမ်းစိတ်ပျက်နေတာ သိလား၊ ကုန်ကုန်ပြောရ ရင် အဲဒီလူကို ချီးထက်တောင် ရွံသေးတယ်လို့ အပြတ်ပြောထားပြီး သား"

"ဟင်…ဘာပြောတယ်၊ ကိုကို့ကို ယူက…"

"ဟုတ်တယ်…မယုံရင် ဟောဒီက သူငယ်ချင်းတွေ မေး ကြည့်၊ သူတို့ရှေ့မှာ တမင်ကို ပြောပစ်ခဲ့တာ၊ ချီးမှန်းသိရက်နဲ့တော့ တို့ ကိုင်လိမ့်မယ်ထင်သလား၊ ဝေးသေးတယ်၊ ဒီတော့ ယူ့စိတ်ထဲမှာ ဒီကိစ္စအတွက် လုံးဝ မစိုးရိမ်နဲ့ ဟုတ်လား"

ပိုးစကားကြောင့် အိန္ဒြာကို တအံ့တဩလေး မင်သက် နှုတ်ဆွံ့သွားရပြီးမှ မယုံနိုင်သေးဟန် လက်ညှိုးလေးတဉ္စန်ညွှန်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ယူ ဒါ တကယ်ပြောနေတာလား"

"ဩော်…တို့ရုပ်က ကလိန်ကကျစ်ညစ်ကျယ်ရုပ် ပေါ်
နေလို့လား၊ ရွှေပိုးအိမ်ဆိုတဲ့ မိန်းမက ကိုယ်နှစ်သက်နိုင်မယ့်
ယောက်ျားတစ်ယောက်ကို စံဝင်အောင် အရည်အချင်းတွေ သ
မှတ်ထားပြီးသား၊ ရှင်ကြိုက်တဲ့ သြဘာက ရွှေပိုးအိမ်ရဲ့ စံထဲ
သုညရာနှုန်းပါပဲ"

"ဒါဆို ယူက ကိုကို့ကို လုံးဝ စိတ်မဝင်စားဘူးပေါ့"

"အဟင်း…တို့ဦးနှောက်ထဲမှာ မစင်တွေချည်း ပြည့်
ရင်တော့ မပြောတတ်ဘူးပေါ့"

"ဒါတော့ ယူ သက်သက် ကိုကို့ကို အထင်သေးလိုက်
စော်ကားလိုက်တာပဲ"

"ထင်ချင်သလို ထင်လေ၊ သူက တို့ကို လာလာပြီး ယေ
ရှုပ်တော့ စကားကုန်အောင် ပြောထားပြီးသားပဲ၊ ယူလည်း မိန်း
သိပ်မပီသနေနဲ့"

"ဟင်…ဘာကိုလဲ"

"တို့နောက်မှာ ရှိသလို စောင်းသလို သိပ် လာပြောမနေ
စိတ်ကိုမဝင်စားတဲ့အပြင် စိတ်တိုလာရင် မော်ကွန်းထိန်းဆီ
ဆွဲခေါ်သွားမိလိမ့်မယ်"



"ယူ့စကားတွေကို တို့က ဘယ်လိုယုံရမှာလဲ"

"လွယ်ပါတယ်၊ ရှင့်သြဘာကြီးကို ခေါ်လိုက်လေ၊
မျက်နှာစုံညီ ရှင်းတာပေါ့၊ တို့ဘက်ကတော့ လုံးဝ အပြောင်းအလဲ
မရှိ ဒီစကားတွေပဲ ထပ် ထပ်ပြောရုံပါပဲ"

"အို…အဲဒီလိုတော့ ဘယ်ဖြစ်မလဲ၊ ကိုကို အိန္ဒြာ့ကို ပို
စိတ်ဆိုးသွားမှာပေါ့"

"ကိုယ့်ပြဿနာ သူများဆွဲထည့်ချင်တာ မဟုတ်ရားဘူးနော်
အိန္ဒြာ၊ တို့ ဒီတစ်ခါပဲ ခုလို စိတ်လက်ရှည်ရှည်နဲ့ ပြောနိုင်မယ်၊
နောက်တစ်ခါဆိုရင်တော့ အာမမခံနိုင်တော့ဘူး၊ အလကားနေရင်း
ဇယားအရှုပ်ခံရတာလောက် စိတ်ကုန် စိတ်ပျက်ရတာ မရှိတော့ဘူး၊
တကယ်ပါပဲ"

"ဆောရီး…တို့ လွန်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟော့…သြဘာ မင်းကို တွေ့ချင်လို့တဲ့"

ကလပ်စ်ပြီးပြီးချင်း အပြင်မှ တစ်ယောက် သူလှမ်းကြည့်လိုက်တော့ အိန္ဒြာကို ဖြစ်နေ၏။

စိတ်ပျက်စွာ သူ မျက်မှောင်ကြုတ်လိုက်တော့ နန္ဒက…

"ငါပြောသားပဲကွာ အဲဒီတစ်ယောက်က မင်းကို တော်ရုံလက်လျှော့မှာ မဟုတ်ဘူးလို့"

"မဖြစ်နိုင်တော့ဘူးလို့ ပြောထားတာကိုကွာ"

"အဟင်း…မင်း မဖြစ်ပေမယ့် သူက ဖြစ်ချင်နေသေးတာကွာ၊ သွားတွေ့လိုက် ငါတို့ မလိုက်တော့ဘူး"

"အင်း"





သူ့ အတန်းထိ တစ်ယောက်တည်း လိုက်လာရဲသည့် အိန္ဒြာ့သတ္တိကို လျှော့တွက်၍မရ။ သူ့ကိုမြင်တော့ အိန္ဒြာ ချိုကြည်စွာ ပြုံး၍…

"ကိုကို ကင်တင်းသွားရအောင်"

သူ ခေါင်းညိတ်ကာ ကင်တင်းဘက် လျှောက်လာခဲ့ရင်းမှ…

"ကိစ္စရှိလား အိန္ဒြာ"

"အင်း…ကိုကို့ကို ပြောစရာရှိလို့"

"ဘာလဲ"

"အိန္ဒြာ ရွှေပိုးအိမ်နဲ့ တွေ့ပြီးပြီ ကိုကို"

"ဟင်…ဘာ"

သူ ဆတ်ကနဲ တုန်သွားရစွာ အိန္ဒြာ့မျက်နှာကို အလောတကြီးလေး ကြည့်မိကာ ပါးစပ်အဟောင်းသား၊ အံ့လည်းသြ၊ စိတ်ထဲလည်း ထောင်းကနဲ ရှိသွားရတာမို့ စိတ်တိုဟန် သူ မေးလိုက်၏။

"မင်း…ဘာကိစ္စ သူ့ကို တွေ့ရတာလဲ၊ မင်း ဘာတွေသွားရှုပ်ခဲ့ပြီလဲ အိန္ဒြာ"

သူ့ မျက်စိမျက်နှာပျက်ကာ ဂဏှာမငြိမ် ဖြစ်နေသလောက် အိန္ဒြာကိုက အပြုံးပင်မပျက် သူ့ကို အေးဆေးကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…မရှုပ်ပါဘူး ကိုကို၊ အိန္ဒြာက ရှုပ်နေတာကို ရှင်းသွားအောင် သွားပြီးမေးခဲ့တာပါ"

"ဘာ…ဘာသွားမေးတာလဲ၊ မင်းကွာ ပြဿနာပဲ၊ ဟိုက ဘယ်လိုထင်သွားမလဲ"

"မထင်ပါဘူး ကိုကိုရဲ့၊ ခုတော့ အိန္ဒြာလည်း ရှင်းသွားပါပြီ လေ"

"ဘာကိုလဲ"

"အပျွန်း…သူက ကိုကို့ကို လုံးဝ စိတ်မဝင်စားဘူးတဲ့နော် ပြောလိုက်တာများ တကယ်ရက်စက်တယ်"

"အိန္ဒြာ မင်းကို ငါ ဘာပြောထားလဲ၊ မင်း မဆိုင်တာ လျှောက်လုပ်နေတာ ငါ မကြိုက်ဘူး"

"ဟင်…မဆိုင်လို့ရမလား ကိုကိုရဲ့၊ ကိုကိုက အိန္ဒြာ ချစ်သူလေ"

"ငါပြောပြီးပြီပဲ မဖြစ်နိုင်တော့ပါဘူးလို့"

"အဟင်း…ဟင်း ကိုကိုရယ် ဘာတဲ့ ငါးစိမ်းမြင် ငါး ပစ်ဆိုတဲ့စကားရှိပေမယ့် ငါးစိမ်းက ကိုကိုစားခွင့်မှမရှိတာ၊ ကိုကို ယောက်ျားလေးတစ်ယောက်ရဲ့ မာနနဲ့ သိက္ခာတွေ ဘယ်ရောက်ကုန် ပြီလဲဟင်"





"အဲဒါက ငါ့ကိစ္စပါ အိန္ဒြာ၊ မင်းပူစရာမလိုပါဘူး"

"အို…ပူရမှာပဲ၊ ကိုကိုကသာ တစ်ဖက်သတ်ကြီး ဖြစ်နေတာ၊ သူက သူသတ်မှတ်ထားတဲ့ စံနှုန်းထဲမှာ ကိုကိုက သုညရာနှုန်းပါတဲ့လေ၊ ကိုကို မရှက်ဘူးလား"

"မရှက်ဘူး အိန္ဒြာ၊ ငါ့အနေနဲ့ သူ လက်ခံလာတဲ့အချိန်ထိ စိတ်ရှည်ရှည်နဲ့ ကြိုးစားသွားဖို့ ဆုံးဖြတ်ထားပြီးပြီ"

"လုံးဝ မဖြစ်နိုင်တော့ဘူး ကိုကို"

"ဘာ"

"သူ ပြောသေးတယ် သိလား"

"ဘာလဲ"

"သူ့ဦးနှောက်ထဲမှာ မစင်တွေချည်း ပြည့်နေရင်တော့ မပြောတတ်ဘူးတဲ့လေ၊ အဟင်း…အိန္ဒြာတော့လေ ကိုကို့အစား ဒေါသထွက်လွန်းလို့"

"အိန္ဒြာ"

"ဟင်"

"သူဘာပဲပြောပြော စိတ်လည်းမဆိုးနိုင်ဘူး၊ စိတ်လည်း မပျက်သွားဘူး၊ ဘာဖြစ်လို့လဲ သိလား"

အိန္ဒြာကို အင်းမလှုပ် အဲမလှုပ် ငြိမ်သက်နားထောင်နေတော့ သူ မချိပြုံးလေးဖြင့် ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရင်ထဲမှာ သူ့ကို သိပ်ချစ်နေမိလို့၊ ကိုယ့်ဘဝတစ်လျှောက်လုံးမှာ ခုမှပဲ အချစ်ကို တကယ်တွေ့သွားရလို့၊ သူ ဘာပြောပြော ကိုယ် ဂရုမစိုက်ပါဘူးကွာ"

"အို"

အိန္ဒြာ သူ့ကို မယုံနိုင်စွာ ကြည့်ကာ စိတ်ပျက်စွာ ခေါင်းရမ်းရင်း...

"ကိုကို...ကိုကို ဘာတွေပြောနေတာလဲ၊ သတိထားဦးလေ၊ ကိုယ့်ကို အရမ်းကြီး အထင်အမြင်သေးနေတဲ့ မိန်းမတစ်ယောက်ကို ကိုကို ဘယ်လိုပဲ ဒူးထောက် အောက်ကျို့တွေ လုပ်နေ အလကားပဲဆိုတာ နားလည်ရမှာလေ ကိုကို"

"အဟင်း...ကိုယ် သိပ်နားလည်တာပေါ့ကွာ"

"ဟင်...ဘာရယ်"

"မေတ္တာဆိုတာ အသွားအပြန် ရှိကိုရှိရမယ်လို့လေ"

"အို...မဟုတ်တာ...သူက"

"အိန္ဒြာ ကိုယ် ခုမှ တကယ်ဝဋ်လည်ပြီလို့ ခံစားနေရတာ ကွာ...အဟင်း"

"ဘာကိုလဲ...ကိုကို"

"အချစ်ဆိုတာကို အလေးအနက် မထားခဲ့မိလို့ အ





တကယ် ချစ်တဲ့သူကို တွေ့ရချိန်မှာ ကိုယ် အခက်အခဲတွေ ကြုံနေရပြီလေ၊ ဒါပေမယ့် ကိုယ် ကျေနပ်ပါတယ်၊ ကိုယ် ဖွဲ့မလျှော့ပါဘူး၊ သူ ကြည်ဖြူတဲ့အထိ ဘယ်လောက်ပဲ စောင့်ရ စောင့်ရ ကိုယ် စောင့်တော့မယ်"

"ကိုကို မှားနေပြီ၊ အိန္ဒြာ ယုံတယ်၊ သူ ဘယ်တော့မှ ကိုကို့ကို လက်ခံမှာ မဟုတ်ပါဘူး"

"ဒါတော့ ကိုယ့်ကံတရားပေါ့ကွာ၊ မင်းလည်း ကိုယ့်ထက်သာတဲ့ တော်တဲ့ တစ်ယောက်ယောက်နဲ့ အမြန်ဆုံး တွေ့ပါစေကွာ"

အိန္ဒြာ တုန့်ကနဲရပ်ကာ မဲ့တဲ့တဲ့လေး ပြုံး၍...

"ဒါ ကိုကို့ ဆုံးဖြတ်ချက်ပဲပေါ့"

"အင်း"

"ဒါဆို အိန္ဒြာလည်း ဆုပြန်တောင်းပေးရမှာပေါ့"

"ဟင်"

"အိန္ဒြာအချစ်ကို လစ်လျူရှု အထင်သေးတဲ့ ကိုကို့အတွက် တကယ်ချစ်မိတဲ့ မိန်းကလေးရဲ့ တုန့်ပြန်မှုကို တစ်သက်လုံး မရပါစေနဲ့လို့"

"ဟာ အိန္ဒြာ"

"တကယ်လို့ ရခဲ့ရင်တောင်မှ တစ်ဖက်သတ်အချစ်တစ်ခု

www.burmeseclassic.com



တည်းနဲ့ တစ်သက်လုံး စိတ်ဆင်းရဲခြင်းကြီးစွာ ပေါင်းဖက်သွားရပါစေလို့"

စကားအဆုံး အိန္ဒြာ သူ့ကို နာကျည်းစက်ဆုတ်စွာကြည့်ကာ ချာကနဲ လှည့်ထွက်သွားလေပြီ။

သူ တုန်လှုပ် ချောက်ချားစွာ ငူတူတူလေး ရပ်နေမိပါတော့၏။

အိန္ဒြာ့စကားတွေက သူ့တစ်ကိုယ်လုံး စိမ့်ဝင်ပြန့်နှံ့ကာ ကြက်သီးပင် ဖျန်းကနဲ ထသွားရလေသည်။

ကင်တင်းရှေ့မှာ သူ မတ်တောင့်တောင့်လေး ရပ်နေမိစဉ်…

သူ့ပခုံးကို အသာပုတ်ကာ နန္ဒက…

"လာ…သြဘာ၊ အထဲ ဝင်ရအောင်"

"ဟင်"

သူ့ပုံစံက စိတ်နဲ့လူ မကပ်သလို ကြောင်တိကြောင်တောင်။

ပိုဆိုးတာက သူ့မျက်ဝန်းမှာ မျက်ရည်တွေ မသိမသာ ရစ်သီနေလေ၏။

နန္ဒတို့က သူ့ပခုံးကိုဖက်ကာ ဟန်မပျက် ကင်တင်းထဲ ဝင်လိုင်တော့ သူ ဆွံ့အ နှုတ်ဆိတ်စွာ အသက်ကင်းမဲ့သူတစ်ယောက် ပမာ ငုတ်တုတ်လေး ထိုင်လိုက်သည်နှင့် မိုးထက်က…





"ဟောကောင်…သတိထားဦးလေ၊ မင်း ဘာဖြစ်နေတာလဲ၊ မျက်နှာကြီး ပျက်နေရအောင် အိန္ဒြာကိုက ဘာတွေများ ပြောလိုက်လို့လဲကွာ"

အသင့်ရောက်လာသော အအေးဗူးလေးကို ဖောက်ကာ သူ တကျိုက်ကျိုက် တရှိန်ထိုး မော့သောက်လိုက်ပါသည်။

အအေးတွေက လည်ချောင်းမှတဆင့် ရင်ထဲ ရောက်တော့ ဗူလောင်လှုပ်ခတ်နေသော သူ့ရင်ထဲမှ ဝေဒနာတွေ အတန်အသင့်လေးတော့ သက်သာသွားသလိုပင်။

နန္ဒက သူ့ကို စိတ်ရှည်ရှည်လေး လွှတ်ထားလိုက်ပြီးမှ အအေးဗူးကို သူ ချတော့မှ မေးလိုက်၏။

"ဘာဖြစ်တာလဲကွ"

"အဟင်း"

သူ မချိပြုံးလေးနှင့် ရယ်ကာ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်၍ ပြောလိုက်လေသည်။

"ကျိန်သွားတယ်ပေါ့ကွာ"

"ဟင် ကျိန်တယ်၊ ဘယ်လိုကျိန်လို့လဲ"

"သူ့အချစ်ကို လစ်လျူရှုတဲ့ ငါ့ကို ဘယ်တော့မှ ငါချစ်တဲ့သူရဲ့ တုန့်ပြန်မှုကို မရပါစေနဲ့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဒီကောင်မလေး ရေလည်' ရစ်တာပဲ"

"ဒီ့ထက်ဆိုးတာက…"

"အင်း…ဆိုစမ်းပါဦး"

"တကယ်လို့ ရခဲ့ရင်တောင်မှ တစ်ဖက်သတ်အချစ်တစ်ခု တည်းနဲ့ တစ်သက်လုံး စိတ်ဆင်းရဲကြီးစွာ ပေါင်းဖက်သွားရပါစေ တဲ့ကွာ၊ အဟင်း…"

ပြောရင်း သူ့ရင်ထဲ လှိုက်ကနဲ ကျဉ်ကာ မျက်ရည်ပင် ဝဲကနဲ…

ကိုဖုန်းက စိတ်ပျက်ဟန် ခေါင်းအသာရမ်း၍…

"ဒီကောင်မလေး အတော်ဆိုးပါလား၊ ကြောက်စရာပဲ"

မိုးထက်က သူ့ပခုံးကို တစ်ချက်ပုတ်ကာ…

"အလကား စိတ်ထဲ မထားစမ်းပါနဲ့ကွာ၊ သူ့အလိုဆန္ဒ မပြည့်တော့ တောင်ပြောမြောက်ပြော လျှောက်ပြောနေတာ၊ မင်းက ဥပါဒါန် ဖြစ်နေလား"

"အဟင်း…ဘာပဲပြောပြော စိတ်ထဲ မကောင်းဘူးပေါ့ ကွာ"

"ဩဘာရာ…ဒါ မင်းစရိုက်တွေမှ မဟုတ်တာကွာ၊ ဘာ အရေးလဲ၊ လုံးဝဂရုမစိုက်စမ်းပါနဲ့၊ သူ စိတ်ဆိုးတိုင်း ပြောသလို





…င်း တကယ်ဖြစ်ရတာမှ မဟုတ်တာ၊ လူတိုင်းဟာ သူ့ကံတရားနဲ့ …သူ လာကြတာ၊ သူက မင်းရဲ့ ကံတရားကို ဖတ်နိုင်လောက်အောင် …ကြားအမြင် ပေါက်နေတာမှ မဟုတ်တာ၊ စိတ်ထဲ မထည့်နဲ့ …သိလား"

မိုးထက်စကားကို သူ နားလည်ပါသည်။

"အင်းပါ…ငါ သဘောပေါက်ပါတယ်ကွာ၊ ရုတ်တရက် …တ်ထဲ တစ်မျိုးဖြစ်သွားလို့ပါ"

"ဒီလို လုပ်စမ်းပါ"

"မေမေ ပြောတဲ့စကား သိပ်မှန်တယ်ကွာ"

"ဟင်… မင်းအမေ ဘာပြောလို့လဲ"

"ရည်းစားများတဲ့ ငါ့ကို တစ်နေ့ တကယ်ကြိုက်တဲ့ …န်းကလေးတွေ့ရင် ခက်မယ်တဲ့လေ"

"ဟုတ်လား…မင်း အဲဒါကို စိတ်စွဲနေလားကွာ"

"အဟင်း…ရွှေပိုးအိမ်ကလည်း ရေလည်တင်းတယ်ဆို …တော့ ငါ တကယ် စိုးရိမ်နေမိပြီ"

"ဩဘာရာ…မင်းက အတွေးနှုနေပြန်ပြီ"

"ဟင်…ဘာကိုလဲ"

"မိန်းကလေး အများစုက မင်းကို လိုလား ခင်မင် ညွတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့အထဲမှာ မပါတဲ့ တစ်ယောက်ကိုမှ မင်း တကယ်ကြိုက်
တာဆိုတော့ သူ ယုံကြည်လောက်တဲ့ အချိန်ကာလတစ်ခုအထိ
မင်း စောင့်ပေးရမှာပေါ့ကွာ”

“စောင့်မှာပါ…ဘယ် ဘယ်အထိ စောင့်ရ စောင့်ရပါကွာ”

“တကယ်…အတည်လား”

“ဒါပေါ့”

“အင်း…ကြားမှာ တစ်စုံတစ်ယောက် ဖြန်းကနဲ ထပ်ပေါ်
လာရင် မင်းစိတ်တွေ ပြောင်းချင် ပြောင်းသွားနိုင်တာပဲကွာ”

“မပြောင်းဘူး၊ သူဟာ နောက်ဆုံးတစ်ယောက်ပဲကွာ၊ ငါ
ခုမှ အရမ်းကို နောင်တရနေတာပါ”

“ဘာကိုလဲ”

“ရည်းစားများခဲ့မိတာကိုပေါ့”

“အေး…သူလည်း မင်း ဘယ်အထိ ဖွဲကောင်းမလဲဆိုတာ
မှတ်ကျောက်တင်ချင် တင်နေမှာ၊ ကွန်ခြေကို တန်ဖိုးထားတဲ့ မိန်းက
လေးတိုင်း အညာခိုင်တတ်တယ်ကွ”

“ငါ့ရင်ထဲမှာ ရွှေပိုးအိမ်ကလွဲပြီး ဘာမှ မရှိတော့ပါဘူးကွာ”



## အခန်း (၁၆)

“သမီးရေ…သမီးကြီးမေဆီက ဖုန်းလာတယ်”

“ဟုတ်လား…ဘာများလဲ မေမေ”

“ကိုကောင်း လာတော့မယ်တဲ့”

“ဟင်…ဟုတ်လား၊ ဘယ်နေ့လဲ မေမေ”

“လာမယ့် စနေနေ့တဲ့လေ၊ အဲဒါ မေမေတို့ကိုပါ သွားကြို
ရမှာ လိုက်နိုင်မလားတဲ့”

“အို လိုက်ရမှာပေါ့၊ လိုက်မယ်နော် မေမေ”

“အင်းပေါ့…မေမေလည်း မမကို ပြောလိုက်ပါပြီကွယ်၊
မေမေရော..သမီးပါ လေဆိပ်ကို လာခဲ့ပါ့မယ်လို့”



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…ပျော်လိုက်တာ၊ ကိုကြီးက အပြီး ပြန်လာတော့မယ်တဲ့လားဟင် မေမေ"

"အင်း…ဟုတ်မယ်ထင်တယ်၊ မမတို့က ကိုကောင်းအတွက် ကုမ္ပဏီထောင်ပေးဖို့ သေချာ စီစဉ်ပေးထားပြီးပြီလေ"

"ဒီနေ့ ကြာသပတေးဆိုတော့ သဘက်ခါနော် မေမေ"

"အင်း"

ညနေစာ စားအပြီး ညဦးပိုင်းမှာ ပိုးဘို့ တီဗွီကြည့်နေစဉ် အိမ်ရှေ့မှ ဂစ်တာသံကြောင့် မေမေရော၊ ပိုးပါ ဆတ်ကနဲ ကြည့်မိကြတော့၏။ ဖေဖေက စာဖတ်ခန်းထဲမှာ ဖြစ်လေသည်။

မေမေက စူးစမ်း နားစွင့်ဟန်ဖြင့်…

"ထူးထူးဆန်းဆန်းပါလား၊ အိမ်ရှေ့က မဟုတ်လားသမီး"

"ဟုတ်တယ် မေမေ"

ပိုး ဝရံတာမှ အသာထွက်၍ ကြည့်လိုက်တော့၊ ခြံအဝင်ဝနားမှ ဓာတ်မီးတိုင်အောက်မှာ လေးယောက်။

ဒက်ကနဲ သဘောပေါက်လိုက်၏။

ဘယ်သူတွေ ရှိရဦးမှာလဲ၊ ဟိုအုပ်စုတွေပဲပေါ့။

ဘာသီချင်းမှန်းတော့ မသိ။





တဒေါင်ဒေါင် တဒင်ဒင် ခေါက်နေပုံတွေက စိတ်တိုစရာ။

ပိုး လှစ်ကနဲ အထဲဝင်လာတော့ မေမေက…

"ဘယ်သူတွေလဲ..သမီး"

"အလကား…ဗရုတ်သုတ်ခတွေပါ မေမေရယ်"

"သိလား"

"သိတာပေါ့၊ ကျောင်းကဟာတွေ"

"ဟင် သမီးအိမ်မှန်းသိလို့ တမင် လာတာပေါ့"

"အစစ်ပေါ့ မေမေရယ်၊ အဲဒီလူက ရည်းစားထည်လဲတဲ့နေတဲ့လူလေ၊ အဲဒါ သမီးကို ကြိုက်တယ်တဲ့၊ အပွန်း…ရွံစရာကောင်းလိုက်တာ"

"သမီး"

မေမေက ထိတ်ကနဲ ရှိသွားရှာ သတိပေးသလို မေးလိုက်လေသည်။

"သမီးနဲ့ ပြဿနာ ရှိနေပြီလား"

"ဟင် မရှိပါဘူး မေမေရယ်၊ သူ အတင်း လာလာရောလို့ စိတ်ပေါက်ပေါက်နဲ့ ပြောတော့ ပြောလိုက်တာပေါ့"

"ဘယ်လိုပြောလို့တုန်း"

"လုံးဝပဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"စကားလုံး ရိုင်းရိုင်းတွေ မပါဘူးဟုတ်လား သမီး"

"အဟင်း…စိတ်တိုတော့လည်း နည်းနည်းပါးပါး ပါ ပေါ့ မမေရယ်"

"ဟင် ဘာတွေလဲ သမီးရယ်"

"သူက အရှက်ရော၊ သိက္ခာရော လုံးဝမရှိတာလေ၊ မ နိုင်ဘူးလို့ ကောင်းကောင်းမွန်မွန် ပြောတာကို လက်မခံဘဲ ရှေ လာတော့ ချီးထက်တောင် ရွံသေးတယ်လို့ ပြောပစ်ခဲ့တာပေါ့"

"ဩော်…သမီးကလဲကွယ်၊ ဘာလို့ အဲဒီလို ပြောရ တုန်း၊ အရမ်း နာသွားမှာပေါ့၊ အညှီးနဲ့ တေးထားပလား မသိ မမေ ရင်တုန်လိုက်တာ"

"ဘာမှ မဖြစ်ပါဘူး မမေရယ်၊ သမီးပြောပြီးပါပ မနာလည်းမနာ၊ ရှက်လည်းမရှက် တကယ့်ကို ကျောက်ကျေ ပက်-မျက်ခွက်နဲ့လေ၊ ခုလည်းကြည့် အိမ်ကို ဘယ်လိုသိသွားသ မသိဘူး၊ လာနှောက်နေပြန်ပြီ၊ တကယ် စိတ်တိုတယ်"

ပြောရင်း ပိုးက စိတ်တိုကာ မျက်နှာလေးပါ မှုန်သိုးသိုး ဖြစ်လာရတာမို့ မမေက…

"သမီး ဘာလို့စိတ်တိုနေရတာလဲ၊ ဒါ စိတ်တိုစ မဟုတ်တာကွယ်"



"ဟင် ဇမမေက မသိဘဲနဲ့၊ သူက အရမ်းကို မျက်နှာ ပြောင်တာ၊ သမီး အပြတ်ပြောထားတာတောင် နည်းနည်းမှ မဖြုတာ ကြည့်၊ အိမ်ရှေ့အထိ ရောက်လာပြီ၊ တကယ် စိတ်တိုတယ် မမေ ရာ"

"သမီး"

မမေက အလွန်အေးဆေးတည်ငြိမ်ပါသည်။ ပိုးပခုံးလေး ကို အသာကိုင်ကာ ပြောပါတော့၏။

"ဒါ သဘာဝတရားပဲ သမီးရယ်၊ ဘာမှ စိတ်ရှုပ် စိတ်တို နေစရာ မရှိဘူး"

"သဘာဝတရား ဟုတ်လား မမေ"

"အင်းပေါ့…သမီးလည်း အရွယ်ရောက် မိန်းကလေးဆို တော့ စိတ်ဝင်စားခံရမယ်၊ ချစ်တာ ကြိုက်တာ ခံရမယ်"

"ဒါပေမယ့် သမီးမှ မကြိုက်တာ မမေရဲ့၊ သဘာဝ တရားကို သိပေမယ့် မကြိုက်ပါဘူးလို့ ရှင်းရှင်းပြောထားတဲ့ကိစ္စကို အရှက်မရှိ ဇာတ်လမ်းလာရှည်နေလို့ပါ"

"အဲဒါလည်း သူတို့ယောကျ်ားတွေရဲ့ သဘာဝတစ်ခုပဲ လေ သမီး၊ လွယ်လွယ်ရရင် တန်ဖိုး မထားဘူး၊ ခက်ခက်ခဲခဲဆိုရင် မခံချင်စိတ်လေးနဲ့ ရအောင်ယူပြမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ရှိတတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တော့ သမီးက လက်မခံလေ လိုချင်လေ ဖြစ်နေတာ ဘယ်သ
မလဲကွယ်"

"စိတ်ရှုပ်တာပေါ့ မေမေရဲ့"

"အင်း…ရှုပ်ပေမယ့် အကင်းပါးရမယ်၊ လိမ္မာပါးနပ်
ရှောင်တတ်ရမယ်၊ တစ်ဖက်က ဘာပြောပြော ဘာမှ မတုန့်ပြ
အချိန်တန်ရင် သူ့ဟာသူ နားလည်လက်လျှော့ပြီး နောက်ဆုတ်သ
မှာပဲ"

"သူက အဲဒီလို မဟုတ်ဘူး မေမေ"

"ဟင် ဘယ်လိုလဲ"

"လက်ရှိတွဲနေတဲ့ တစ်ယောက်ရှိနေရက်နဲ့ သမီးကို
ပတ်သက်တော့ အဲဒီတစ်ယောက်ကပါ သမီးကို အမြင်တွေ စော
ပြီး မေးလားစမ်းလား ဇယားလာရှုပ်ပြန်ရောလေ"

"အဟင်း…သူလည်း စိုးရိမ်ရှာတာပေါ့ကွယ်၊ သူ
သူများနောက် ပါသွားမှာ ပူပင်သောက ဖြစ်မှာပေါ့"

"အဲဒီတော့ သမီးက သူ့ကိုပါ သဘောပေါက်အော
တစ်ခါ ပြောနေရတာ၊ ဘယ်လောက် အလုပ်ပိုတွေ ဖြစ်နေရသလဲ"

"အင်း…အင်း သမီး အဲဒီလို ပြောတာတောင်မှ နော
မဆုတ်ဘူးပေါ့"





"အခု အိမ်ရှေ့ထိ ရောက်လာတာပဲ ကြည့်လေ၊ ဒါ ပိုးကို
ရော…မိဘတွေကိုပါ လာစော်ကားနေတာ မဟုတ်ဘူးလားလို့"

"အဟင်း…သမီးကလဲကွယ်၊ လမ်းမဆိုတာ ကိုယ့်
ပိုင်နက်မှ မဟုတ်တာ၊ သီချင်း လာမဆိုပါနဲ့လို့ ပြောလို့ရမလားကွယ်၊
နေပါစေ ဆိုပါစေ၊ တစ်ခုတော့ ရှိတာပေါ့၊ ကိုယ့်အတွက် ဣန္ဒြေ
ပျက်လောက်အောင် ဖြစ်လာရင်တော့ အနီးဆုံး ရပ်ကွက်လူကြီးကို
ဖုန်းဆက်ပြီး အကူအညီ တောင်းရမှာပေါ့ မဟုတ်ဘူးလား"

"ဟွန်း…အဆင့်အတန်းတွေကိုက"

ပိုး မကျေမနပ် ရွတ်တော့ မေမေက…

"ကျောင်းကဆိုတော့ သမီးနဲ့ မေဂျာတူလား"

"မေဂျာတူပေမယ့် သူက ဖိုင်နယ် မေမေရဲ့၊ ကျောင်းမှာ
နာမည်ကျော်ပေါ့"

"ဘယ်လိုကျော်လဲ"

"ရည်းစား သောက်သောက်လဲထားတဲ့လူလေ၊ လူရှုပ်
လူပွေပေါ့၊ ဒီလိုလူကများ သမီးကို လာနှောက်ယှက်တာ ကိုယ့်ကိုယ်
ကိုတောင် မကျေနပ်ချင်တော့တာ မေမေရဲ့"

"ဘာလို့လဲ သမီးရယ်"

"သမီးက ကွင်းဖြစ်နေလို့ပေါ့၊ သူက ကွင်းမှန်သမျှ
အလွတ်မပေးဘဲ တွဲနေကျတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား…အင်းလေ လူငယ်ဆိုတော့လည်း စိတ်အလိုအတိုင်း အပျော်သဘောထားပြီး ထင်ပေါ်ကျော်ကြား လူသိများအောင် လုပ်တာနေမှာပေါ့ကွယ်"

ထိုအချိန်မှာတော့ ဩဘာက သူ့ဟန်းဖုန်းလေး အသာပွင့်ကာ ဂဏာန်းနံပါတ်လေးတွေ တတီတီ နှိပ်လိုက်၏။ ပြီးမှ တစ်ဖက်ဖုန်းထူးလာမှာကို စောင့်ရင်း…

"မိုးထက် မင့်နံပါတ်က သေချာတယ်နော်"

"လုံးဝစိတ်ချ မမှားဘူး"

"အင်း…အင်း…ထူးနေပြီ…ထူးနေပြီ"

"ဟလို…အမိန့်ရှိပါ"

"ရွှေပိုးအိမ်လား…ကိုယ်ပါ"

"ဟင်…ဘယ်သူလဲ"

"ဩဘာ"

"ဗာင်…ရှင်"

"ကိုယ်အခု ရွှေပိုးအိမ်တို့ရဲ့ အိမ်ရှေ့…"

ပိုး ချက်ချင်းပင် ဖုန်းကြိုးကို ဖြုတ်ထားလိုက်၏။

မေမေက သတိထားနေတာမို့…

"သမီး ဘယ်ကလဲ"





"အဲဒီရှေ့က ပုဂ္ဂိုလ်လေ၊ ကြည့် ဘယ်လောက်ရဲလဲလို့"

"ဩော်…ဖုန်းနံပါတ်သိနေတာကိုး"

"မေမေ တွေ့ပြီမဟုတ်လား၊ သူ တမင်သက်သက် နှောင့်ယှက်နေပုံပဲ"

"ဘာပြောလို့လဲ သမီး"

"သမီးတို့အိမ်ရှေ့ ရောက်နေတယ်ဆိုတာ ပြောချင်လို့ထင်ပါရဲ့၊ သမီး ဆက် နားမထောင်တော့ပါဘူး"

"အင်း"

မေမေ သက်ပြင်းလေး ဖွဖွချကာ…

"မေမေတောင် စိုးရိမ်ချင်လာပြီ"

"ဟင်…မေမေ"

"ဒီကောင်လေး ရိုးရိုးမှ ဟုတ်ရဲ့လားကွယ်"

"ရှင်…ဘာကိုလဲ မေမေ"

"သမီး ပြောဆိုထားတာတွေအတွက် နာပြီး တမင်နှောင့်ယှက်နေတာများလားလို့"

"အို…အဲဒါတော့ သမီး လုံးဝ မကြောက်ဘူးမေမေ"

"သမီးရယ် မိန်းမသားဆိုတာ ဆူးနဲ့ဖက် ဥပမာကို သိတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ မေမေရယ်"

"ဘာပဲဖြစ်ဖြစ် အစစ အရာရာ သတိထားပါ ဂရုစိုက်ပါ

သမီးရယ်"

"စိတ်ချပါ မေမေ၊ သမီးလည်း အမြဲ သတိနဲ့နေတာပါ

ကျောင်းမှာလည်း ယမင်းနဲ့ ဒုဝါက သမီးအနားမှာ အမြဲ ကပ်ပါနေတဲ့

လူတွေပါ မေမေ၊ မစိုးရိမ်ပါနဲ့"

"မေမေ့မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတာ စိုးရိမ်တာပေါ့"

"သမီး တစ်ခုစဉ်းစားမိတယ် မေမေ"

"ဟင်...ဘာလဲ"

"ကိုကြီး ပြန်လာတော့မယ်ဆိုတော့ အတော်ပဲ"

"ဟင်...ဘာကိုလဲ သမီး"

"ကျောင်းကြီးပို့အတွက် ကိုကြီးကို တစ်ပတ်လောက် အကူ

အညီတောင်းရမယ် သိလား၊ ဒါမှ ပိုးမှာ အားကိုးရတဲ့ အစ်ကို

တစ်ယောက်ရှိနေတယ်ဆိုတဲ့ အဟန့်လေးနဲ့ ရှိန်သွားအောင်လေ

မကောင်းဘူးလားဟင် မေမေ"

"ကောင်းပေမယ့် ကိုကောင်းက အားပါ့မလား သမီး"

"အို...ဘာပဲဖြစ်ဖြစ် ရောက်ရောက်ချင်းတော့ ကိုကြီး အနား

ယူရင်း သူ့ညီမလေးကို ဂရုတစိုက် ကျောင်းကြို့ပို့ လုပ်ပေးတာ





ခြင်သွားရင် ပိုးအတွက် ပိုပြီး ဘေးကင်းလုံခြုံသွားမှာပေါ့ မေမေရဲ့"

"အင်း..အင်း သမီးစိတ်ကူးလေး မဆိုးဘူး၊ မေမေ မမကို

အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းလိုက်ပါ့မယ်ကွယ်"

"ကြီးမေကလည်း ပိုပြီးတောင် သဘောကျဦးမှာ၊ ပိုးကို

ကြီးမေချစ်တာ မေမေသိသားနဲ့"

"အင်း...ဟုတ်တယ်၊ မမက သားတစ်ယောက်တည်း

မွေးပြီး၊ သမီးလေးတစ်ယောက် အရမ်းလိုချင်ရှာတာလေ၊ မေမေ

သမီးကိုမွေးတော့ မမဖြင့် ချစ်လိုက်တာ၊ နောက်ထပ် မေမေ ထပ်

မွေးလာရင် သမီးကို သူ အပိုင်ယူလိုက်မှာလို့တောင် ပြောတာကွယ့်၊

အဟင်း...မေမေ့မှာလည်း ရှားရှားပါးပါး သမီးတစ်ယောက်တည်း

မွေးတော့ မမခမျာ ဆန္ဒမပြည့်ရှာတော့ဘူးပေါ့"

"ဒါဆို ပိုး ကံကောင်းတာပေါ့နော်"

"ဘာလို့လဲ သမီး"

"ဟို...ဖေဖေ မေမေနဲ့ ကြီးမေတို့အတွက် တစ်ဦးတည်း

သော သမီး၊ ကိုကြီးရဲ့ တစ်ဦးတည်းသော ညီမလေးအဖြစ် အားလုံး

ရဲ့ ချစ်တာခံရလို့ပေါ့"

"အင်းပါ...သမီးရယ်...အင်းပါ...အဟင်း"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

လေဆိပ်မှာ ကြီးမေက ပိုးကိုမြင်တော့ ဝမ်းသာအယ်
ဖက်၍ ...

"ကြည့်စမ်း သမီးလေးက တက္ကသိုလ်ကျောင်းသူဖြစ်
လို့လားမသိဘူး၊ ပိုပြီး ချောလာလိုက်တာကွယ်၊ ချစ်စရာလေး

ပိုးက ကြီးမေကို ပြန်ဖက်ရင်း ပြုံးပြုံးလေးပြောလိုက်
သည်။

"ကြီးမေကလည်း ပိုး အရင်ကတည်းက လှနေပြီးသား
နော်၊ ကြီးမေတူမပဲဟာ ... ကြီးမေလိုပဲ ချောမှာပေါ့လို့"

ပိုးအပြောကြောင့် ကြီးမေ သဘောကျစွာရယ်၍ ...





"အိမ်ချစ်ရေ ... ကြားလား ကြားလား၊ နင့်သမီးက မမကို
ကပ်မြှောက်နေပြန်ပြီ"

မေမေကလည်း ရယ်၍ ပြန်ပြောလိုက်ပုံက ...

"အစစ်ပဲ မမရေ၊ မမတူမက မမဆီမှာ အခွင့်အရေးလေး
တစ်ခု လိုချင်နေလို့လေ အဟင်း"

"ဟင် ... ဟုတ်လား၊ ဘာများလဲ ပြောစမ်း ပြောစမ်း၊
ကြီးမေ သမီးအတွက်ဆို အားလုံးအိုကေပြီးသားပဲကွယ်၊ ကဲ ... ပိုး
လေးက ဘာကို လိုချင်နေတာတုန်း"

"ဘာမှ မဟုတ်ပါဘူး ကြီးမေရယ်၊ ကိုကြီးကို တစ်ပတ်
လောက် ချောဆွဲချင်လို့"

"ချောဆွဲမယ် ... ဘာဖြစ်လို့လဲသမီး"

ကြီးမေ မျက်မှောင်လေးကြုတ်ကာ စိတ်ဝင်တစား မေး
တော့၏။ ဖေဖေနဲ့ ဘကြီးတို့က စကားဘပြောပြောနှင့် ပိုးတို့ကို
ဂရုမထားပါ။ မေမေက ပိုးအစား ဖြေလိုက်လေသည်။

"ဒီလို မမရေ၊ မမတူမက ကျောင်းမှာ သူ့ကို ရိသဲ့သဲ့လုပ်
တဲ့ ကောင်လေးရှိနေလို့ သူ့ကိုကြီးလာရင် ကျောင်းကြိုပို့ လုပ်ခိုင်း
ပြီး အဲဒါလေးနဲ့ ရှိန်သွားအောင် လုပ်ချင်လို့တဲ့၊ သူ့မှာ အားကိုးရတဲ့
အစ်ကိုတစ်ယောက် ရှိနေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဩော်…ဒီလိုလား၊ ရတာပေါ့ သမီးရယ် ဘာလို့ မရရမှာလဲ၊ အင်း…ပိုးလေးက ဝင်းဥနုဖတ်နေအောင် လှ တော့လည်း ဒါမျိုးကိစ္စတွေ မလွဲမသွေ ရှိလာတော့မှာပေါ့ကွယ် ဒါနဲ့ သမီး"

"ရှင်…ကြီးမေ"

"ကြီးမေကို မှန်မှန်ပြောစမ်း"

"ဟင်…ဘာလဲ ကြီးမေရဲ့"

"ချစ်သူ ရှိနေပြီလား"

"အာ…တောက်တီးတောက်တဲ့ ကြီးမေရယ်၊ ဘယ်က လာ ချစ်သူရှိရမှာလဲ"

"မရှိသေးဘူးပေါ့"

"အင်းပေါ့…ပိုးက အဲဒါတွေ လုံးဝကိုမစဉ်းစားသေးတာ"

"ဘာလို့လဲ သမီးရယ်"

"ပိုးက ငယ်သေးတယ်လေ၊ ကြီးမေကလည်း ကျောင်းပြီ မှ စဉ်းစားမှာပေါ့ သိလား"

"စနောက်တဲ့လူတွေ အတော်များမှာပေါ့"

"အဟင်း…ပါးစပ်ချောင်တဲ့လူတွေရဲ့သဘာဝ ရရှ အမြွတ်…မရရင် အရင်းလေ ကြီးမေရဲ့၊ ရိသွဲ့သွဲ့ပြောတိုင်း စိတ်ဝ စားနွားထောင်နေရင် ခက်ရချည်ရဲ့"





"ဒါပေမယ့် တက္ကသိုလ်မှာက အတွဲလေးတွေ များမှာပေါ့ ကွယ်"

"ဟုတ်တယ်…အဲဒါတွေကြည့်ပြီး ပိုးတော့ မိန်းကလေး တွေရဲ့ စောင့်စည်းထိန်းသိမ်းရမယ့် ဣန္ဒြေရဲ့ တန်ဖိုးကို ပိုပြီး းလည်လာသလိုပဲ ကြီးမေရဲ့"

"အိမ်ချစ်ရေ"

"ရှင်…မမ"

"ငါတို့ သမီးလေးက တကယ့်အဖိုးတန်လေးပဲကွယ်၊ း ကလေးတိုင်း ဒီလိုအတွေးမျိုးနဲ့ ကိုယ့်ကိုယ်ကို တန်ဖိုးထားရင် ယ်လောက်ကောင်းလိုက်မလဲလို့"

"ဟုတ်တယ်နော် မမ၊ သမီးက ဗီဇသန္တေနဲ့ ပတ်ဝန်းကျင် ကိုက်တွေကြောင့် ဒီလို တွေးခေါ် စဉ်းစားတတ်တာ ထင်ပါရဲ့"

"ဒါပေါ့…ကြီးမေရဲ့ တူမလေးက အလိမ္မာလေးပဲကွယ်၊ း ကလေးဆိုတာ ဒီလိုမှပေါ့၊ ကြီးမေဖြင့်လေ တစ်ခါတလေ ပြင်ထွက်ဖြစ်ရင်တောင်မှ မြင်နေရတာတွေကို အံ့လည်းသြ၊ တ်လည်းပျက်၊ ရင်လည်း လေးမိပါရဲ့ကွယ်"

"ဟင်…ဘာကိုလဲ ကြီးမေ"

"ဘာဖြစ်ရမလဲကွယ်…ခေတ်မီတယ်ဆိုပြီး မိန်းကလေး တွေရဲ့ ဝတ်စားဆင်ယင်မှုတွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သြော်…အဟင်း…ခေတ်ရေစီးကြောင်းတဲ့ ကြီးမေရဲ့"

"အမယ်လေး…အဲဒီရေစီးကြောင်းအတိုင်းသာ ယ

ဩတပွ ကင်းကင်းနဲ့ ချယ်သ ဝတ်ဆင်နေကြတာ ရေစီးအတိုင်း မျောရရင်လား မြောင်းထဲရောက်၊ ချောင်းထဲရောက်၊ အဲဒီကတဆ ပင်လယ် သမုဒ္ဒရာထဲအထိ ကမ်းမမြင်၊ လမ်းမမြင် ဒုက္ခပင်လယ် ဝေကြကုန်ရော မဟုတ်လား"

"ကြီးမေ ပြောလိုက်မှပဲ ကျောချမ်းစရာကြီး အဟင်း"

ပိုးက ပခုံးလေး မသိမသာကြုံ့ကာ ပြောတော့ ကြီးမေ မလှမ်းမကမ်းမှ တစ်ယောက်ကို မသိမသာလေး မေးဆတ်ပြလို ပြီး ပြောလေသည်။

"တွေ့လား…မြန်မာမိန်းကလေးတဲ့ကွယ်၊ ဆံပင် နီကြောင်ကြား၊ အင်္ကျီကလည်း အဟိုက်အဖော်များများနဲ့ ဘောင်း က ကျပ်လွန်းလို့ ဘယ်လိုများ ဝင်အောင်ဝတ်သွင်းထားသလဲတော စဉ်းစားမိရတယ်၊ သြော်…မောင်နဲ့နှမ သားနဲ့အမိတော်င်မှ ကြည် မှာ အားနာတယ်ဆိုတဲ့ ဒီဇိုင်းကိုမှ လှတယ်ထင်နေတဲ့ စိတ်ဓာတ် တော့ တကယ် အံ့ဩမိပါရဲ့လေ၊ ခေတ်ရဲ့ ရေစီးမှာ ကြီးမေ ပိုးလေး လုံးဝ မပါသွားတာ စိတ်ချမ်းသာစရာ၊ ဂုဏ်ယူစရာပေ ကွယ်နော်"





"စိတ်ချ ကြီးမေ၊ ဘယ်တော့မှ မပါသေးဘူး သိလား၊ ကြီးမေက မြန်မာမိန်းကလေးစစ်စစ်လေ၊ ဓာတ်ပြယ်ဓာတ်ပျက်နေတာမှ မဟုတ်တာ၊ အဟင်း…"

ပိုးစကားကြောင့် ကြီးမေရော၊ မေမေပါ ရယ်လိုက်ပြီးမှ ကြီးမေက…

"ဒါဖြင့်…ကြီးမေ မေးမယ်ကွယ်"

"ဘာများလဲ ကြီးမေ"

"ထမင်းဟင်းရော ချက်တတ်ပြီလား"

"အို… တတ်တာပေါ့၊ ကျောင်းပိတ်ရက်ဆို ပိုးလက်ရာ ပေါ်ယ်ရှယ်နဲ့ ထမင်းပွဲကို လှလှလေး ပြင်တတ်နေပါပြီနော် ကြီးမေ ရဲ့"

"ဟင်… တကယ်လား အိမ်ချစ်"

ကြီးမေက မယုံချင်သလို မေမေ့ကိုမေးတော့ မေမေပြုံး၍…

"ဟုတ်တယ် မမ၊ မမတူမက အချက်အပြုတ် ဝါသနာ ပါတယ်လေ၊ စနေ တနင်္ဂနွေဆို သူ့လက်ရာပဲ စားရတာ၊ သူ့ဖေဖေ က စားကောင်းတယ်တဲ့လေ"

"ကဲပါ… ကြီးမေ မယုံဘူးဟုတ်လား၊ ကိုကြီးလည်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ရက်လောက် ထမင်းဖိတ်ကျွေးရအောင်နော် မေမေ၊ ဒါမှ ပိုးလက်ရာကို လျှာလည်သွားအောင် ချက်ကျွေးပစ်လိုက်ဦးမယ် သိလား"

ကြီးမေက သဘောကျ ကြည်နူးစွာ ခေါင်းတညိတ်ညိတ် ပြုံးလိုက်ပြီးမှ…

"အင်း…အင့်၊ ကောင်းလိုက်တာကွယ်..ဒါမှ ကြီးမေရဲ့ တူမ၊ မိန်းကလေးဆိုတာ ဒီလိုမှပေါ့"

"ကြီးမေ"

"အင်း"

"ကိုကြီးက အပြီးပြန်လာတာပေါ့နော်"

"ဟုတ်တယ်…ဒီမှာ လုပ်ငန်းအခြေချဖို့ စီစဉ်ထားပြီးပြီလေ၊ ကြီးမေလည်း သားနဲ့ အကြာကြီး မခွဲချင်တော့ပါဘူးကွယ်"

"ဟုတ်တယ်နော်…ဒါနဲ့ ကြီးမေကို ပြောရဦးမယ်"

"ဘာလဲသမီး"

"ကိုကြီးအတွက် မိန်းမ ရှာပေးရင်လေ…"

ပိုးက ဆက်မပြောဘဲ စဉ်းစားဟန် ပြုံးစိစိလေး ရပ်ထားသဖြင့် ကြီးမေက ရယ်၍…

"အဟင်း…ဟင်း ပြောလေ သမီး၊ ဘယ်လို မိန်းကလေးမျိုး ရှာရင်ကောင်းမလဲ၊ ဟုတ်တယ် သမီးစဉ်းစားတာ မှန်တာပေါ့၊ သမီးကိုကြီးက အိမ်ထောင်ပြုဖို့လည်း အချိန်တန်နေပြီပဲကွယ်"





"ကိုကြီးမှာ ချစ်သူတွေဘာတွေလည်း ရှိချင်ရှိနေမှာ ထင်တယ်နော် ကြီးမေ"

"အင်း…မေးကြည့်ရမှာပေါ့ကွယ်၊ ရှိနေရင်တောင်မှ ဇနီးကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေ မရှိရင် နားလည်အောင် ဖျောင်းဖျရမှာပဲလေ၊ ကြီးမေကလည်း သားအတွက် အရွေးမှားသွားတာမျိုး အဖြစ်မခံနိုင်ပါဘူးကွယ်"

"ဟုတ်တယ်…ဟုတ်တယ် ကြီးမေ၊ ပိုး စဉ်းစားထားတာက ကိုကြီးအတွက်ဆိုရင် ချောရမယ်၊ လိမ္မာယဉ်ကျေး သဘောနောဖြူလေး ဖြစ်ရမယ်၊ ပညာတတ်ရမယ်၊ အိမ်မှုကိစ္စနိုင်နင်းပြီး ကိုကြီးရဲ့ လုပ်ငန်းမှာ အနီးကပ် အားပေးကူညီ တိုင်ပင်ဖော်လည်း ဖြစ်ရမယ်၊ ပြီးတော့ လူကြီးမိဘတွေအပေါ် ဆွေမျိုးမောင်နှမအပေါ်မှာလည်း ဖော်ရွေလှိုက်လှဲတဲ့ ဆက်ဆံရေး ရှိနေရမယ်၊ ကဲ… ကောင်းဘူးလား ကြီးမေ"

ကြီးမေ သဘောကျစွာ ရယ်ပါတော့သည်။ မေမေကလည်း ပြုံးပြုံးလေး ခေါင်းညိတ်လိုက်ပြီးမှ…

"မမရေ…ကြားလား၊ မမတူမလေးက သူ့ကိုကြီးအတွက် မေထက်တောင် ပူပန်စိုးရိမ်နေပုံပဲလေ အဟင်း…"

"ဟုတ်ပါရဲ့ကွယ်၊ ပိုးလေးက သားအတွက် တကယ့်ကို

www.burmeseclassic.com

www.burmeseclassic.com



အလေးအနက် တွေးပေးနေတာကိုး၊ ကျေးဇူးပါပဲ သမီးရယ်၊ သမီး ပြောသလိုပဲ ကြီးမေရဲ့ဆန္ဒနဲ့ တစ်ထပ်တည်းပါပဲကွယ်”

ထိုစဉ် လေယာဉ်ဆင်းတော့မည့် အချက်ပေးမှုကြော... ပိုးတို့အားလုံး ကိုကြီးအလာကို စောင့်ကြိုနေကြပါ၏။

လေယာဉ်ကြီးက လှပခံ့ညားစွာ ဆိုက်လာလေပြီ။

မကြာခင် ခရီးသည်တွေကို ကြိုလာသော ကားပေ... ကိုကြီး ဆင်းလာပါတော့၏။ ကြည့်စမ်း...

အလွန်ခံ့ညားသော ကျက်သရေတို့ဖြင့် သားနားတည်... စွာ လျှောက်လာနေသော ကိုကြီးအသွင်က စမတ်ကျ အချို... လှပါဘိခြင်း။

ကိုကြီးက ပိုးတို့အားလုံးကို လှမ်းမြင်သည်နှင့် သွားဖ... လေးတွေပေါ်သွားအောင် အားပါးတရ ပြုံးရယ်နှုတ်ဆက်ကာ သွ... လက်သော ခြေလှမ်းများဖြင့် လျှောက်လာရင်း ဘကြီးနှင့် မေ... တို့ကို လေးစားနွေးထွေးဟန်ဖြင့် လက်ဆွဲနှုတ်ဆက်ပြီးမှ ကြီးမေ... ဖက်၏။

ကြီးမေကလည်း ဝမ်းသာ ကြည်နူးစွာ ဖက်ထား... ကိုကြီး၏ ကျောပြင်ကို အသာသပ်လိုက်ပြီးမှ ပြော၏။

“သား မင်းဒေါ်လေးနဲ့ ညီမလေးကို နှုတ်ဆက်လိုက်ဦး”





“ဟုတ်ကဲ့မေမေ”

ကိုကြီးက မေမေ့ကို ခါးလေးညွတ်၊ ခေါင်းညိတ်ပြုံးပြကာ နှုတ်ဆက်ပါသည်။

“ဒေါ်လေး နေကောင်းတယ်နော်၊ လာကြိုပေးတာ ကျေးဇူးပါပဲ ဒေါ်လေး”

“အင်း...အင်း ကောင်းပါတယ်ကွယ်၊ ကိုကောင်းက အသားတွေ အရမ်းဖြူပြီး ကျက်သရေ ရှိလိုက်တာကွယ်”

“ဒေါ်လေးရော၊ မေမေပါ ချောတုန်းပါပဲဗျာ၊ ကျွန်တော် ချွေးပွသဘက်လေးတွေ ဝယ်လာတယ် ဒေါ်လေး”

“ဟုတ်လား...ကျေးဇူးပဲကွယ်”

ကိုကြီးကို ငေးငေးလေး ပြုံးကြည့်နေသော ပိုးကို ကြီးမေက သတိထားမိဟန်ဖြင့်...

“သားရေ...ဒီမှာလေ၊ မင်းနှမ..အဟင်း...သူ့အစ်ကိုကို ငေးကြည့်နေတာများ ချစ်စရာလေးကွယ်”

ကိုကြီးက နောက်ဆုံးမှ နှုတ်ဆက်ရသော ပိုးခေါင်းပေါ် လက်တစ်ဖက်နှင့် အသာပုတ်ကာ ပြုံးပြုံးလေး ပြောလိုက်၏။

“ညီမလေးကို ကိုကြီးက ဘယ်က မင်းသမီးလေးလဲလို့ ကြည့်နေတာကွ၊ အဟင်း...”

www.burmeseclassic.com



“အံမယ်…ကိုကြီးကရော၊ တကယ့်ကို မင်းသားလေ
အပြည့်နဲ့များ၊ ပိုးတောင် ငေးကြည့်နေရတာ ကြီးမေ..ကိုကြီး
ပိုပြီးတောင် ချောလာတယ်နော်”

“ကဲပါ ညီမလေးရာ၊ မမြှောက်လည်း ညီမလေးအဖ
အလှပြင်ပစ္စည်းတွေ အများကြီး ဝယ်လာတာပါကွာနော်၊ ညီမ
က ကျောင်းမှာ Queen ဆို၊ ကိုကြီးညီမက စတားလေးပေါ့
လား၊ ကျောင်းတက်ရတာ ပျော်ရဲ့လားဟင် ညီမလေး”

“ပျော်ပါတယ် ကိုကြီး၊ ပိုးမှာ ဒီလိုအစ်ကိုချောချော
တယ်ဆိုတာ ကျောင်းမှာ ကြွားပြရသေးတာပေါ့နော်…ကြီး

“အင်း…အင်း…ကြွားပါကွယ်”

“ကျောင်းမှာ ဟုတ်လား…ညီမလေး”

“သားရေ…မင်းညီမလေးက ကျောင်းကြိုပို့ တင်
လောက် အကူအညီတောင်းချင်လို့တဲ့လေ၊ မမေက ကတိပေး
ပြီးပြီ”

“သြော်…ဟုတ်လား၊ ရတာပေါ့ ညီမလေးရာ”



## အခန်း (၁၈)

ဒီနေ့တော့ ပိုးကို သူ စကားပြောခွင့်လေးရရန် မျှော်လင့်ချက်ဖြင့် ကျောင်းသို့ ခပ်စောစော ထွက်လာခဲ့၏။ နန္ဒတို့ပင် မရောက်သေး။

ခုနောက်ပိုင်း သူ့ကိုယ်သူ အတော်ဂရုစိုက်နေပါသည်။ ပိုး မကြိုက်တာ ဘာမှ မလုပ်မိရန်ပင်။

မိုးထက်ကပင် ပြောရလေသည်။

“သြဘာရာ…မင်းအဖြစ်က ရွှေပိုးအိမ်နဲ့ တွေ့တော့မှပဲ အရှင်လတ်လတ် ဘဝပြောင်းသွားသလိုပါလားကွာ”

အလွန်မှန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိုးအိမ်ကို မြတ်နိုးလွန်းသည့်စိတ်တွေက သူ့ကို အလိုလို ပြောင်းလဲသွားစေပြီ မဟုတ်ပါလား။

မေမေကပင် သူ့ကို သတိထားမိကာ မေးသည်အထိ မဖုံးနိုင်၊ မဖိနိုင်။

"သား…ခုတလော ငြိမ်လှချည်လားကွယ်၊ ဘာဖြစ်လို့လဲ သား"

"ဟင့်အင်း…ဘာမှမဖြစ်ပါဘူး မေမေ"

"ဖြစ်နေပါတယ်ကွယ်… မေမေသိတာပေါ့၊ မေမေ မွေးထုတ်ခဲ့တဲ့သားပဲ၊ အရင်က သားပုံစံမှ မဟုတ်တာ၊ ခုတော့ အပြင်လည်း သိပ်မလည်တော့ဘူး၊ အခန်းထဲမှာ ငြိမ်ငြိမ်လေး နေနေတာ၊ တစ်ခုခုတော့ ဖြစ်နေတယ် မဟုတ်လား သား"

သူ မချိပြုံးလေးဖြင့် မေမေ့ကို မညာချင်တော့…

မေမေ့ဆီက အကြံကောင်းလေး ရလိုရငြားပါ။

"မေမေ"

"ဟင်…ဘာလဲသား"

"သား မိန်းကလေးတစ်ယောက်ကို တကယ်ကြိုက်သွားပြီဗျာ"

"ဩော်…အဟင်း"





မေမေ သဘောကျစွာ ပြုံးလိုက်ပြီးမှ…

"ဘယ်ကလဲသား၊ တလောက မေမေနဲ့ တန်းတိုးတဲ့ ကောင်မလေးလား၊ ဘာတဲ့ အိန္ဒြာဆိုလား‥သားပြောတာ၊ မေမေ သိပ်မမှတ်မိတော့ဘူး"

"သူ မဟုတ်ပါဘူး မေမေ"

"ဟင်…မဟုတ်ဘူး၊ ပြတ်သွားပြီလား‥သားနဲ့ကြိုက်တာ သိပ်မကြာသေးဘူး ဟုတ်လား"

"ဟုတ်ကဲ့…သူ့စရိုက်တွေကို သဘောမကျလို့ စောစောစီးစီးပဲ နောက်ဆုတ်လမ်းခွဲလိုက်ပါပြီ မေမေ"

"ဩော်…ဩော်၊ သားရယ်‥သားတို့ဟာကလည်း ခုမြင်ခုကြိုက် ခုကွဲတွေပါလား၊ စိတ်မောစရာကွယ်"

"ခုတော့ သား တကယ်ချစ်မိတဲ့သူ တွေ့ပြီ မေမေ"

"ဟင်‥ အဟင်း… ဟုတ်လား သားရယ်"

မေမေ့မျက်နှာပေါ်မှ အပြုံးကို သူ နားလည်ပါသည်။ ထုံးစံအတိုင်း လာပြန်ပြီတစ်ယောက်ဆိုသော မေမေ့အပြုံးကို သူ ကောင်းစွာသိ၏။ မေမေက သူ့ကိုကြည့်ပြီး ပြောလေသည်။

"သား…သားလည်း မငယ်တော့ပါဘူးကွယ်၊ ကျောင်းပြီးတော့မယ်၊ ကလေးဆန်ဆန် မနေပါနဲ့လား၊ ရည်းစားတွေ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပြီးတစ်ယောက် လဲနေတာ မကောင်းဘူးနော်၊ ယောက်ျား မျာလည်း ကိုယ်ကျင့်သိက္ခာဆိုတာ သိပ်ကို အရေးကြီးတာကွယ့်"

"ဟုတ်ကဲ့ မေမေ၊ ဒီတစ်ခါတော့ သားရင်ထဲက တကယ့် ကို အလေးအနက်ပါ မေမေရာ"

"မေမေ တစ်ခုပြောမယ် သား"

"ဟုတ်ကဲ့"

"ဒီကိစ္စကို သား အလေးအနက်ထားစေချင်နေတာ ကြာ လှပြီကွယ်၊ သားက ကစားသလို အပျော်အပျက် တွဲနေတော့ မေမေ စိတ်မသက်သာပါဘူး၊ ကိုယ်ရော သူပါ သိက္ခာလည်းကျ၊ နာမည် လည်း ပျက်တယ် မဟုတ်လား၊ မကြိုက်ခင် အချိန်ယူ လေ့လာ အကဲခတ်မယ်၊ သေချာပြီဆိုတာနဲ့ အမိအရလေး ဆုပ်ကိုင်နိုင်အောင် ကြိုးစားပေတော့၊ အခုဟာက သားဖြစ်နေပုံ မဟုတ်သေးဘူးနော် ကြိုက်တာနဲ့ တွဲပြီး သိပ်မကြာခင် ကွဲတယ်ဆိုတာ ပတ်ဝန်းကျင်က လည်း အထင်သေးမှာ"

"မေမေ ဒီတစ်ခါတော့ တကယ်ပါ မေမေ၊ သား တကယ့်ကို မြတ်နိုးမိတာပါ"

"ခါတိုင်းလည်း ဒီလိုပဲ မဟုတ်လား သား၊ တော်ပြီ— မလုပ်နဲ့၊ ကိုယ့်သိက္ခာလေးနဲ့ ကိုယ်နေပါတော့ကွယ်၊ လူကြီးဆန်ဆန် ဣန္ဒြေလေးနဲ့ နေပေါ့ ဟုတ်လား"





"မေမေ··သား အခု တကယ် ဝဋ်လည်နေပြီဗျာ"

"ဟင်···ဘာရယ်··သား"

"အဲဒီ မိန်းကလေးက သားကို လုံးဝပဲဗျာ၊ အထင်သေးပြီး ပြောလိုက်တာမှ ရေလည်ရက်စက်တယ် သိလား"

"ဟင်·· ဘာတွေ ပြောလဲ သား"

"မကြိုက်ဘူးဆိုတဲ့ စကားတွေပေါ့၊ ရွံတယ်တဲ့"

"အို···ဘုရား"

မေမေ ရင်ဘတ်ဖိကာ မျက်နှာပျက်၏။

"ဘယ်လိုမှကို ချဉ်းကပ်လို့ မရဘူး မေမေရာ၊ သားကို အယုံအကြည် မရှိဘူး၊ အထင်လည်း သေးပုံရတယ်"

"မာန အရမ်းကြီးပုံလား သားရယ်"

"မဟုတ်ဘူး မေမေ၊ အရမ်းကို ဖြူစင် သိမ်မွေ့ပြီး မိန်းက လေး ပီသတာပါ"

"သြော်···မေမ သိပြီ"

"ဗျာ"

"သား အရင်ကြိုက်ခဲ့ဖူးတဲ့ ပုံစံတွေနဲ့ မတူဘူးပေါ့ ဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ် မေမေ၊ ချောတာတော့ ချော် တော်လေးကို ချောတဲ့ မိန်းကလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ သားကို မကြိုက်တဲ့အကြောင်းရင်းက သားမှာ ရည်းစားများလို့ပေါ့ ဒီလိုလား"

"ဟုတ်တယ်…အဲဒီအတိုင်းပဲ မေမေ"

"အဟင်း…မေမေ့သား ဒီတစ်ခါ တကယ့်မိန်းမကောင်းလေးနဲ့ တွေ့သွားပုံပါလား၊ အဲဒါကြောင့် မေမေ ပြောတာပေါ့ သားရယ်၊ တကယ် နှစ်သက်မြတ်နိုးမိတဲ့ အခါကျရင် ခက်မယ်လို့"

"အစစ်ပဲ‥မေမေ၊ အဲဒါ သား ဘယ်လိုလုပ်ရမလဲ ဟင်"

မေမေ ပြုံးပါသည်။

သူ့ကို ကြင်နာစွာကြည့်ပြီး ပြောလိုက်တာက‥

"လွယ်ပါတယ်ကွယ်…သူ့ကို မကြိုက်နဲ့ပေါ့၊ တခြားတစ်ယောက် ထပ်ရှာလိုက်ရုံပေါ့-သားရယ်"

"ဟာ…မေမေ"

သူ လက်မခံနိုင်ပါ။ မေမေ ဒီလို ပြီးစလွယ် ပြောလိမ့်မည်ဟုလည်း သူ ထင်မှတ်မထားပါ။

မေမေက ပြောပြီး သူ့ကို အကဲခတ်နေလေသည်။ သူ ခေါင်းတွင်တွင် ရမ်းကာ…

"မဖြစ်ဘူး မေမေ၊ သား သူ့ကိုပဲ ချစ်တယ်၊ သူ့ကိုပဲ လိုချင်တယ်၊ သူ့ကို မရရင် သားဘဝ ဘာမှအဓိပ္ပာယ် မရှိတော့ဘူး ထင်တယ် မေမေရာ"





"အဟင်း…ဟင်း…ဟင်း ဖြစ်ရလေ သားရယ်၊ မဟုတ်သေးပါဘူးကွယ်၊ လောကမှာ မိန်းမ မရှားပါဘူး၊ ကိုယ့်ကို လက်မခံနိုင် အထင်လည်းသေးတဲ့ မိန်းကလေးကို ဘာလို့ စိတ်ဒုက္ခခံပြီး ကြိုက်နေဦးမလဲလို့"

"မေမေ…သား ဒီတစ်ခါ တကယ်ခံစားရလို့ပါ၊ သူက လွဲပြီး ဘယ်သူ့ကိုမှ စိတ်မဝင်စားတော့ပါဘူး မေမေရာ"

"ခက်ပြီကွယ်…အဲဒါကြောင့် အစကတည်းက မေမေ သတိပေးတာ သားမှ နားမထောင်ဘဲကိုး"

"သား ဘယ်လိုလုပ်ရမလဲဟင် မေမေ"

"ဒါမျိုးက မျက်စိနောက်အောင် အမြင်ကတ်စရာ ဖြစ်သွားအောင် သူ့ကို စိတ်အနှောင့်အယှက် သွားပေးမနေနဲ့တော့၊ ပိုဆိုးလာရုံပဲ ရှိမယ်"

"ဟင်…ဒါဖြင့်"

"စိတ်ရှည်ရှည်ထားပြီး သူ့ပတ်ဝန်းကျင်နဲ့ ကိုယ် ရင်းနှီးကျွမ်းဝင်မှု ရှိလာအောင် အရင်ကြိုးစားပေါ့၊ ပြီးတော့ သူ သဘောကျနိုင်မယ့် ပုံစံလေးဝင်အောင် ကိုယ့်ကိုယ်ကို အနေအထိုင် အပြုအမူ အပြောအဆိုတွေကအစ သတိထားပေါ့ သားရယ်"

"မေမေ အဲဒါဆို သူ့ဆီက တုန့်ပြန်မှုလေး ရနိုင်မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ အတိအကျ ဘယ်ပြောတတ်မလဲကွယ်၊ မိန်းကလေးတွေရဲ့ သဘာဝဆိုတာ နူးညံ့သိမ်မွေ့ စာနာတတ်တာလေ၊ သူ့ရဲ့ ခင်မင်မှုကို လိုချင်ရင် သူ သဘောကျအောင် နေတတ်ရမယ်၊ ဟန်ဆောင်ပန်ဆောင်လေး မဖြစ်စေနဲ့ပေါ့"

"ကောင်းပါပြီ မေမေ၊ ကျေးဇူးပါပဲ"

"အင်း...မေမေ့သားကို ပုံစံပြောင်းသွားအောင် စွမ်းဆောင်နိုင်တဲ့ မိန်းကလေးက သာမန်တော့ မဟုတ်လောက်ဘူး၊ ဘယ်ကလဲ..ဘယ်သူ့သမီးများလဲ သားသိလား"

"မသိပါဘူး မေမေ၊ သူ့အိမ်က အင်းယားလမ်းထဲမှာပဲ၊ တစ်ခါတော့ အဲဒီရှေ့မှာ ဂစ်တာ သွားခေါက်ဖူးလို့"

"ဩော်...အစ်ကိုတွေ၊ မောင်တွေ မရှိဘူးလားကွယ်"

"အဲဒါလည်း မသိပါဘူး မေမေရာ"

"ကဲ..ကဲ.. သားသိတာ သူ့ကို ချစ်တာတစ်ခုပဲဆိုတာ မေမေ နားလည်ပါပြီကွယ်၊ တွေးခေါ်မျှော်မြင်တတ်ပုံလေးပဲ၊ သား ကြိုးစားကြည့်ဦးလေ၊ မရတော့မှ မေမေတို့ ကူညီသင့်ရင် ကူညီပေးတာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ မေမေ၊ သားလည်း မိဘ အရှိန်အဝါ အကူအညီထက် သား အစွမ်းအစနဲ့ပဲ ကြိုးစားချင်ပါတယ်ဗျာ"





"ကောင်းတာပေါ့ သားရယ်"

ဒီတော့ နောက်ထပ် သူ ပိုးကို စိတ်အနှောက်အယှက်ဖြစ်အောင် ဘာမှ မလုပ်တော့ပါ။

ပိုး လာတတ်သော လမ်းကို မြင်သာသော နေရာတစ်ခုခုမှ စောင့်ကြည့်တတ်သော ခလေ့တစ်ခု သူ့အတွက် ပုံမှန် အလုပ်လေးပမာ ဖြစ်လာရ၏။ နန္ဒတို့ကပင် သူ့ကို အံ့ဩနေလေပြီ။

ခုလည်း ထုံးစံအတိုင်း ပိုးတို့အိမ်မှ ကားလေးဝင်လာမည့်လမ်းကို မျှော်ကြည့်နေသော သူ့အနားသို့ နန္ဒတို့ ရောက်လာပြီး...

"ဟော့ကောင်...ဩဘာ၊ မင်း ဒီလိုပဲ မျှော်တော်ယောင်ကြီး လုပ်နေတော့မှာလားကွာ၊ တစ်ခုခု လှုပ်ရှားဦးလေ"

သူ ခေါင်းအသာရမ်းကာ အပြုံးယဲ့ယဲ့လေးဖြင့်...

"နေပါစေတော့ကွာ၊ သူ့အနေနဲ့ ငါ သူ့ကို ဒီလိုပဲ ငေးကြည့်နေပါလားဆိုတဲ့ အသိအမှတ်ပြုမှုလေး စိတ်ထဲရှိသွားရင် တော်ပါပြီ၊ ငါဟာ သူ့အတွက် စိတ်တိုစရာ၊ ရွံစရာ မဖြစ်အောင် နေသွားဖို့ ဆုံးဖြတ်ထားပြီးပြီကွာ"

"ဟ..အဲဒါဆို ဘာထူးမှာလဲ ဩဘာရာ"

"ငါ့ကြောင့် သူ စိတ်အနှောင့်အယှက် ဘာမှ မဖြစ်စေချင်တော့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…မင်းစိတ်ကူးကလည်း တစ်မျိုး"

"ဟော"

မိုးထက်၏ တအံ့တသြ အသံကြောင့် သူ လှမ်းကြည့်လိုက် တော့ အသစ်စက်စက် ကားဖြူလေးတစ်စီးသူတို့ရှေ့မှ ဖြတ်သွား သဖြင့် နန္ဒက…

"ဘာလဲကွ မိုးထက်"

"အဲဒီကားထဲမှာ ရွှေပိုးအိမ်"

"ဟင်"

ရွှေပိုးအိမ်တို့ကား မဟုတ်တာ သူ သိ၏။ ကားသစ်လဲ တာများလား။

စိတ်ဝင်စားစွာ သူ လှမ်းကြည့်နေစဉ် ကားဖြူလေး လှမ်းလှမ်းမှာ အသာရပ်လိုက်၏။

ရွှေပိုးအိမ်၏ သူငယ်ချင်းနှစ်ယောက်ဖြစ်သော ယမင်း ငုဝါတို့ ရှိနေသော အနီးမှာ ဖြစ်၏။

ကားရပ်သည်နှင့် ပိုး ဖျတ်လတ်စွာ ဆင်းလာကာ မောင်းသူကို တစ်စုံတစ်ရာ ငုံ့ငုံ့လေး ပြုံးပြုံးလေး ပြောနေဟန် တစ်မျိုးမို့ သူ ပို၍ စိတ်ဝင်စားသွားရစွာ လှမ်းကြည့်တော့ သူ့ရင် ဒိန်းကနဲ တုန်သွားရပါတော့၏။





"ဟင်"

"ဟာ…ဘယ်သူလဲကွ၊ သားနားလှချည်လား၊ တကယ့် လူချောပဲကွာ၊ ကြည့်စမ်း…ချောမောခံ့ညားတယ်ဆိုတာ အဲဒီလို ပုဂ္ဂိုလ်ကို ပြောတာထင်တယ်ကွာ နော်"

အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ဆံပင်နက်နက်နှင့် အလွန် ကြည့်ကောင်းသော လူတစ်ယောက် ကားထဲမှ ဆင်းလာပြီး ပိုး မိတ်ဆက်ပေးပုံရသော ယမင်းနှင့် ငုဝါကို ပြုံးကာ စကားပြောနေ ဟန်က သြဘာရင်ထဲမှာ နေဆယ်စင်း ရုတ်ချည်း အလောင်ကျွမ်း ခံလိုက်ရသူပမာ၊ မျက်နှာတစ်ခုလုံး ဟန်မဆောင်နိုင်လွန်းစွာ အပျက် ကြီး ပျက်သွားရပါတော့၏။

သွားပြီ…သူ့မျှော်လင့်ချက်တွေ ပျက်စီးသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သူ့ကိုကြည့်ပြီး နန္ဒတို့ စိတ်ပျက်စွာ ခေါင်းရမ်းကြပါတော့

"ဟော့ကောင်...သြဘာ၊ မင်းကလဲကွာ ယောကျ်ား မဟုတ်တဲ့အတိုင်း၊ မျက်နှာကြီးက ခုပဲ ငိုချတော့မယ့်ပုံ ဖြစ်နေတာ သတိထားဦးလေကွာ"

နန္ဒကို သူ ကြောင်တက်တက်လေး ကြည့်လိုက်ပြီးမှ မေး လိုက်မိ၏။

"နန္ဒ...အဲဒီလူ ဘယ်သူဖြစ်နိုင်လဲဟင်"

သူ့အမေးကြောင့် နန္ဒ သူ့နဖူးသူ ဖတ်ကနဲ ရိုက်ကာ ပြော၏။





"ဟာကွာ...ငါက အကြားအမြင်ဆရာမှ မဟုတ်တာ၊ ဘယ်လိုလုပ် သိမလဲကွ"

"ငါ့အထင် သူ့ချစ်သူ ဖြစ်နေမှာ ထင်တယ်ကွာ"

မျက်နှာလေးပျက်ကာ အသံတိမ်နှင့် ပြောလိုက်သော သူ့ကို ဆက်က...

"သေချာ မသိဘဲနဲ့ ထင်ကြေးနဲ့ မပြောနဲ့လေကွာ၊ သူ့ အစ်ကိုတွေ ဘာတွေလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"အစ်ကိုက ခုမှ ဘွားကနဲ ပေါ်လာတာ ဘာသဘောလဲ၊ အစ်ခါမှ မမြင်ဖူးပါဘူးကွာ"

"သြော်...ဒီကောင်နဲ့ ခက်နေပြီ၊ ခုမှ တခြားက ရောက် လာလို့ ဖြစ်မှာပေါ့ကွ"

"အဲဒီလိုဖြစ်ရင် အကြောင်းဇလားကွာ"

"ဟင်...ဘာက အကြောင်းလဲ"

"မင်းတို့ သတိထားမိလား"

"ဘာလဲ"

"ရွှေပိုးအိမ်က အဲဒီလူကို ပြောဆို ဆက်ဆံတဲ့ မျက်နှာလေ"

"အင်း...တွေ့တာပေါ့၊ ကျုန်နုစ်ယောက်နဲ့ မိတ်ဆက်ပေး ခဲ့၊ ဒီလူကြည့်ရတာ လုပ်ငန်းရှင်စတိုင်ပေါက်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေပိုးအိမ်ကိုလည်း အရမ်းဂရုစိုက်တဲ့ပုံပဲကွာ၊ ရွှေပိုးအိမ်ကလည်း မျက်နှာတစ်ခုလုံး ချိုပြုံး နူးညံ့နေတာပဲ၊ သူတို့နှစ်ယောက် မောင်နှမ မဟုတ်ဘူး ထင်တယ်ကွာ"

စိုးရိမ်အားလျှော့ဟန်ဖြင့် ပြောနေသော သူ့ပခုံးကို နန္ဒ တစ်ချက်ပုတ်ကာ…

"ကဲပါကွာ…အဲဒါ ငါ့တာဝန်ထား ဟုတ်လား"

"ဟင်…ဘာ"

"စောသောက တွေ့တဲ့ပုဂ္ဂိုလ်နဲ့ ရွှေပိုးအိမ်တို့ ဘယ်လို ပတ်သက်မှုရှိသလဲဆိုတာ အမြန်ဆုံး သိရအောင် ငါ စုံစမ်းပေးမယ်"

"ဘယ်လို စုံစမ်းမှာလဲ"

"နည်းလမ်းရှိတယ်လေ…အဟဲ"

"ဘာနည်းလမ်းလဲ၊ ပြောစမ်းပါကွာ"

"ဒီလိုကွ…ရွှေပိုးအိမ်ရဲ့ သူငယ်ချင်း ယင်းမာဆိုတဲ့ ကောင်မလေး ယောက်နဲ့ ငါ့အသိတစ်ယောက်ဖြစ်တဲ့ ဖြူဖြူဝေနဲ့က ရင်းနှီးကြတယ်၊ အိမ်နီးချင်းတွေပေါ့"

"ဟင် ဟုတ်လား…ဒါဖြင့်…"

"ဖြူဖြူဝေကတစ်ဆင့် ယမင်းကို တီးခေါက်ကြည့်ရမှာ လေ၊ ဒါဆို သိချင်တာ သိရရော မဟုတ်လား"





"နန္ဒ"

"အင်း"

"လုပ်စမ်းပါဦးကွာ…မြန်မြန်နော်၊ ငါ့ရင်ထဲမှာ အဲဒါကြီး ဖြစ်ပြီးကတည်းက ဘယ်လိုမှ စိတ်မအေးလွန်းလို့ပါကွာ"

"အင်း…ရောဂါ…ရောဂါ"

နန္ဒတို့ ဘာပဲပြောပြော တကယ်ပင် သူ့ရင်ထဲမှာ ဆောက်တည်ရာမရ ဖြစ်နေရလေပြီ။

အလွန် သန့်ပြန့်ခံ့ညားသော ပုဂ္ဂိုလ်အသွင်က မြင်လိုက်ကတည်းကပင် လူကြီးလူကောင်းစတိုင်အပြည့်မို့ သူ့အဖို့ အားငယ်သလို ခံစားလိုက်ရပါသည်။ ယိုင်ယိုင်ယော်ယော် ဖြစ်သွားသလို ခံစားလိုက်ရပါသည်။

အထူးသဖြင့် ရွှေပိုးအိမ်…

သူ လှမ်းကြည့်နေမှန်း သူမ မသိဘဲ နေမည်မဟုတ်ပါ။

သူ့ရှေ့မှာမို့ တမင် ချိုချိုကြည်နူးစွာ ဆက်ဆံပြောဆိုနေ တာများလား။ ရွှေပိုးအိမ်၏ ကြည်ရွှင် လန်းဆန်းသော အပြုံး မျက်နှာလေးကို တစ်ခါမှ သူ မမြင်ဘူးပါ။

ခုတော့…ဟိုပုဂ္ဂိုလ်ကို ပြောဆိုနေဟန်တွေက တကယ် ရင်ခုန်စရာကောင်းလောက်အောင်ကို လှပ ချစ်စရာကောင်းလွန်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ဣန္ဒြေလေးနှင့် မျက်နှာထားလေး တည်တ[illegible]
ငြိမ်ငြိမ် နေတတ်သူမို့ ခုတော့ သူ့မှာ စဉ်းစားစရာတွေ ဖြစ်နေရ[illegible]
သည်။

ရွှေပိုးအိမ်ကို နေ့စဉ် ကျောင်း ကြိုပို့လုပ်နေသော ကိုကြ[illegible]
ကို အတော်များများက စိတ်ဝင်တစား အကဲခတ်နေကြမှန်းလ[illegible]
ရွှေပိုးအိမ် သိပါသည်။ အထူးသဖြင့် သြဘာနှင့် အိန္ဒြာကိုပ[illegible]

သြဘာက ကိုကြီး ကားဝင်လာလျှင် ဟန်မဆောင်နိုင[illegible]
မျက်တောင်မခတ်၊ လှမ်းကြည့်အကဲခတ်နေတတ်သလို၊ အိန္ဒြ[illegible]
ကလည်း ဣန္ဒြေပင် မဆည်နိုင်တော့၊ ကလပ်စ်ထဲ ရောက်သည[illegible]
စပါတော့၏။

"ရှတ်…ရွှေပိုးအိမ် ယူ့ကို လာပို့တာ ဘယ်သူလဲ[illegible]

ကြည့်…ဘယ်လောက်များ စိတ်ပျက်စရာကောင်း[illegible]
ပါသလဲ။ စိတ်ထဲ ထောင်းတနဲ ဖြစ်သွားရပေမယ့် ပိုး ဟန်[illegible]
ခပ်တည်တည် ခပ်အေးအေးလေးပင် တုန့်ပြန်လိုက်ပါသည်။

"ဘာဖြစ်လို့လဲ အိန္ဒြာ"

"အရမ်းချောတာပဲနော်…ယောကျ်ားပီသတဲ့ စတိုင[illegible]
က သိပ်စမတ်ဖြစ်တာဆိုတော့ အဟင်း…သိချင်လို့ပါ"

"တို့အစ်ကို"



"ဟင်…အရင်းလား"

"တစ်ဝမ်းကွဲ…ကြီးမေရဲ့သား"

"အစက မမြင်ဘူးလို့"

"နိုင်ငံခြားမှာ"

"တို့နဲ့ မိတ်ဆက်ပေးပါလားဟင်၊ ကျေးဇူးမမေ့ပါဘူးနော် အဟင်း…"

ယမင်းက ရွှေပိုးအိမ်ကို အိန္ဒြာ မမြင်အောင် ခြေထောက်ချင်း ဆတ်ကနဲ ထိလာ၏။ သတိထား…ဟူသော အဓိပ္ပာယ်။

ရွှေပိုးအိမ်ပြုံးကာ အိန္ဒြာ့မျက်နှာကို တည့်တည့်ကြီးကြည့်ပြီး မေးလိုက်လေသည်။

"ယူ ဘာကို ရည်ရွယ်ချင်တာပါလိမ့်"

"အို..ရှင်းရှင်းလေး၊ စိတ်ဝင်စားလို့ပေါ့ အဟင်း"

"သြော်…ဟုတ်လား၊ ဝမ်းနည်းစရာပဲ အိန္ဒြာ"

"ဟင်…ဘာလို့လဲ"

"တို့ကိုကြီးက လူပျို မဟုတ်ဘူးလေ"

"ဟင်…ဘယ်လို"

"ဟုတ်တယ်…မိန်းမနဲ့ ကလေးနဲ့"

"ဟင်..တကယ်"

www.burmeseclassic.com



"အင်းပေါ့…ကလေးတောင်မှ နှစ်ယောက်"

"ဩော်…ဟုတ်လား"

အိန္ဒြာကို လက်လျှော့စိတ်ပျက်သွားဟန် ပခုံးလေးတွန့်၊ မျက်ခုံးလေးပင့်ကာ ပြုံးမဲ့မဲ့လေး ဖြစ်သွားပြီးမှ…

"ဆောရီး"

အရှက်ပြေ ပြောကာ အိန္ဒြာကို ငြိမ်သွား၏။ ငဝါက လေသံဖြင့်…

"ဟဲ့…ဘာလို့ မဟုတ်တာ လျှောက်ပြောရတုန်း ရွှေပိုးရယ်၊ ရှင့်ကိုကြီးက လူပျိုစစ်စစ် မဟုတ်လား၊ ရေတောင်မရောတဲ့ လူပျိုဆို၊ ရည်းစားတောင် မရှိတဲ့လူဆို"

"ဟုတ်တယ်လေ…ငါ့ကိုကြီးကို သူ့လို အနံ့မကောင်းတဲ့ မိန်းမနဲ့ ဘယ်လိုလုပ်ပြီး မိတ်ဆက်ပေးလို့ ဖြစ်မှာလဲ၊ ကိုကြီးက တကယ့်ကို လူရိုးလူကောင်း လူတော်ပါဟာ၊ မဟုတ်တာနဲ့ တွေ့သွားလို့ ဘယ်ဖြစ်ပါ့မလဲ"

"အင်း…ရွှေပိုးရယ်၊ ရှင့်မှာလဲ ရှင့်ကိုကြီးအတွက် ပူပင်သောက ဖြစ်နေရပြန်ပြီ"

"ဟဲ့…သတိထားမိကြလား"

ယမင်းစကားကြောင့် ငဝါက…





"ဘာကိုလဲ…ဩဘာလား"

"အင်း…ဟုတ်တယ်၊ အဝေးကနေ မျှော်ငေးလေး လုပ်နေတာ၊ ရှင့်ကိုကြီးလည်း မြင်ရော အို…ပျက်သွားတဲ့မျက်နှာ သနားစရာတောင် ကောင်းတယ်ဟာ၊ အဟင်း…ဟင်း"

ပိုးတလည်း ကျေနပ်စွာ ပြုံးကာ…

"ငါ့ရည်ရွယ်ချက် အောင်မြင်တယ်ပေါ့နော်…ဘာပဲဖြစ်ဖြစ် ငါ့မှာ အားကိုးဖို့ အစ်ကိုတစ်ယောက် ရှိနေတယ်၊ မားမားမတော် ကာကွယ်ပေးမယ့် အစ်ကိုရှိနေတာ သူသိရင် ရပြီ၊ မဟုတ်ရင် အလကား အရှက်မရှိ လာ လာ နှောက်နေတာ၊ စိတ်ကုန်လွန်းလို့"

"သူ့ကြည့်ရတာ ပြောင်းလဲသွားတာတော့ အမှန်ပဲဟဲ့၊ ခါတိုင်းနဲ့ မတူတော့ဘူး"

"ဘာလဲ ငြိမ်နေပြီး ငါ့ကို လာမနှောင့်ယှက်တော့တာကို လား"

"အဲဒါရော…သူ့အနေအထိုင်၊ အဝတ်အစားတွေရော ဆို၊ ကိုးယိုကားယား ကြောင်ကြောင်ကျားကျားပုံစံတွေ လုံးဝ ပြောင်တော့တာလေ၊ ပုံမှန် ရိုးရိုးလေးပဲ"

"ယမင်း"

"ဟင်…ဘာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



“ခွေးမြီးကောက်ကိုများ အထင်ကြီးနေလား”

“မဟုတ်ပါဘူး..မြင်ရတာကို ပြောတာပါဟာ”

“အဟင်း…ဟင်း မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးပါဟာ၊ သူ အလိုရှိလို့သာ ရိုးသားဟန်ဆောင်နေတာ၊ ရွှေပိုးအိမ်ရဲ့ စိတ်ထဲမှာ အဲဒီလိုလူစားကို သေတဲ့အထိ အထင်မကြီးပါဘူးဟာ”

“အင်း…ရွှေပိုးရယ်၊ ရှင့်အဖြစ်ကလဲ တစ်ယောက်က အသည်းအသန်ဖြစ်နေသလောက် ရှင်က တူးတူးခါးခါး ဖြစ်နေရတာ ဘယ်လို ရေစက်ကြီးလဲဟာ”

“ဘာရေစက်မှ မဟုတ်ဘူး၊ ဒါကို ရေစက်လို့တောင် မသတ်မှတ်နိုင်ပါဘူးနော်၊ အလကား…မရနိုင်မှန်းသိလေ ရအောင် ကြိုးစားချင်လေ၊ ဒါမျိုးက ရသွားရင် တစ်သက်လုံး အနိုင်ကျင့် နှိပ်စက်သွားတတ်တယ် သိရဲ့လား၊ အညှိုးနဲ့ မဟုတ်လား၊ သူ ဘာပဲလုပ်နေနေ ငါ့အတွက် နီးဖီးလ်ပဲ၊ လုံးဝ ခံစားလို့ကို မရတာ”

“ဖွဲတော့ ကောင်းတယ်ဟဲ့၊ တော်ရုံမိန်းကလေးဆို သနားပြီး ပျော်ဝင်သွားမှာ”

“အဟင်း…ငါကလည်း ငါ့ကိုယ်ငါ တော်ရုံမဟုတ်ဘူးလို့ သတ်မှတ်ထားတာလေ”

“အင်း…ရှင့်ကိုရတဲ့ ယောကျ်ားတော့ အရမ်းကံကောင်းတဲ့ လူပဲ ရွှေပိုးရယ်”





“အဲဒါပါပဲ…ကျုပ်ကိုရလို့ သူ ကံကောင်းသလို၊ သူ့ကို ရလို့ ကျုပ်လည်း ကံကောင်းတဲ့ မိန်းကလေးဖြစ်မှ မျှတတော့မယ်လေ၊ ဒီလို မြာပွေတဲ့လူကိုများ ကျုပ်က AIDS အဖြစ်ခံပြီး ဘဝ အပျက်ခံရမှာလားလို့ ဝေးသေး”

“ဟဲ့…ရွှေပိုးရယ်၊ ပြောတော့မယ်၊ ရက်ရက်စက်စက်”

“ဘာကိုတုန်း”

“AIDS လေ၊ သူ့မှာ ရှိမရှိ ရှင် သိလို့လား”

“သိစရာ မလိုပါဘူး၊ မိန်းကလေးပေါင်းများစွာကို ကစားခဲ့တဲ့ အကျင့်က သူ့အတွက် အခု မရှိတောင်မှ မိန်းမရတယ်ပဲထား၊ ခြံခုန်တတ်တဲ့နွားဟာ ခြံခုန်မှာ အမှန်ပဲလေ”

“ရွှေပိုးရယ်…ရှင်ပြောမှပဲ ကြောက်စရာကြီး”

“ကြောက်ရမှာပေါ့၊ ဘာမှန်းမသိဘဲနဲ့ ရုပ်ချောတာ ပိုက်ဆံပေါ်တာနဲ့ အထင်ကြီးပြီး ပုံအပ်လိုက်ရင် ဘဝပျက်ရောပဲ”

“အင်း ရှင်တွေးသလို အိန္ဒြာကို တွေးမှတွေးရဲ့လား မသိ”

“အဲဒါ ကိုယ့်အလုပ်မဟုတ်ဘူး၊ သူ့အလုပ်…ကဲ တီချယ်လာပြီ၊ စာအုပ်ထုတ်”

“အင်း…အင်း”



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

"ဟင်...နန္ဒ၊ ဒါ တကယ်လား တကယ်နော်"

နန္ဒစကားတွေက သူ့အတွက် ကျွမ်းထိုးပစ်ချင်လောက်အော
ပျော်သွားရတာမို့ မယုံနိုင်သေးဟန် သူ ထပ်မေးတော့ နန္ဒက

"သြော်...တကယ်ပါကွာ၊ ငါ့ကို ဖြူဖြူဝေ သေ
ပြောလိုက်တာ၊ အဲဒါ ရွှေပိုးအိမ်ရဲ့ တစ်ဝမ်းပဲကွဲတဲ့ အစ်ကိုရင်
နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတာ၊ အခုမှ ပြန်လာတာတဲ့

"ဟာ..တော်ပါသေးရဲ့ကွာ၊ တော်ပါသေးရဲ့"

ခုမှ သူ့မျက်နှာတစ်ခုလုံး ပုံမှန် ကြည်လင်လာ
မိုးထက်က သူ့ကိုကြည့်ပြီး...





"သြဘာရှာ...မင်းကို ကြည့်ပြီး ငါ စိတ်တောင်ကုန်လာပြီကွာ၊ အဟုတ်ပဲ"

"ဟင်..ဘာလဲ မိုးထက်"

"ဘာရမလဲကွ၊ ရွှေပိုးအိမ်ကို ချစ်မိတဲ့ အချိန်ကစပြီး မင်းဘဝတစ်ခုလုံး ပြောင်းသွားသလို ကြက်နာကြီးကျနေရော၊ မိန်းမတစ်ယောက်အတွက် မင်း အဲသလောက်ကို ဖြစ်နေရလားကွာ၊ မင်းပဲ ဝမ်းဂိုးတူးကမ်းဆို"

မိုးထက်စကားကို သူ ရှက်ဝဲဝဲလေးပြုံးကာ...

"အေးကွာ...ပြောတော့၊ ငါကိုယ်ငါလည်း အံ့သြမိတယ်၊ ဒီတစ်ခါတော့ ငါ တကယ် ခံရပြီကွာ၊ အသိအမှတ်ပြု မခံရတဲ့ ...ဟာ အတော်ဆိုးတာပဲ"

"အေးကွာ...ရွှေပိုးအိမ်ကလည်း မာသလားမမေးနဲ့၊ လုံးဝ ကို စိတ်မဝင်စားပုံဘဲ၊ မင်း ဘာဆက်လုပ်မလဲ သြော်"

"မေမေကတော့ လိုအပ်ရင် သူတို့ လူကြီးချင်း စကား ပြောကြည့်ရမလားတဲ့"

"အေးကွ..အဲဒါ မဆိုးဘူး၊ မင်း သူ့ပေါ် တကယ်အလေး ...က်ပဲဆိုတာ သက်သေထူတဲ့သဘောပဲ၊ လူကြီးတွေရဲ့ အရှိန်အဝါ ... မင်း အိုကေသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း...ငါက ငါ့အစွမ်းနဲ့ငါ ကြိုးစားချင်တာကွာ"

"စိတ်လျှော့လိုက်တော့ ဩဘာ"

"ဟင်..ဘာ"

"ငါ ဖြူဖြူဝေဆီက ကြားလာပြီးပြီ"

"ဘာလဲ နန္ဒ"

"ယမင်းက ပြောတယ်တဲ့၊ မင်းကို ရွှေပိုးအိမ်က နည်းနည်းလေးမှကို မကြည်ဘူးတဲ့ကွ၊ လုံးဝ အထင်မကြီးဘူးတဲ့၊ ပြောလိုက်တာမှ ရစရာကို မရှိဘူးတဲ့ကွ"

"ဟင်..ဘာတွေပြောလို့လဲ နန္ဒ"

"အစုံပဲ...အများကြီးပဲ၊ ငါ မှတ်မိသလောက် ရည်းစားများတဲ့မင်းကို ရွှေပိုးအိမ်က လူရှုပ်လူပွေလို့ သတ်မှတ်ပြီး AIDS ရောဂါတွေဘာတွေတောင် ရှိချင်ရှိနေမှာတဲ့လေ ကဲ"

"ဟာကွာ..အချိန်မရွေး ငါ ဆေးအစစ်ခံနိုင်ပါတယ်ကွာ"

"အေးပါ...သူ့အထင် သူပြောတာ၊ ပြီးတော့ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးတဲ့၊ ဟန်ဆောင်နေတာတဲ့၊ ခြံခုန်တတ်တဲ့နွားတဲ့၊ ခွေးမြီးကောက်တဲ့ စုံနေရော"

"အဟင်း..."

မချိပြုံးလေးဖြင့် သူ နားထောင်ရင်း ရင်ထဲမှာ နာကျင် သိမ်ငယ် ကြေကွဲမှုတွေ တလိပ်လိပ် ခံစားလိုက်ရ၏။





ဩော်...ရွှေပိုးအိမ်ရာ၊ မင်းစိတ်ထဲမှာ ကိုယ်ဟာ တကယ့်ကို လူဆိုး၊ လူယုတ်မာ ဖြစ်နေပြီလားကွာ။ မဟုတ်ဘူး... မင်း ထင်နေသလို ကိုယ် လုံးဝမဟုတ်ပါဘူး ရွှေပိုးအိမ်ရာ။

ကိုယ့်အပေါ် မင်းယူဆချက်တွေက ရက်စက်ပြင်းထန်လွန်းပါလားကွာ။ မျက်နှာလေးပျက်စွာ ငြိမ်တွေငေးနေသော သူ့ကို နန္ဒက နှစ်သိမ့်ဟန်ဖြင့်...

"ငါလည်း ဖြူဖြူဝေကို ပြောလိုက်ပါတယ်ကွာ၊ သူ ထင်နေသလို လုံးဝမဟုတ်တဲ့အကြောင်းနဲ့ ရွှေပိုးအိမ်ကို မင်း အလေးအနက်ထားတာ ငါတို့အားလုံး သိတာ၊ ဘယ်မိန်းကလေးကိုမှ မင်း ထိခိုက်နစ်နာအောင် မလုပ်တာ ငါ ပြန်ပြောပြလိုက်ပါတယ်ကွာ"

"ဟုတ်လား...ကျေးဇူးပဲ နန္ဒရာ"

"ဒီတော့ မင်း လုပ်သင့်တာ တစ်ခုပဲ ရှိတယ်ကွ"

"ဟင်..ဘာလဲ"

"ခုန မင်းပြောသလို မင်းမိဘတွေ အကူအညီနဲ့သာ ဝင်ပေတော့ကွာ"

နန္ဒ အကြံပေးသလိုပင် ရွှေပိုးအိမ်တို့အိမ်ကို အဝင်အထွက်လုပ်နိုင်မည့် လမ်းစကို စုံစမ်းလိုက်တော့ ကံကောင်းထောက်မစွာ သတင်းရလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိုးအိမ်၏မေမေ ဒေါ်အိမ်ချစ်က ရတနာ အရော... အဝယ် လုပ်နေသူမို့ ပို၍ အဆင်ပြေသွားလေပြီ။

ဩဘာက မေမေ ဒေါ်မြသီတာကို အကျိုးအကြော... ပြောပြ အကူအညီတောင်းတော့ မေမေက ပြုံး၍...

"အင်း...စိတ်ချသား၊ မေမေ ပစ္စည်းတွေ ဝယ်ချင်လို့... ပြီး ရင်းနှီးအောင် အရင်ကြိုးစားပြီးမှ တစ်လှမ်းတိုးမယ်လေ၊ ဘာ... မပူနဲ့ သား၊ မေမေ့တာဝန်ထား၊ အားလုံး အဆင်ပြေသွားအော... မေမေ ဖန်တီးပေးပါ့မယ်ကွယ်"

"ဟုတ်ကဲ့..မေမေ၊ သား မေမေ့ကို အားကိုးပါတယ်ဗျာ"

မေမေ လှုပ်ရှားနေချိန်မှာ သူ ငြိမ်နေလိုက်၏။

ဒေါ်မြသီတာကလည်း လိမ္မာပါးနပ်စွာပင် ပွဲစားမှတစ်ဆ... ဒေါ်အိမ်ချစ်ဆီရောက်အောင် ဆက်သွယ်ကာ စိန်နားကပ်၊ စိန်လ... စွပ်၊ စိန်ကြယ်သီးတွေ တစ်ခုပြီးတစ်ခု တစ်ပတ်ခြား နှစ်ပတ်ခြား... လောက် ဝယ်ပြီးချိန်မှာတော့ အတော်လေး ရင်းနှီးခင်မင်မှုလေး... ရှိသွားလေပြီ။

မိမိအပေါ် ယုံကြည် စိတ်ချ ခင်မင်လေးစားမှုတွေ ရှိပြီ... တော့မှ ဒေါ်မြသီတာက တစ်ဆင့်တိုးကာ သားရေးသမီးရေးကို... မသိမသာ တီးခေါက် ကမ်းလှမ်းပါတော့၏။ ဒေါ်အိမ်ချစ်ကလည်...





အလိမ္မာနှင့်သာ ပြန်ပြောထားလေသည်။ သမီးကို မေးမြန်းဆန္ဒယူပါရစေဦးဟူ၍ပင်။

ဒါတွေကို ပိုး ဘာမှမသိ။ ထိုနေ့က ပိုးကို ကျောင်းလာကြိုရင်း ကိုကြီးက...

"ညီမလေးကို မေမေက သူ့ဆီ အရင်ဝင်ပြီးမှ ပြန်တဲ့၊ မုန့်တွေလုပ်ထားတာ ပေးလိုက်မလို့တဲ့လေ"

"ဟုတ်လား...ဘာမုန့်လဲ ကိုကြီး"

"ရွှေရင်အေးနဲ့ ပူတင်းလား မသိဘူး"

"ဟာ...ကော်တာပဲ၊ အဲဒါ ပိုး ကြိုက်တယ် ကိုကြီးရဲ့၊ ကော်ဖီခါးခါးလေးနဲ့ သောက်ရမယ်"

"အင်း...မေမေလည်း ပြောတယ်၊ ညီမလေး ကြိုက်တယ်တဲ့၊ ဒေါ်လေးတို့အတွက်ပါ ပေးလိုက်ချင်လို့တဲ့လေ"

"ကောင်းတယ် ကိုကြီး၊ ဆွမ်းတော်လည်း ကပ်ရတာပေါ့"

ပိုး အဲပြောကြောင့် ကိုကြီး သဘောကျစွာ ပြုံးကာ...

"ညီမလေးက တော်လိုက်တာကွာ"

"ဟင်...ဘာလဲ ကိုကြီးရဲ့"

"မိန်းကလေးပီသလို့"

"အယား...ကိုကြီးကလဲ ကိုယ့်ညီမကို မြှောက်အုံလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ...ကိုကြီး သတိထားမိသလော
အတော်များများက ဣန္ဒြေဆိုတာကို အလေးမထားဘဲ ဖြင်း
ပြောဆိုတတ်ကြတယ်လေ၊ ပေါ့တိမ်တိမ်စရိုက်တွေပေါ့"

"ဘာလဲ..အတင်း လာလာရောတတ်တဲ့ အိန္ဒြေကိုလိုလာ

"အဟင်း...ဟုတ်တယ်ကွာ၊ အဲဒီတစ်ယောက်
အတော်လေး ရဲတင်းသွက်လက်လွန်းတယ်နော်"

"သူက ကိုကြီးကို စိတ်ဝင်စားလို့တဲ့"

"အာ..ဘယ်ဖြစ်မလဲ"

"ကိုကြီး မကြိုက်ဘူးလား၊ လှသားပဲ"

"တော်တော့ ညီမလေး၊ ကိုကြီး အဲဒီပုံစံကို သဘော
ပါဘူးကွာ"

"အဟင်း...သိသားပဲ၊ တို့ကိုကြီးက တော်လေး
မိန်းကလေးမျိုးကိုမှပါနော်၊ ဟုတ်တယ်မှတ်လား"

"အင်း...ဟုတ်မယ် ထင်တယ်ကွာ"

"ညီမလေး ရှာပေးရမလား"

"မေမေနဲ့ တိုင်ပင်ပြီးရှာလေ၊ မေမေနဲ့ ညီမလေး သ
ကျရင် ကိုကြီး စိတ်ချတယ်"

"အင်း...ကြီးမေနဲ့ တိုင်ပင်ရင်တော့လား၊ ဒီကိစ္စ ပို
အာဏာကုန်လွှဲလိမ့်မယ်"





"ဒါနဲ့ ကိုကြီးအတွက်ပဲ ပြောနေတယ်၊ ညီမလေးကရော
ခ်သူ မရှိသေးဘူးလား"

"အဟွန်း...ပိုးက ငယ်သေးတယ်လေ ကိုကြီးရဲ့ ကျောင်း
ြးမှ စဉ်းစားမှာ"

"ဒါပေမယ့် ကျောင်းမှာ ညီမလေးကို သဘောကျနေတဲ့
တစ်ယောက် ရှိတယ်နော်"

"ဟင်"

"ကိုကြီး သတိထားမိတာလေ၊ ခပ်လှမ်းလှမ်းကနေပြီး
မြဲ ကြည့်နေတတ်တဲ့ ခပ်ချောချောတစ်ယောက်"

"ဟွန့်..တော်ပါ ကိုကြီးရယ်၊ အဲဒီလူက ရည်းစားသက်စေ့
ာ ပွေတဲ့လူ၊ အရမ်းမုန်းတာပဲ၊ သူ့လိုလူကများ ပိုးကို ကြိုက်သတဲ့၊
န်လို့လားနော်"

ပြောရင်း ပိုး မျက်နှာလေးပါ မှုန်တင်းတင်း ဖြစ်လာသဖြင့်
ကိုကြီးရယ်၍...

"အဟား...ကြည့်စမ်း၊ ပိုးလေးက စိတ်ဆိုးနေပုံလေးက
ခ်စရာကွာ၊ ကဲ..ကဲ တော်ပြီ၊ အိမ်ရောက်တော့မယ်၊ မျက်နှာလေး
ပြုံးထားလိုက် ဟုတ်လား...တော်ကြာ မေမေ မေးနေမှ ဖြေရခက်
နဦးမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း"

ကိုကြီး သတိပေးတော့မှ ပိုးလည်း ရယ်လိုက်မိပါတော့ ... ဟုတ်ပါရဲ့ ... အဲဒီတစ်ယောက်အကြောင်း ပြောမိရင် ပိုးက အလိုလို ဒေါသထွက် စိတ်ဆိုးတတ်တာ မဆန်းတော့။

ကြီးမေက အိမ်ရှေ့မှ ထွက်ကြိုနေရင်း ...

"လာ..လာ သမီးက ဒီမှာစားသွား၊ အိမ်အတွက် ထည့်ပေးလိုက်မယ် ဟုတ်လား"

"ဟုတ်..ကြီးမေ၊ ဆာနေတာနဲ့ အတော်ပဲ"

"ကော်ဖီခါးခါးလေးပါ တစ်ခါတည်း နှပ်ထားပေးတယ် မောင်နှမနှစ်ယောက် သွားစားကြ"

"မေမေရော"

"ပြီးပြီလေ...မင်းဖေဖေနဲ့ စားပြီးပြီ"

ထမင်းစားခန်းမှာ ကိုကြီးနဲ့ပိုး စားနေစဉ် ကြီးမေက အနားမှာ လာထိုင်သဖြင့် ပိုးက ပြုံး၍ ...

"ကြီးမေရေ...ကိုကြီးအတွက် သတို့သမီးလောင်း ရှာတော် ထွက်ရအောင်နော်"

"ဟင်..ဘာရယ်၊ သားက မိန်းမ လိုချင်နေပြီလား"

"ဟာ မဟုတ်ပါဘူး မေမေရာ၊ ညီမလေးက စကားစပ်လို့ ပြောတာပါ၊ မလိုချင်သေးပါဘူးဗျာ"





"ဘာတွေ စကားစပ်လို့တုန်း သမီးရယ်၊ ပြောစမ်းပါဦး"

"ဒီလို ကြီးမေရဲ့၊ ကိုကြီးက ချောတော့ ပိုးတို့ ကျောင်းက သတ်စလူးတွေ စိတ်ဝင်စားတယ်လေ"

"ဟင်...ဟုတ်လား သား"

"အလကားပါ မေမေရာ၊ အဲဒါကို ညီမလေးက စိုးရိမ်ပြီး ရှာပေးမယ်လို့ ပြောတာပါ"

"ဟုတ်တယ် ကြီးမေရဲ့၊ မတော်တဆ ကိုကြီး မဟုတ်တာတွေ သွားမှာစိုးလို့၊ တော်လေးဝင်ထဲက ရှာပေးမှာလို့ ပိုးက ပိုးတို့ အသိုင်းအဝိုင်းရဲ့ စည်းကမ်းနဲ့ ကိုက်ညီမယ့် မိန်းကလေးမျိုး ဖြစ်စေချင်တာလေ၊ သိမ်မွေ့ ယဉ်ကျေးပြီး ဇနီးကောင်းပီသ လှလှပပ သား.. ကိုကြီးနဲ့ ကြီးမေတို့အပေါ် ရိုသေလေးစားအားကိုးမယ့် ချွေးမလေး ဖြစ်စေချင်လို့၊ ဟို ပိုးတို့စရိုက်နဲ့လည်း အလိုက်သင့် ဖြစ်မယ့် မမပေါ့နော်၊ ကြီးမေ မကောင်းဘူးလားဟင်"

"ရှိနေလို့လား သမီးရယ်"

"ဟို ရှိတော့ မရှိသေးပါဘူးလေ၊ ဒီလိုပဲ ရှာရမှာပေါ့လို့၊ ကိုကြီးအတွက်ဆို အစစ အရာရာ ချို့ယွင်းချက်မရှိအောင် ကြည့်ရမှာ ကြီးမေရဲ့၊ ဘာလို့လဲဆိုတော့ ကိုကြီးလိုလူကို ရတဲ့ မိန်းကလေးဟာ အရမ်းကို ကံကောင်းမှာလေ၊ ဒီတော့ တော်ရုံတန်ရုံ အရည်



www.burmeseclassic.com

www.burmeseclassic.com



အချင်းနဲ့တော့ မဖြစ်ဘူးနော်၊ တကယ့်ကို တော်ဝင်မိန်းကလေး ဖြစ်နေရမှာ၊ ကိုကြီးကလည်း ကြီးမေနဲ့ ပိုးတို့ သဘောကျရင် လက်ခံမယ်တဲ့ သိလား"

ကြီးမေ သဘောကျစွာ ရယ်ပါတော့၏။

"အဟင်း...ဟင်း..သမီးရယ်၊ သားအတွက် ကြီးမေ ထက် သမီးက ပိုပြီးတောင်မှ ထောင့်စေ့ အကွက်စေ့အောင် စဉ်းစား ပေးထားတာကိုး၊ ကြည့်စမ်း...သား မင်းညီမလေးက အရွယ် မလိုက်အောင် တော်လိုက်တာနော်"

"ဟုတ်တယ် မေမေ၊ ကျွန်တော်က ညီမလေးရဲ့ အပြော အချင်းတွေကို အံ့လည်းဩ၊ သဘောလည်း ကျတယ်ဗျာ၊ အ သူ ပြောလိုက်တဲ့အချက်တွေအားလုံး ကျွန်တော့်ဆန္ဒနဲ့ တစ်ထ တည်းပဲ မေမေရာ၊ ကျွန်တော့်မှာ ချစ်သူထားဖို့ အခွင့်အရေးလေး မပေးနိုင်အောင် အလုပ်ထဲ နှစ်ထားရတော့ တကယ်ရွေးချယ်ရမယ့် အချိန်မှာ ဘယ်လိုစဉ်းစား ရွေးချယ်ရမှန်းတောင် မသိတော့ဘူးလေ ညီမလေးပြောမှပဲ ဒါတွေ သတိထားရမှာပါလားဆိုတာ တွေး တော့တယ်၊ ကျေးဇူးပဲ ညီမလေးရာ"

"ကိုကြီးကလည်း တစ်မိမ်းဆန်လိုက်တာ၊ ကျေးဇူးတင်စ မှ မဟုတ်တာနော်၊ ပိုးက ကိုကြီးအတွက် အမြဲတမ်း စဉ်းစားပေး



တာ သိလား၊ ကိုကြီးက တော်လွန်းတော့ တော်တဲ့ မိန်းကလေးနဲ့ပဲ ရစေချင်လို့"

"ကဲ...ကဲ သမီးရဲ့စေတနာကို ကြီးမေ နားလည်ပါပြီ ကွယ်၊ သားအတွက် အကောင်းဆုံးဖြစ်အောင် စဉ်းစားပေးကြတာ ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ရှင်! မေမေ"

အံ့သြလွန်း၍ ပိုး မေမေ့ကို မျက်ဝန်းလေး ဝိုင်းသွားရှာ ကြည့်မိပါ၏။

စက္ကန့်ပိုင်းလေးအတွင်းမှာ ပိုး အတွေးတွေက အပြေးအလွှား စဉ်းစားမိလိုက်တာက…

သြဘာဆိုတဲ့ ပုဂ္ဂိုလ် ငြိမ်နေလို့ နောက်ဆုတ်သွားပြီ မှတ် နေတာ…။ ခုတော့ သူ့နည်းဗျူဟာက ဒီလိုတဲ့လား။

မေမေက ပိုးကို အကဲခတ်ဟန် ကြည့်လိုက်ပြီးမှ…

"သူ့အမေလေ မေမေ့မှာ ပစ္စည်းတွေ ဝယ်ရင်းနဲ့ သိကျွမ်း ခင်မင်ပြီး ကမ်းလှမ်းလာတာ၊ သူ့သား တကယ်ပဲ စွဲစွဲလမ်းလမ်း ဖြစ်နေလို့တဲ့"





ပိုး ငိုချင်စွာ မျက်နှာလေးပျက်သွားရကာ ခေါင်းလေး ရမ်းလိုက်ပြီးမှ…

"မေမေရယ်…အဲဒီလူကို သမီးက အရမ်းကို မုန်းနေတာ၊ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲလို့"

"ရည်းစားများလို့လား သမီး"

"ဟုတ်တယ်…ကျောင်းမှာ နာမည်ကြီး မေမေရဲ့"

"အင်း…မေမေလည်း ဒေါ်မြသီတာပြောတိုင်း ယုံတာ မဟုတ်ပါဘူးကွယ်"

"အဟွန်း…ကိုယ့်သားကို ဆိုးတယ်လို့တော့ ဘယ်အမေ က ပြောမှာလဲ မေမေရယ်၊ ဘာလဲ မေမေက သဘောကျချင်နေလို့ လား"

ပိုးအမေးကို မေမေပြုံး၍…

"ဒီကိစ္စမျိုးက မေမေ သဘောကျတာထက် ကာယကံရှင် သမီး သဘောကျမှ ဖြစ်တာပါကွယ်"

"ဒါဆို အရှင်းလေးပဲ မေမေ၊ ပိုး လုံးဝ မကြိုက်တဲ့လူ တစ်ယောက်ကို လက်မခံနိုင်ပါဘူး"

"သမီး"

"ရှင် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေလည်း မိခင်တစ်ယောက်မို့ ကိုယ့်သမီးအတွက် သင့်မသင့် တော်မတော်ဆိုတာ ကိုယ့်နည်းကိုယ့်ဟန်လေးနဲ့ စုံစမ်းထောက်လှမ်းတာပါကွယ်"

"ဟင်"

"ကောင်လေးက ရည်းစားထည်လဲတွဲတာ မှန်ပေမယ့် နာမည်ပျက် မရှိဘူးတဲ့လေ၊ လူဆိုး လူယုတ်မာလေး မဟုတ်ဘူးပေါ့"

"ဟင်··မေမေ အဲဒီလောက် စိတ်များပြီး မတည်ငြိမ်တဲ့လူ၊ သိက္ခာမရှိတဲ့လူကို သမီးမှ အထင်မကြီးတာ၊ အထင်လည်းသေးတယ်၊ ရွံလည်း ရွံတယ်သိလား"

"သမီးရယ်···လူဆိုတာ မိဘ အသိုင်းအဝိုင်းဂုဏ်ဆိုတာ ရှိသေးတယ်မဟုတ်လား၊ သူတို့သား ရည်းစားများတာ တစ်ခုကလွဲပြီး အရမ်းလိမ္မာတယ်တဲ့လေ၊ သမီးကိုတွေ့ပြီး ပြောင်းလဲသွားတာကို မြင်တော့ သမီးဟာ သူတို့သားအတွက် အသင့်တော်ဆုံး မိန်းကလေးဆိုတာ နားလည်လိုက်ပါပြီတဲ့လေ"

"ခက်တာက သမီးရင်ထဲက ဆန္ဒ လုံးဝမပါဘူး မေမေ"

"မေမေတို့ မိန်းကလေးတွေမှာ ဝမ်းနည်းစရာကောင်းတာ တစ်ခုက ကိုယ်က ရွေးချယ်ခွင့်မရှိဘူး သမီး၊ ကိုယ့်လာစပ်ဟပ်သူ ရှိမှသာ ခေါင်းညိတ်၊ ခေါင်းခါ ဆုံးဖြတ်ရတာလေ၊ ဒီတော့ တစ်ဖက်





က ကြိုက်လှချည်ရဲ့၊ ချစ်လှချည်ရဲ့ ပြောလာရင် ကိုယ့်အနေနဲ့ စဉ်းစားရတော့မယ်၊ ခွင့်လွှတ်နိုင်တဲ့ ချို့ယွင်းမှုလေးဆိုရင် လစ်လျူရှုပြီး လက်ခံကြတတ်တယ်"

"သမီး ခွင့်မလွှတ်နိုင်ဘူး မေမေရဲ့၊ ရည်းစား ဘောက်သောက် ထားသူတစ်ယောက်ရဲ့ မိန်းမဖြစ်ရတာဟာ ခြံခုန်တတ်တဲ့ နွားတစ်ကောင်ကို ဝယ်မွေးမိသူနဲ့ ဘာမှ မခြားတော့ပါဘူး၊ မေမေက စဉ်းစားစေချင်နေတာလား၊ သမီး နားမလည်တော့ပါဘူး မေမေရယ်"

"သမီးရယ်···ဟိုဘက်က အာမခံချက်တွေ၊ ကတိတွေ အမျိုးမျိုး ပေးတာလေ၊ သူတို့သားအတွက် လုံးဝတာဝန်ယူနိုင်ပါတယ်တဲ့၊ သမီးကို တကယ်ပဲ မြတ်မြတ်နိုးနိုးလေးနဲ့ တန်ဖိုးထားချစ်ရှာတာတဲ့၊ သမီးဖြစ်စေချင်တာ မှန်သမျှ အားလုံး ဖြစ်စေရမယ်တဲ့ကွယ်"

"မေမေ"

"ဟင် သမီး"

"မေမေ သဘောတူနေလား ဟင်"

"သမီးဘဝ နောင်ရေး ကောင်းစားဖို့အတွက်ပါကွယ်၊ ချမ်းချမ်းသာသာလေး နေစေချင်တဲ့ မေမေ့စေတနာကို သမီး နားလည်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နားလည်ပါတယ် မေမေ၊ အခုလဲ သမီး မဆင်းရဲပါဘူး တိုက်နဲ့ကားနဲ့ နေနိုင်တာပဲ မေမေရယ်"

"ဒေါ်မြသီတာတို့က အရမ်းချမ်းသာတယ် သမီး၊ ဩဘာ က တစ်ဦးတည်းသောသားဆိုတော့..."

"တော်ပါတော့ မေမေရယ်၊ ရွှေဘုံပေါ်မှာ အပျံ့စားနေပြီး မှ စိတ်ဆင်းရဲနေရတဲ့အဖြစ်မျိုး မနေချင်ပါဘူး"

"သမီးမှာ ချစ်သူ ရှိနေပြီလားဟင်"

"မရှိပါဘူး မေမေ၊ ရှိရင် မေမေ့ကို အရင်ဆုံး ပြောမှာပါ စိတ်ချ"

"ဩဘာကရော ကျောင်းမှာ သမီးကို ဘယ်လို နှောင့် ယှက်နေလဲကွယ်"

"ခုတော့ ဘာမှ မနှောင့်ယှက်တော့ပါဘူး၊ လှမ်းလှမ်းက နေ ကြည့်ရုံလောက်ပါပဲ"

"သမီးရယ်..အဲဒါပဲ ကြည့်တော့ပေါ့၊ သမီးကို ချစ်လွန်းလို့ စိတ်ပြိုင်ငြင်စရာ တစ်ခုမှ မလုပ်ရက်တော့တဲ့ လူတစ်ယောက် ကို အပြစ်မြင်တဲ့စိတ်လေး လျှော့သင့်ပြီလို့ မေမေ ထင်တယ် ကွယ်"

"ဟင်..ရှင်"

"လောကမှာ ကိုယ်ချစ်မရှာနဲ့တဲ့၊ သူချစ်ကို ရှာရတယ် သမီး၊ ကိုယ့်အပေါ် အလေးထား ကြင်နာ ဂရုစိုက်တဲ့လူကိုသာ





လက်ထပ်ရရင် သမီးဘဝတစ်လျှောက်လုံး အေးချမ်းလုံခြုံ ပြည့်စုံ သွားမှာလေ၊ မေမေ အတင်းအကျပ် မတိုက်တွန်းပါဘူးကွယ်၊ သမီး ခေါင်းအေးအေးထားပြီး စဉ်းစားစေချင်လို့ ပြောတာပါ"

"ဟင့်အင်း မေမေရယ်၊ ဟင့်အင်း...သမီး ဒီလူ့ကိုတော့ လုံးဝ မစဉ်းစားနိုင်ပါဘူး၊ သမီးရင်ထဲမှာ ခံယူထားတာရှိတယ် မေမေရဲ့"

"အင်း...ဘာများလဲ သမီး"

"သမီးကိုယ်တိုင်လည်း ကိုယ့်ဘဝကို ကိုယ့်ကိုယ်ကို အပြစ်မရှိအောင် အကောင်းဆုံး အသန့်စင်ဆုံး အလှပဆုံးဖြစ်အောင် နေထိုင်လာခဲ့သလို သမီးရဲ့ ဘဝလက်တွဲဖော် ဖြစ်ရမယ့်လူဟာ လည်း သမီးလိုပဲ စိတ်ဓာတ်ရေးရာ ကိုယ်ကျင့်သိက္ခာတွေမှာ စံတင် ထိုက်လောက်အောင် လေးစားအားကိုးချင်စဖွယ် လူတစ်ယောက် ဖြစ်နေစေရမယ် သိလား မေမေ၊ သမီးက သူ့ကို အိမ်ဦးနတ်အဖြစ် ရိုသေလေးစား အားကိုးကြည်ညိုစိတ် အပြည့်ရှိနေရမှာလေ၊ ကိုယ်ကိုယ်တိုင်မှ မလေးစားနိုင်၊ အထင်မကြီးနိုင်သူတစ်ယောက်ကို ဘယ်လိုလုပ် လက်ခံနိုင်မှာလဲ မေမေရယ်"

"သမီးရယ်...ပျက်အစဉ် ပြင်ခဏဆိုတာ သမီးလည်း ကြားဖူးမှာပါ၊ သမီးကြောင့် လူတစ်ယောက် တေပေလေလွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘ၀အဓိပ္ပာယ် မရှိတဲ့အဖြစ်နဲ့ လောကကြီးထဲမှာ ဆန်ကုန်မြေလေး အဖြစ် နေသွားမှာကို တွေးကြည့်စမ်း”

“ဟင်”

“ဒေါ်မြသီတာက ပြောတယ်လေ၊ သူ့သားသာ သမီးကို မရရင်ဖြင့်တော့ မတွေးရဲဘူးတဲ့”

“အို..အဲဒါနဲ့ပဲ သမီးဘ၀ကို နှစ်တော့မှာလားလို့ ဟင့်အင်း…ဘာမဟုတ်တဲ့လူအတွက် သမီးဘ၀ အဆုံးမခံနိုင်ပါဘူး မေမေ”

“အချိန်ယူပြီး စဉ်းစားပါဦး သမီးရယ်၊ သူတို့ဖက်က လည်း ချက်ချင်းကြီး မဟုတ်ပါဘူး၊ သေချာရင် စေ့စပ်ထားရုံတင် တဲ့၊ သမီးကျောင်းပြီးမှ…”

“မေမေ”

“ဟင်”

“စဉ်းစားစရာ မလိုပါဘူးနော်၊ အဲဒီလူရဲ့မျက်နှာကို လုံး မမြင်ချင်ဘူး သိလား၊ စိတ်ညစ်လိုက်တာ”

ပိုး တကယ်ပင် စိတ်ညစ်နေပါပြီ။

ကြည့်စမ်း…မေမေ့ကို ဘယ်လိုများ စည်းရုံးထားပါလိမ့် နော်၊ မေမေ့လေသံက ဟိုဘက်ခပ်ပါပါမို့ ပိုး အလိုလို ဝမ်းနည်း လာရစွာ အခန်းအောင်းကာ ညနေစာပင် မစားနိုင်တော့။





နောက်တစ်နေ့ ကျောင်းပိတ်သဖြင့် ပိုး ကြီးမေတို့အိမ်ဖက် ထွက်လာခဲ့၏။

“ဟော … သမီး လာ..လာ အတော်ပဲ၊ ကြီးမေတောင် သမီးကိုကြီးကို လွှတ်ပြီး အခေါ်ခိုင်းတော့မလို့ စဉ်းစားနေတာ၊ မုန့်ကြီးလုပ်တယ်လေ”

ကိုကြီးအတွက် ကြီးမေက အစားအသောက်တွေ အမျိုးမျိုး ချက်ကျွေးနေပါသည်။ ကိုကြီးက ပိုးကို အကဲခတ်ပြီး မေးတော့၏။

“ညီမလေး နေမကောင်းဘူးလား၊ မျက်နှာညှိုးနေသလိုပဲ၊ ဘာဖြစ်လဲ”

ကိုကြီးမေးတော့မှ ပိုးမှာ ရင်ထဲ လှိုက်ကနဲ ဝမ်းနည်းလာ ကာ မျက်ရည်တွေက အိကနဲ ပြိုဆင်းလာရပါတော့၏။

“ဟင်…ညီမလေး”

“သမီးလေး”

ကိုကြီးရော၊ ကြီးမေပါ ထိတ်ထိတ်ပျာပျာ ရှိသွားရစွာ ပိုးကို ပျာယာခတ် ဂရုတစိုက် မေးကြပါတော့၏။

“သမီး ဘာဖြစ်လို့လဲကွယ်၊ ဘာလို့ ငိုရတာလဲ၊ ကြီးမေ ကို ပြောစမ်း”

ကြီးမေဆီသွားကာ ပိုး ကြီးမေ ရင်ခွင်ထဲမှာ မျက်နှာလေး အပ်ရင်း ထလှိုက်လှိုက် ငိုမိပါပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဒြောင်း…မေမေ့ရှေ့မှာတော့ ပိုး မျက်ရည် လုံးဝမကျ…

ဒေါ်သလေးစွက်ကာ မကျေမနပ်ပြောပြီး အားတင်း… သမျှ ကြီးမေနှင့် ကိုကြီးရှေ့ရောက်တော့ ပိုး ဟန်မဆောင်ချင်…

စိတ်တွေအားလုံး လျှော့ပစ်ကာ ဝမ်းပမ်းတနည်း ငို… တော့၏။ ကိုကြီးကလည်း ခြေမကိုင်မိ၊ လက်မကိုင်မိ ပိုး… ဖက်ထားသော ကြီးမေကို စိုးရိမ်ဟန် ပြောလိုက်လေသည်။

“မေမေ မေးပါဦးဗျာ၊ ညီမလေး ဘာလို့ ဒီလော… ဝမ်းပမ်းတနည်း ငိုနေရတာလဲဟင်၊ ညီမလေး ဘာဖြစ်လာ… ကိုကြီးတို့ကို ပြောလေ၊ ကိုကြီး ဘာလုပ်ပေးရမလဲ ဟင် ညီမ… တိတ်ကွာ…မငိုနဲ့နော် တိတ်”

ပိုးပခုံးလေးကို အသာကိုင်ကာ ကိုကြီးကလည်း … တာမို့ ပိုး အတတ်နိုင်ဆုံး ကိုယ့်စိတ်ကို ထိန်းကာ အငိုရပ်လို…

မျက်ရည်တွေလည်း သုတ်လိုက်၏။ ကြီးမေက…

“သမီး…ဘာဖြစ်လဲ၊ ကြီးမေကို ပြောစမ်းပါဦး… ကြီးမေ ရင်တွေတုန်လိုက်တာ”

တကယ် စိုးရိမ်နေသော ကြီးမေကို ပိုး အားနာ သနား… ရစွာ ကြည့်မိကာ ရှိုက်သံတစ်ဝက်နှင့် ပြောလိုက်ရတော့၏။

“ခွင့်လွှတ်ပါ ကြီးမေနဲ့ ကိုကြီးရယ်၊ ပိုး အရမ်းဝမ်း… သွားလို့ပါ”





“ဟင်…ဘာကိစ္စဖြစ်လို့လဲ သမီးရယ်၊ ဘာပြဿနာ ရှိလဲဟင်”

“ညီမလေး ဘာတွေဖြစ်နေလို့လဲ ပြောလေ၊ ကိုကြီးတို့ကို ပွင့်ပွင့်လင်းလင်း ပြောပြ ဟုတ်လား…ညီမလေး”

ပိုး ခေါင်းလေးညိတ်ကာ တိုးတိုးလေး ပြောလိုက်ပါသည်။

“မေမေက ပိုးကို လူတစ်ယောက်နဲ့ နားချနေလို့ပါ ကြီးမေရယ်”

“ဟင်…ဘာရယ်၊ ဘယ်သူနဲ့တုန်း”

“ညီမလေးရာ…ခုမှ ပထမနှစ်ပဲ ရှိသေးတယ်ကွာ၊ ဒေါ်လေးက ဘာကို အရင်လိုနေတာလဲဟင်၊ ဘယ်ကလဲ..ဘယ်သူလဲ ညီမလေး”

“ပိုးတို့ကျောင်းက၊ ပိုးကို ကြိုက်နေတဲ့လူ၊ ပိုးက လုံးဝကို ကြည့်မရတဲ့လူ၊ အဲဒီလူက ပိုး လက်မခံတာကို အခု လူကြီးတွေနဲ့ လှည့်ဝင်တဲ့သဘောပဲ၊ လူပွေ လူရှုပ်တစ်ယောက်ကို ပိုးက ဘာလို့ ယူရမှာလဲလို့”

“ဟင် ကိုကြီးပြောတဲ့ ဟိုတစ်ယောက်လား ညီမလေး”

“ဟုတ်တယ်…ပိုးကို ကယ်ပါဦးကြီးမေရဲ့၊ မေမေက သဘောကျနေပုံပဲ သိလား”



www.burmeseclassic.com

www.burmeseclassic.com



"သမီး မကြိုက်တာက…"

"ရည်းစားများတယ် ကြီးမေရဲ့၊ ပိုးက အဲလိုမျက်နှာများ တာကို အရမ်းမုန်းတာ၊ မေမေ [illegible] ချမ်းသာလို့ဆိုပြီး ပိုးဘဝ ကောင်း ဖို့အတွက်တဲ့လေ၊ ဟင့်အင်း…ပိုး မချမ်းသာရင် နေပါစေ၊ ကိုယ်ကျင့် တရား ကောင်းပြီး သိက္ခာရှိတဲ့လူကိုပဲ စဉ်းစားချင်တယ် ကြီးမေ ရယ်၊ ကိုယ့် အထင်မကြီးတဲ့လူကို မယူနိုင်ပါဘူးနော်"

"သမီး စိတ်အေးအေးထားတော့၊ အိမ်ချစ်ကို ကြီးမေ ပြောမယ် ဟုတ်လား"

"ဟင်…ပိုး ဒီလာပြီး ငိုတဲ့အကြောင်းတော့ မပြောနဲ့နော် ကြီးမေ၊ မေမေ စိတ်မကောင်း ဖြစ်သွားဦးမယ်၊ အဲဒီလူကို မယူရရင် ပြီးရော၊ မေမေ လက်ခံအောင် ပြောပေးပါ ကြီးမေရယ် နော်"

"အင်းပါ…သမီးရယ်၊ စိတ်ချ"

"မေမေရာ… ညီမလေး ငိုတာမြင်တော့ ကျွန်တော်ဖြင့် အရမ်းထိတ်သွားတာဗျာ၊ ဒေါ်လေးကိုလည်း အံ့သြတယ်"

"အေးပေါ့ကွယ်…အိမ်ချစ်လည်း ပိုးလေးအတွက် မိခင် ရဲ့ စေတနာလို့ပဲ နားလည်ပေးရမှာပေါ့၊ ဒါပေမယ့် ဆန္ဒမပါရင် မဖြစ်ပါဘူးကွယ်"



## အခန်း (၂၂)

ဖုန်းခွက်ကို အသာချရင်း ဒေါ်အိမ်ချစ် တွေကနဲ ဖြစ်သွားရ ၏။ မမတစ်ယောက် ထူးထူးဆန်းဆန်း အခုပင် လာခဲ့မည်ဆိုပါလား။

ခါတိုင်းဆို သမီးပိုးလေး ရှိသောအချိန်မှ မမ် လာတတ်ပါ သည်။ သမီးကို အလွန်ချစ်သော မမမို့ လာတိုင်း သမီးအတွက် တစ်ခုခု ပါလာမြဲ။

"ကိစ္စရှိလားဟင် မမ"

ဟု မိမိမေးတာကို မမက…

"အင်း…အေးဆေးပြောစရာရှိနေလို့"

ဟုသာ ဖြေပါသည်။ ဘာများပါလိမ့်။ နေ့လယ်နေ့ခင်းမို့ သမီးဖေဖေ ကိုရွှေအောင်ရော၊ သမီးပါ မရှိကြ။

www.burmeseclassic.com



မိမိလည်း အရောင်းအဝယ် ချိန်းထားသောကိစ္စတစ်ခုက ညနေလေးနာရီလောက်မှ သွားရမှာမို့ လောလောဆယ် အားနေပါသည်။ ဒါကိုသိ၍ မမ ကြိုပြီး ဖုန်းဆက်မေးကာ ခုပင် လာမည်တဲ့လေ။

ဒီတော့ ဆီစိမ်ထားသော လက်ဖက်အိအိလေးကို ပုဇွန်ခြောက် ကျွတ်ရွရွလေးတွေဖြင့် ယွန်းအစ်လေးထဲ အသင့်ပြင်ကာ အကျရည်ကိုပါ နှပ်ထားလိုက်၏။ မမက လက်ဖက် အလွန်ကြိုက်ပါသည်။ သိပ်မကြာပါ၊ မမ ရောက်လာ၏။

"လာ…မမ"

ဧည့်ခန်းထဲမှာ မမ ထိုင်မည်ထင်၍ လက်ဖက်အစ်လေး အသာညွှန်ပြတော့ မမက…

"အိမ်ချစ်ရေ…အခန်းထဲ သွားကြရအောင်လားကွယ်"

"ဟင်"

အံ့သြရပြန်၏။ မမက ဧည့်ခန်းမှာ မထိုင်၊ အပေါ်ထပ်ရှိ စာကြည့်ခန်းကြီးထဲ ခေါ်လာခဲ့ရလေသည်။ သိချင်စိတ်ကို မအောင့်နိုင်လွန်းစွာ ထိုင်မိကြသည်နှင့် မိမိက စကားစလိုက်၏။

"မမ…ဘာလဲဟင်၊ ဘာကိစ္စလဲ"

"အင်း"

မမ ရုတ်တရက် မဖြေ၊ သက်ပြင်းလေး မသိမသာ ချလိုက်ပြီးမှ…





"ငါလည်း ဘယ်ကစပြီး ပြောရမှန်းတောင် မသိတော့ပါဘူး အိမ်ချစ်ရယ်"

"ပိုးလေးကိစ္စလေ"

"သမီးလေး"

"အင်း…အိမ်ချစ်က သမီးကို ကောင်လေးတစ်ယောက်နဲ့ ညှိရှယ်နေတာဆို"

"သြော်…အဲဒါလား၊ ဟုတ်တယ် မမ၊ မျိုးရိုးကောင်းမွန်ပြီး သမီးလေး ရှေ့ရေးအတွက် သင့်တော်မလားလို့ပါ၊ ဟိုဘက်က အချမ်းကို လိုလိုလားလားလည်း ရှိကြတော့"

"အိမ်ချစ်"

"ရှင် မမ"

"အဲဒီကိစ္စ ရပ်တန့်ကရပ်တော့"

"ဟင်… မမ ဘာဖြစ်"

ဒေါ်မြနှစ်က သက်ပြင်းလည်းချ၊ ပြုံးလည်း ပြုံးကာ…

"ဘာဖြစ်လို့လဲဆိုတော့ ငါ စိတ်ကူးရသွားလို့၊ အစကတော့ သူ့ဟာနဲ့သူ အဆင်ပြေသွားရင်လည်း ပြီးရောဆိုပြီး သူတို့နှစ်ယောက်ကို မရည်ရွယ်ပါဘူးလေ၊ ခုတော့ အသင့်တော်ဆုံး အနေအထားက နှစ်ယောက်ကို ပေးစားမှပဲ ဖြစ်တော့မယ်ဆိုတာ ငါ သဘောပေါက်သွားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…မမ..မမ ဘာတွေပြောနေတာလဲဟင်၊ ဘယ်
ယောက်လဲ၊ ဘာကို ပေးစားမှာလဲ မမ ကျွန်မ နားမလည်ဘူး မမရဲ့"

"ကိုကောင်းနဲ့ ပိုးလေးကိုလေ"

"ရှင်..အို မမ"

ဒေါ်အိမ်ချစ် မျက်နှာ ဖွေးကနဲ ဖြစ်သွားရစွာ ထိတ်
သွားရပြီး တုန်လှုပ်စွာ ပြောလိုက်ပါတော့၏။

"မမရယ်…မဖြစ်နိုင်တာ၊ တစ်ဝမ်းတည်းကွဲတဲ့
နှမတွေကို ဘယ်လိုလုပ်.."

"သူတို့ချင်း ဘာမှ မတော်ဘူး အိမ်ချစ်"

"ရှင်"

"ကိုကောင်းကို ချင်းတောင်မှာ ငါတို့ မွေးစားခဲ့တာ"

"ဟင်..ရှင် မမ"

"အဟင်း…ဟုတ်တယ်၊ သားသမီးလည်း မရတော့
မဲ့ကလေးတစ်ယောက်ကို တိတ်တိတ်လေး မွေးစားခဲ့တာပါ၊ အ
ကအမေပြစ်ရင်း ဆုံးသလို၊ အမေက မီးတွင်းမှာ ဆုံးသွားလို့ အ
ရာမဲ့နေတဲ့ ကလေးလေးပေါ့၊ ကလေးလိုချင်နေတဲ့ ငါတို့အတွ
နီတာရဲလေးအရွယ်ကတည်းက ကိုယ့်သားအမှတ်နဲ့ ယူမွေးခဲ့တာ
ပြည်မဖက်က ဆွေမျိုးမိတ်ဆွေတွေ ဘယ်သူမှ မသိအောင် ဖုံးထား
တာလေ"





"အို…မမရယ်၊ ဒါ တကယ်ပဲလား ဟင်"

"အင်း…တစ်သက်လုံး ဖုံးထားချင်ပေမယ့် လေဆိပ်မှာ
သားနဲ့ ပိုးလေးကို မြင်လိုက်ကတည်းက မမ စိတ်ထဲမှာ အရမ်း
လိုက်ဖက်တာပဲလို့ ခံစားမိရတာလေ၊ ဒါပေမယ့် သူတို့လေးတွေရဲ့
စိတ်ထဲမှာ မေတ္တာရှိတဲ့လူ ရှိချင်လည်း ရှိနေမှာလေဆိုပြီး၊ အသာ
ငြိမ်နေတာပါ၊ ခုတလော ဒီနှစ်ယောက် တပူးတွဲတွဲ နေရတာများလာ
တော့ သားကလည်း ပိုးလေးကို အတော် ခင်တွယ်နေပုံရသလို
သမီးကလည်း သူ့ကိုကြီးကို လေးစားအထင်ကြီးပြီး သံယောဇဉ်
လည်းရှိနေပုံပဲ၊ တစ်နေ့က ပိုးလေး ငိုကြီးချက်မနဲ့ အိမ်ချစ် သဘော
ကျနေတဲ့ ကောင်လေးကို သူ လက်မခံနိုင်တဲ့အကြောင်း လာပြော
ချိန်မှာ မမလည်း အရမ်းတုန်လှုပ်သွားသလို၊ သားကလည်း လှုပ်လှုပ်
ရှားရှားလေးကို ဂဏှာမငြိမ်ဖြစ်သွားတာလေ၊ ပိုးလေးကို သနားလို့
စိတ်မညစ်စေချင်လို့ မမ ချက်ချင်း ဆုံးဖြတ်လိုက်ရတာပေါ့"

"ဟင်…မမ သမီးကို ဘာတွေပြောလိုက်ပြီလဲ ဟင်"

"ဟင့်အင်း…ဘာမှ မပြောသေးပါဘူး၊ ကြီးမေ ပြောပေး
မယ်ဆိုတာလောက်ပဲ ပြောထားသေးတယ်"

"ဒါဖြင့် ဒီကိစ္စ ဘယ်သူ သိပြီလဲဟင် မမ"

"ပထမဆုံး သား ကိုကောင်းကိုပေါ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…မမ တကယ် စိတ်မကောင်းပါဘူး၊ စဉ်းစားကြည့်ပေါ့ အိမ်ချစ်ရယ်၊ ကိုယ့်သားအရင်းလို မွေးလာခဲ့တဲ့ ကလေးကို အဖြစ်မှန်ဆိုပေမယ့် ဘယ်မိဘမှ မပြောချင်တဲ့စကားကို မမ ဇွတ်မှိတ်ပြီး ပြောရတာဟာ ပိုးလေးကို ချစ်လွန်းလို့၊ ပြီးတော့ သားရဲ့ ပိုးတဝါးလေးဖြစ်နေတဲ့ ခံစားမှုတွေကို ပီပြင်အောင် ပွင့်လင်းသွားစေချင်လို့"

"ကိုကောင်းလား…ကိုကောင်းက ဘာလဲဟင် မမရယ်"

"အရမ်း အံ့သြပြီး ဝမ်းသာသွားတာပေါ့ကွယ်၊ သူ့ရင်ထဲမှာ သူ့ညီမလေးလို ချစ်နေတဲ့ ပိုးလေးဟာ သူ တကယ်လိုချင်နေတဲ့ ဇနီးကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေ အပြည့်အဝနဲ့မို့ သူ အမြဲတွေးမိတာက သူယူမယ့် မိန်းကလေးဟာ ပိုးလေးလို မိန်းကလေးပဲ ဖြစ်ရမယ်လို့ စွဲထားတာတဲ့လေ၊ ပြီးတော့ ပိုးလေးမျက်ရည်ကျတာ မြင်ကတည်းက ဒီကိစ္စ ဘယ်လိုမှ အဖြစ်မခံနိုင်ဘူး၊ သူ ရအောင်တားမယ်၊ ကာကွယ်မယ်ဆိုတဲ့ စိတ်တွေ တဖွားဖွား ဖြစ်မိတယ်တဲ့"

"ဪ…ဖြစ်ရလေ"

"အိမ်ချစ်"

"ရှင်…မမ"





"မမတို့လည်း အသက်ကြီးလာရင် သူတို့လေးတွေကိုပဲ အမှီပြုနေသွားရမှာဆိုတော့ တစ်မိန်းဖက်ရင် ပစ္စည်းတွေ ပြိုကွဲသွားသိမ့်မယ်၊ မမ ရှိသမျှအားလုံး ကိုကောင်းနဲ့ ပိုလေးအတွက် စိတ်ချသက်ချ ထားခဲ့ချင်တယ်၊ သားကလည်း ညီမလေး သူ့ကို လက်ခံပါ့မလားဆိုပြီး စိုးရိမ်နေရှာတယ်၊ မမ သိတယ်…ပိုးလေးလည်း သားလိုပဲ ဝမ်းသာသွားမှာပါ"

"မမရယ်…ကျွန်မဖြင့် အံ့သြလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

"မမတော့ အရင်းကျေနပ်တယ် အိမ်ချစ်၊ ဒီလိုမရည်ရွယ်ပေမယ့် ကံတရားက ဒီအတိုင်း ဖန်တီးလာမှတော့ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးရုံပဲပေါ့ကွယ်၊ မောင်ရွှေအောင် ပြန်လာရင်သေချာ ပြောပြလိုက်၊ ဟုတ်လား…"

"သမီးကို ကျွန်မ ဘယ်လို ပြောရမလဲ မမရယ်၊ အဟင်း… မောင်နှမအရင်းလို နေလာခဲ့တာဆိုတော့"

"အဲဒီအတွက် သားက တာဝန်ယူမယ်တဲ့"

"ဟင်…ဘယ်လို မမ"

"သမီးကို သွားကြိုရင်း တစ်နေရာရာမှာ ပြောပြမယ်တဲ့လေ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေ ဒေါ်မြနှစ် ပြောသလိုပင်။ ကျောင်းဆင်းချိန်မှာ ကိုကြီး လာကြိုသော ကားဖြင့် ပိုး လိုက်လာခဲ့၏။ ကားလေးက အိမ်ပြန်လမ်း မဟုတ်သဖြင့် ပိုး သတိထားမိရကာ ကိုကြီးကို မေးရပါတော့၏။

"ဟင်..ကိုကြီး ဘယ်သွားမလို့လဲဟင်"

"အင်း...ညီမလေးကို ကိုကြီး ပြောစရာရှိလို့"

"ဟင်...ဘာများလဲ ကိုကြီး"

"ခဏနေဦး...ကိုကြီး အေးအေးပြောချင်လို့ကွာ"

"သြော်"

ပိုး တွေကနဲ စဉ်းစားရလေပြီ၊ ခုမှ ကိုကြီးကို ကြည့်မိရ၏။ ကိုကြီးမျက်နှာ တစ်မျိုးဖြစ်နေပါလား။

ဘာများပါလိမ့်၊ သြဘာကိစ္စများလား၊ ပိုးကို သြဘာနဲ့ ကိုကြီး တစ်မျိုးတစ်မည် ထင်နေတာများလား။

ကားလေးက အင်းယားကန်ရောက်တော့ သစ်ရိပ်အောက်မှာ အသာရပ်ရင်း ကိုကြီးက...

"ညီမလေး ခဏ ဆင်းရအောင်နော်၊ လေသန့်လေးရှူရင်း ကိုကြီးပြောတာကို နားထောင်နော် ညီမလေး"

"ဟုတ်..ကိုကြီး"





ကိုကြီးရော၊ ပိုးပါ ကားပေါ်ကဆင်းပြီး ရေပြင်ကို မျက်နှာမူကာ ရှပ်တိုက်လာသော လေအေးအေးကို အားပါးတရ ရှူလိုက်ပြီးမှ...ပိုးပြောလိုက်၏။

"အား...တကယ်လန်းသွားတာပဲ ကိုကြီးရာ၊ ပိုးကို ကိုကြီး ဘာပြောမလို့လဲဟင်၊ ကေ့ ကျောင်းက တစ်ယောက်ယောက်ကို မျက်စိကျနေပြီ ထင်တယ်၊ ဘာလဲ..ပိုး ဘယ်သူ့ကို အောင်သွယ်ပေးရမလဲဟင်...ကိုကြီး"

တည်ငြိမ် လေးနက်လွန်းသော ကိုကြီးမျက်နှာကို ပြုံးကြည့်ပြီး ပိုးက ပေါ့ပါးကြည်လင် စိတ်လက်ရွှင်သွားစေရန် ခပ်သောသောလေး ပြောလိုက်ပေမယ့် ကိုကြီးက အပြုံးယဲ့ယဲ့ဖြင့် ခေါင်းရမ်းလိုက်ပြီးမှ...

"ညီမလေး ထင်သလို မဟုတ်ပါဘူးကွာ"

"ဟင်...ဒါဖြင့် ဘာလဲ ကိုကြီး"

"ညီမလေး"

"ရှင် ကိုကြီး"

"ခု ကိုကြီးပြောမယ့် စကားကို ညီမလေး အံ့သြသွားမယ်၊ စိတ်ထဲ တစ်မျိုးဖြစ်သွားလိမ့်မယ်၊ ဒါပေမယ့် ညီမလေးကို ကိုကြီး ဟို..အရမ်းချစ်တယ်ဆိုတာ နားလည် လက်ခံပြီး နားထောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ရှင်..ဘာ..ဘာများလဲ ကိုကြီးရယ်၊ ပိုး စိတ်
လာပြီ၊ ကိုကြီး ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူးကွာ၊ ကိုကြီးလည်း သိသိချင်း အရမ်း
အံ့ဩသွားရတာပါ၊ ဒါပေမယ့် ကိုကြီးမှာ အင်မတန်ကို လေးစား ကြည်
စရာ ကောင်းလွန်းဟဲ့ ဖေဖေနဲ့ မေမေရယ်၊ ချစ်စရာကောင်းတဲ့ ညီ
လေးရယ် ရှိနေတော့ ကိုကြီး ဝမ်းတောင်သာမိပါသေးတယ်ကွာ"

"ကိုကြီး ဘာလဲဟင်၊ ပြော..ပြောပြပါတော့ ညီမလေး
သိချင်လာပြီ"

"ပိုးလေး"

"ရှင် ကိုကြီး"

"ကိုကြီးက ဖေဖေ၊ မေမေတို့ရဲ့ သားအရင်း မဟုတ်ဘူး
တဲ့ကွာ"

"ဟင်...ရှင် ဘာ..ဘယ်လို ကိုကြီး"

တကယ်ပင် ပိုး ဆတ်ကနဲ အံ့ဩမှန်လှုပ်သွားရစွာ ကိုကြီး
မျက်နှာကို မျက်လုံးလေးဝိုင်းကာ မပေါ့နိုင်ဟန် ကြည့်မိပါတော့
ကိုကြီးက ပိုးကို ကြင်နာစွာ ပြုံးပြလိုက်ပြီးမှ ဆက်ပြော

"ဟုတ်တယ်...ညီမလေးလိုပဲ၊ ပထမတော့ ကိုကြီးလည်း
အံ့ဩပြီး မယုံနိုင်ပေမယ့် မေမေကိုယ်တိုင် ပြောပြတာလေ၊ ကိုကြီး





ကို ချင်းပြည်နယ်က မွေးစားလာခဲ့တာတဲ့၊ ဖေဖေနဲ့ မေမေကလွဲပြီး
ဘယ်သူမှ မသိဘူးတဲ့"

"အို...ဟင့်အင်း..ဟင့်အင်း ကိုကြီးက ဘာလို့ ကြီးမေရဲ့
သား မဖြစ်ရတာလဲလို့၊ ပိုးက ကိုကြီးကို အရမ်းအားကိုး လေးစားပြီး
ချစ်နေရတာ၊ ခုတော့ ပိုးရဲ့ ကိုကြီးမဟုတ်တာ.. ပိုး ဘယ်လိုလုပ်ပြီး
လက်ခံနိုင်မှာလဲ ကိုကြီးရဲ့၊ ကိုကြီးက ပိုးရဲ့ကိုကြီးပဲ၊ ဘာပဲဖြစ်ဖြစ်
ပိုးချစ်တဲ့ကိုကြီးပဲ သိလား"

ပိုးရင်ထဲ ဘယ်လောက်များ ထိခိုက် ပေါက်ကွဲသွားရသလဲ
ဆိုတာ ပိုးကိုယ်ပိုးပင် သတိမထားနိုင်တော့ပါ။

ကိုကြီး လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်း ငိုမဲ့မဲ့
လေး ခေါင်းခါလည်ခါ မထိန်းချုပ်နိုင်စွာ ပြောနေတာကို ကိုကြီးက
ဘာမပြော ညာမပြော ပိုးကို သူ့ရင်ခွင်ထဲ ရုတ်တရက် ဆွဲယူ
တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်တာမို့ ပိုးလည်း ကိုကြီးရင်ဘတ်မှာ
မျက်နှာလေးအပ်ကာ တအီအီ ငိုချလိုက်ပါတော့၏။

ကိုကြီးက ပိုးခေါင်းလေးကို သူ့ပါးလေးနှင့် ကြင်နာစွာ
ပွတ်သပ်ထိတွေ့လိုက်ပြီးမှ...

"ညီမလေးရာ...ကိုကြီးလည်း ညီမလေးနဲ့ ထပ်တူ ခံစား
ရတာပါကွာ၊ မေမေ ဘာကြောင့် ဒီကိစ္စကို ဖွင့်ပြောသလဲ
သိလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရင်ခွင်ထဲမှာ မျက်နှာကို မခွာဘဲ ပိုး ခေါင်းအသာ ခါပြမိတော့ ကိုကြီးက…

"ဒေါ်လေးက ပိုးကို ဟိုတစ်ယောက်နဲ့ လိုလားဟန်ဖြစ်နေတာကို ပိုးလေးကလည်း လက်မခံနိုင်သလို ကိုကြီးလည်း ပိုးငိုတာတွေ့ကတည်းက အရမ်းစိတ်မကောင်း ဖြစ်သွားတာ၊ မေမေ သိလိုက်တော့ ကိုကြီးနဲ့ ပိုးလေးတို့ရဲ့ တွယ်တာမှုတွေကို မေမေ မြင်သွားတယ်လေ၊ ဒီတော့ တစ်သက်လုံး လျှို့ဝှက်သွားမယ်ဆိုတဲ့ ကိစ္စကို ဖွင့်ပြောပြီး၊ ကိုကြီးကို ပိုးလေးနဲ့ လက်ထပ်ပေးဖို့ မေမေ ကိုယ်တိုင် ဒေါ်လေးကို ပြောလိုက်ပြီ"

"ဟင်"

ပိုး ဆတ်ကနဲ ဖြစ်သွားရကာ ကိုကြီးကို အလန့်တကြားမော့ကြည့်မိတော့ ကိုကြီးက ပိုးမျက်နှာလေးကို မြတ်နိုးကြင်နာစွာ ပြုံးကြည့်ပြီး နဖူးလေးကိုပါ ဖြေးဖြေးဖွဖွ ငုံ့နမ်းကာ ပြောလိုက်လေသည်။

"ပိုး…ညီမလေးကို ကိုကြီး သိပ်ချစ်တယ်ကွာ"

"အို…ကိုကြီးရယ်"

ပိုးရင်ထဲ တလှပ်လှပ် တုန်ရင်ကြည်နူး ပျော်ရွှင်သွားရွှေ ကိုကြီးကို လက်နှစ်ဖက်ဖြင့် မမှီမကမ်း ပြန်လည် ဖက်တွယ်ထားမိရပြီးမှ ကိုကြီးရင်ခွင်ထဲ ပို၍ တိုးဝင်မှေးစက်လိုက်မိပါတော့၏။



# အခန်း (၂၃)

"ဗျာ မေမေ"

မေမေ့ကို သူ့ အထိတ်တလန့်လေး ကြည့်ကာ သေချာအောင် ထပ်မေးမိ၏။

"ဘာရယ်…သူတို့က မောင်နှမအရင်း မဟုတ်ဘူးဟုတ်လား"

မေမေ သူ့ကို ကြင်နာ ကရုဏာသက်ဟန်လေး ပြုံးကာ ပြောလိုက်လေသည်။

"ဟုတ်တယ် သား၊ ရွှေပိုးအိမ်ရဲ့ မေမေ မအိမ်ချစ်ကိုယ်တိုင် ပြောလို့သာ မေမေလည်း ယုံလိုက်ရတာပါကွယ်၊ မောင်နှမ မဟုတ်ဘူးတဲ့၊ မောင်ကောင်းမြတ်က မအိမ်ချစ်ရဲ့အစ်မ ဒေါ်မြနှစ်တို့ရဲ့ မွေးစားသားတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မဟုတ်တာ မေမေရာ၊ ဒီကိစ္စ အခုမှ ဖြန့်
ကြီး ပေါ်လာရသလားဗျာ၊ ကျွန်တော် မယုံနိုင်ဘူး မေမေ၊ လုံး
မယုံနိုင်ဘူးဗျာ၊ ပိုးက ကျွန်တော့် စိတ်ပျက်ပြီး နောက်ဆုတ်သွားအော
တမင် သူ့အမေကို လုပ်ဇာတ်လေး ခင်းခိုင်းလိုက်တာ ဖြစ်ရမယ်"

"မဟုတ်ဘူးသား"

"ဟင်"

"မအိမ်ချစ်ကိုယ်တိုင်က ဒီကိစ္စကို အခုမှ သိရတာ
မသိခင်တုန်းက မေမေပြောတဲ့ စကားတွေကို လက်ခံချင်တဲ့အ
ပိုးကို ဖျောင်းဖျ နားချပေးခဲ့သေးတယ်တဲ့ကွယ်"

"ဒါဆို သူ့မေမေကိုယ်တိုင် သားနဲ့ သဘောတူတယ်
ဆိုရမှာပေါ့ ဟုတ်လား မေမေ"

"အင်း မအိမ်ချစ်ကတော့ လူငယ်သဘာဝ သမီးရည်း
ကိစ္စလေးတွေ ရှိတတ်တာကို နားလည်ပေးနိုင်ပုံပဲလေ၊ ဒါပေမ
ပိုးက လုံးဝလက်မခံဘဲ သူ့ကြီးမေအိမ်သွားပြီး ငိုတယ်တဲ့ကွယ်"

"ဗျာ"

"အမေ့ဆန္ဒကို လက်မခံနိုင်တာရယ်၊ သားကိုလည်း
သဘောမကျတာတွေရယ်ကြောင့် စိတ်ရှုပ် စိတ်ညစ်ပြီး သွားငိုတေ
မှ ဒေါ်မြနှစ်က သူ့တူမလေးကို သနားသွားတာရယ်၊ သူ့သား





လည်း ပိုး လာငိုတာကို လှုပ်လှုပ်ရှားရှားဖြစ်ပြီး သူညီမ ဆန္ဒမပါတဲ့ ကိစ္စ ဘယ်လိုမှ မဖြစ်စေရအောင် သူ ကာကွယ်မယ်ဆိုပြီး သံယောဇဉ်တွေ တွယ်တာနေမှုတွေဟာ သာမန်ထက် လွန်ကဲနေပုံကို ဒေါ်မြနှစ်က အကဲခတ်မိတော့တာတဲ့"

"မေမေရာ…မောင်နှမတွေဆိုပြီးတော့ဗျာ"

"အေး…ဒေါ်မြနှစ်ကလည်း အဲဒီအချိန်မှာ စိတ်ပြောင်းပြီး စိတ်ကူးတစ်မျိုး ချက်ချင်း ပေါ်လာတော့တာတဲ့၊ သူတို့ လျှို့ဝှက်ထားတဲ့ကိစ္စ ဖော်ပြီး၊ ဒီကလေးနှစ်ယောက်ကို ဥမကွဲ သိုက်မပျက် လက်ဆက်စေပြီး ရှိသမျှ အမွေတွေ ဆက်ခံနိုင်ဖို့ ဆုံးဖြတ်လိုက်တော့တာတဲ့လေ"

"အဲဒီနှစ်ယောက်ကရော လက်ခံတယ်တဲ့လား"

"သား စိတ်မကောင်းမဖြစ်နဲ့"

"ဟင်"

"နှစ်ယောက်စလုံး အရမ်းကို အံ့ဩဝမ်းသာပြီး ဒီအစီအစဉ်ကို ကျေကျေနပ်နပ်ကို လက်ခံကြတယ်တဲ့ကွယ်"

"ဟင်"

"အရင့်အရင်ကတည်းက သူတို့နှစ်ယောက်စလုံးက အရမ်းချစ်ကြတဲ့ မောင်နှမတွေတဲ့လေ၊ မွေးချင်းလည်း မရှိတော့ အရင်းလိုဖြစ်နေတာပေါ့၊ မောင်ကောင်းမြတ် နိုင်ငံခြားက ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်မှာ ဒေါ်မြနှစ်က ဒီနှစ်ယောက်ကို ယှဉ်တွဲပြီးမြင်လိုက်တာနဲ့ ဒီလို စိတ်ကူးလေးလည်း ဖျတ်ကနဲ ဝင်ခဲ့ပေမယ့် ဒါမျိုးဆိုတာ ကိုယ်က ဖန်တီးပေးတာထက် ကာယကံရှင် အချင်းချင်းက ဆန္ဒတူမျှမှသာ ဖြစ်နိုင်တာ၊ အဆဲင်ပြေတာမို့ အသာငြိမ်နေလိုက်တာတဲ့၊ အရွယ်တွေလည်း ရောက်ကုန်ပြီမို့ သူ့ဟာနဲ့သူ တခြားတစ်ယောက်နဲ့ မေတ္တာမျှချင်လည်း မျှနိုင်တာမို့ မွေးစားသားကိစ္စကို မပြောဘဲနေသွားဖို့ပါပဲတဲ့၊ ဒါပေမယ့် သားကိစ္စ ဝင်လာတဲ့အချိန်မှာ ပိုးကလည်း ငိုကြီးချက်မနဲ့ စိတ်ဆင်းရဲနေသလို မောင်ကောင်းမြတ်ကလည်း မစားနိုင်၊ မအိပ်နိုင် နှမငယ်အတွက် သောကတွေများ ဂဏှာမငြိမ် လှုပ်ရှားနေတော့ ဒေါ်မြနှစ် စိတ်တစ်မျိုးပြောင်းလိုက်ရတော့တာပေါ့ကွယ်"

"ဪ"

သူ နားလည်ပါပြီ။

ခုတော့ အရာအားလုံး ပြီးဆုံးသွားပါပကော။ မေမေ့စကားတွေကို မတ်တောင့်တောင့်လေး ထိုင်ကာ နားထောင်နေရာမှ မေမေ့စကားအဆုံးမှာတော့ ဆိုဖာပေါ် သူ အဝတ်ပျော့ပျော့လေးတစ်စလို ခွေခေါက်ခေါက် ပုံကျသွားရရှာ မှီချထိုင်မိရပါတော့၏။

မေမေက သူ့အဖြစ်ကို ကြင်နာစွာ ကြည့်ပြီးမှ…





"သားရယ်…လူတစ်ယောက်နဲ့တစ်ယောက် ပေါင်းဖက်ကြဖို့ဆိုတာ အပြန်အလှန် နားလည် လက်ခံ မေတ္တာသက်ဝင်မှုတွေ ရှိမှ သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးတစ်ခု ဖြစ်လာမှာပါကွယ်၊ တစ်ဖက်သတ်အချစ်ဆိုတာ ချစ်ရတဲ့သူအတွက် အရမ်း ပင်ပန်းဆင်းရဲရသလို အချစ်ခံရသူအတွက်မှာလည်း စိတ်ဒုက္ခကြီးစွာနဲ့ ဆင်းရဲရတာပါပဲလေ၊ ဒီတော့ သား သဘောပေါက်သင့်ပြီပေါ့ကွယ်၊ ကိုယ့်ကို မချစ်နိုင်တဲ့ မိန်းကလေးတစ်ယောက်အပေါ် သားဒုက္ခခံပြီး မျှော်လင့်ခံစားနေတာတွေဟာ လုံးဝအဓိပ္ပာယ် မရှိပါဘူးကွယ်၊ မေမေပြောတာ သဘောပေါက်ရဲ့လား သား"

သူ မေမေ့ကို မကြည့်တော့ပါ။ ရင်ထဲမှာ ကြေကြေကွဲကွဲလေး ခံစားလွန်းရရှာ မျက်ရည် တွေ ကျလာရတော့၏။

ဪ…ပိုးရယ်၊ မင်းရင်ထဲမှာ ကိုယ့်ရင်ထဲက အချစ်တွေကို အသိအမှတ် မပြုနိုင်လောက်အောင် အေးစက်မာကျောလှချည်လားကွာ။ မင်းကို ကိုယ် တကယ်ချစ်မိတာပါ ပိုးရာ။

ဘာနဲ့မှ တိုင်းတာ နှိုင်းဆလို့ မရလောက်အောင်ကို ကိုယ်ချစ်တာပါကွာ။ မင်းချစ်တဲ့ ကိုကောင်းမြတ်က မင်းကို ဘယ်လောက်ချစ်လဲ ပိုး။ ကိုယ် အဲဒီလူထက် ပိုချစ်တယ်ဆိုရင် မင်းမဲ့ပြုံးလေးနဲ့ သရော်မှာလား ပိုး။ ကိုယ် တကယ် ပြောရဲပါတယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အချစ်က ဘယ်သူနဲ့မဆို ယှဉ်နိုင်တယ်။

ပိုကို ပိုပါတယ် ပိုးရာ။ ဒါပေမယ့် မင်း ကိုယ့်အချစ်ကို လုံးဝ အယုံအကြည် မရှိတာ အရမ်းဝမ်းနည်းစရာ ကောင်းတယ်ကွာ။

ကိုယ့်ဘဝမှာ မင်းလောက် ဘယ်သူ့ကိုမှ ချစ်နိုင်မှာ မဟုတ်တော့ဘူး သိလား ပိုး။ ရည်းစားများတဲ့ ကိုယ့်ကို မင်း အထင် မကြီးတာ အထင်သေးတာ ဒါတွေအားလုံးအတွက် ခုတော့ ကိုယ် အကြီးအကျယ် နောင်တရနေပါပြီကွာ။ ကိုယ် မှားခဲ့တာကိုး။

ကိုယ့်အပြစ်နဲ့ကိုယ် ဒဏ်ခတ်ခံနေရပြီပေါ့။

"သား"

မေမေ သူ့အနား လာထိုင်ကာ သူ့ပခုံးကို ကြင်နာစွာ ကိုင်လိုက်ပြီးမှ ပြောလိုက်၏။

"မငိုပါနဲ့ သားရယ်၊ သားစိတ်ထဲမှာ တစ်ခါမှ ခုလို အငြင်း မခံခဲ့ရတော့ ဝမ်းနည်းနေတာလား၊ လောကမှာ မိန်းကလေးတွေ အများကြီးပါကွယ်၊ တစ်နေ့နေ့မှာ သားဆန္ဒနဲ့ ကိုက်ညီတဲ့ မိန်းကလေးနဲ့ တွေ့ဦးမှာပေါ့ကွယ်"

မျက်ရည်များကို သူ အသာသုတ်ပစ်ကာ မေမေ့ကို ရှိုက်သံ တစ်ဝက်နှင့် သူ မချိပြုံးလေး ပြုံးကာ ပြောလိုက်ရ၏။

"မေမေ ကျွန်တော့်ရင်ထဲမှာ နောက်ထပ် အချစ်ဆိုတာ မရှိနိုင်တော့ပါဘူးဗျာ"





မေမေ ပြုံး၏။ သူ့စကားကို မေမေ ယုံဟန်မတူ။

သို့သော် သူ ကျေနပ်အောင်တော့ မေမေ ပြောပါသည်။

"အင်းပါ…သားရယ်၊ သားအတွက် ဒီခံစားမှုတွေဟာ အချိန့်အတိုင်းအတာ တစ်ခုအထိတော့ လိုအပ်မှာပေါ့ကွယ်၊ အချိန် ကာ ကုစားသွားမှာပါ"

မေမေ့ကို သူ ဘာမှ ပြန်မပြောတော့ပါ။ ကျောင်းကို သူ ပုံမှန်သွားတက်ပြီး စကားလည်း သိပ်မပြောသဖြင့် နန္ဒတို့က…

"ဟေ့ကောင်…ဘာထွင်ပြန်တာလဲ၊ တေမိဇာတ်လား၊ ရွှေပိုးအိမ်ကိုရော သွားမမျှော်တော့ဘူးလားကွ"

ဘယ်သူမှ မသိသေးသော ပိုးတို့ကိစ္စကို သူလည်း လုံးဝ မပြောပါ။ ပိုးကို သွားသွား မျှော်ကြည့်တတ်သော သူ့အလေ့ထုံးစံကို လည်း ဖျက်လိုက်ပြီး၊ ကလပ်စ်ထဲမှာ နေချင်နေ၊ ကင်တင်းသွားချင် သွား၊ သူ အေးဆေးနေလိုက်တော့…

"မင်း ရွှေပိုးအိမ်ကို လက်မြှောက်လိုက်ပြီလားကွ"

ကိုဖုန်း အမေးကို သူ မချိပြုံးလေးနှင့်သာ ငြိမ်နေလိုက်၏။

"ဒီကောင် ဘာဖြစ်သွားလဲ၊ ဂေါက်သွားပြီလားကွာ"

သူငယ်ချင်းတွေ ဘာပြောပြော သူ ဘာမှ မတုန့်ပြန်တော့ပါ။ စာမေးပွဲကြီး ဖြေခါနီးမှာတော့ နန္ဒက ပြူးတူးပြဲတဲ ပြောလာ ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့…ဟော့ကောင် ဩဘာ၊ မင်း သိပြီးပလားကွ"

သူ နန္ဒကို ငြိမ်သက်စွာ ကြည့်တော့ နန္ဒက…

"ရွှေပိုးအိမ်လေ…သူ့အစ်ကိုဆိုတာနဲ့ အင်ဂေ့ချ်လုပ်တော့မယ်တဲ့"

"အဟင်း…"

သူ မချိပြုံးလေးနှင့် ရယ်တော့ မိုးထက်က…

"ဟင်…မင်းသိနေပုံပါလား၊ ဘာတွေလဲကွ အစ်ကိုဘင်္ဂလားအစ်ကိုပေါ့ ဟုတ်လား၊ မင်း မအံ့ဩပါလား သိနေတာပေါ့"

သူ မဖြေပါ။ သို့သော် သူ ပြောလိုက်ပါသည်။

"စာမေးပွဲပြီးရင် ငါ သွားတော့မယ်၊ မင်းတို့အားလုံးကို တစ်ခါတည်း နှုတ်ဆက်ပါတယ်ကွာ"

"ဟင်…ဘာ မင်း ဘယ်သွားမှာလဲကွ ဩဘာ"

"နိုင်ငံခြားကို"

"ဟင်…ကျောင်းဆက်တက်မှာလား၊ အလုပ်လုပ်မှာလား"

"မသိသေးဘူး၊ အဆင်ပြေတာပေါ့ကွာ"

"ဟင်…တကယ်၊ မင်းအိမ်ကရော သဘောတူရဲ့လား"





"တူတယ်"

"ဩော်"

တကယ်တော့ မိဘနှစ်ပါးကို သူ တကယ်ထွက်တော့မှ အသိပေး ခွင့်တောင်းရန် စဉ်းစားထား၏။

ကြိုပြောပါက ခွင့်ပြုမည် မဟုတ်မှန်း သူ သိ၏။

သူ မနေချင်တော့ပါ။ နေချင်စိတ်လည်း မရှိသဖြင့် ရေခြားမြေခြားဆီ သူ ထွက်ခွာပါတော့မည်။

သူငယ်ချင်းတွေက သူ့ကို အခိုက်အတန့် ထွက်တာဟု ယူဆနေကြပုံရ၏။ သူ့ဆန္ဒအမှန်က ရွှေပိုးအိမ် ရှိနေသော ဒီမြေမှာ သူ ဘယ်တော့မှ မနေချင်တော့သဖြင့် အပြီးအပိုင် ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ဒီနေ့ ကိုကြီးနှင့် ပိုးတို့၏ စေ့စပ်မင်္ဂလာ အခမ်းအနားလေးကို အိမ်မှာပင် အကျဉ်းရုံးလေး လုပ်ပါသည်။

နှစ်ဘက်မိဘ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအသင်း အနည်းငယ်ကိုသာ ဖိတ်ပါသည်။ ယမင်းရော၊ ငုဝါပါ ရောက်လာကြပြီး လူလစ်သည်နှင့် ယမင်းက…

"ဟဲ့…ပိုး ပြောရဦးမယ် သိလား"

"ဟင်…ဘာလဲ"

"ညဘာလေ…ဒီနေ့ သွားပြီ"

"ဟင်…ဘယ်လဲ"





"နိုင်ငံခြားကိုတဲ့"

"ဩော်…အဲဒါ ဘာဖြစ်လဲ၊ သူ့ဘာသာသူ နိုင်ငံခြားသွားတာများ ဆန်းလား"

"အင်း…ငါ့သူငယ်ချင်းပြောတာတော့ ဆန်းတယ်တဲ့"

"ဘာကိုလဲ"

"အပြီးသွားသလိုလိုတဲ့"

"ဟင်…အပြီး"

"အင်း…သူ့မိဘတွေတောင် မသိဘူးတဲ့လေ"

"ဘာဖြစ်လို့လဲ"

"ခွင့်မပြုမှာစိုးလို့ပေါ့၊ သူ ဒီကို ပြန်မလာတော့ဘူးတဲ့"

"အဲဒါက ဘာအဓိပ္ပာယ်လဲ"

"နင်နဲ့ ကိုကြီးအတွက် သူ ရှောင်ထွက်သွားတဲ့ သဘောပဲတဲ့လေ"

"အမ်မာ…ဘာဆိုင်လို့လဲ၊ သူနဲ့ငါတို့နဲ့က ဘာများပတ်သက်နေလို့တုန်း"

"အေး…မပတ်သက်ပေမယ့် သူ့စိတ်ထဲ ဘယ်လိုရှိမှန်းမှ မသိတာ၊ နင့်အတွက် သူ့စာတစ်စောင်ပေးခဲ့တယ်တဲ့"

"စာ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကို ပေးခဲ့တုန်း"

"ဒီလိုဟာ…အဲဒီညဘာရဲ့ သူငယ်ချင်းနန္ဒဆိုတာ ငါတို့အိမ်နားက ဖြူဖြူဝေရဲ့ မိတ်ဆွေလေ"

"အဲဒီတော့"

"ဖြူဖြူဝေကတစ်ဆင့် ငါ့ကိုပေးတာ၊ နင့်ဆီ ရောက်အောင် ပေးပါတဲ့"

"အံမယ်လေးနော်…သူက စာတစ်စောင် ပေးတစ်ဖွဲ့ လုပ်နေရအောင် ငါ့ကို ဘာမှတ်နေလို့တုန်း"

"ရွှေပိုး…နင် စိတ်ဆိုးတာနောက်ထား၊ သူ ဘာရေးထားတယ်ဆိုတာ မသိချင်ဘူးလား"

"ဘာလို့ သိချင်ရမှာလဲ၊ ငါ့အတွက် ကိုကြီးကလွဲပြီး ဘာမှ စိတ်မဝင်စားဘူး သိလား"

"ရည်းစားစာ မဟုတ်ပါဘူး၊ တောင်းပန်စာလို့ပြောတယ်တဲ့"

"တောင်းပန်စာ"

"အင်း…တောင်းပန်တဲ့စာတဲ့၊ ကိုနန္ဒက ဖြူဖြူဝေကို ပြောတာ၊ ဖတ်ကြည့်ပါဟာ၊ ဘာလဲဆိုတာ သိရတာပေါ့"

"ကောင်းပြီလေ…ဖတ်တာပေါ့"

ပိုး ယမင်းဆီမှ စာကို လှမ်းယူကာ ဖွင့်ဖတ်လိုက်ပါသည်။





ရွှေပိုး အိမ်

ကိုယ့်အပြုအမူတွေကြောင့်တစ်ချိန်က စိတ်အနှောက်အယှက်ဖြစ်ခဲ့ရတာတွေအား လုံးတောင်းပန်ပါတယ်ကွာ။

အချစ်ဆိုတာကိုအလေး အနက်မထားတတ်တဲ့အချိန်မှာ ပျော်ရွှင်စရာလို့ယူဆခဲ့တဲ့ကိုယ့်အတွက် တကယ့်တကယ် အချစ်ကိုတွေ့လိုက်ရချိန်မှာတော့ ကြေကွဲနောင်တတွေနဲ့ကိုယ် နား လည်ခံစား မိရပါပြီ ရွှေပိုး အိမ်…။

ရွှေပိုး အိမ်ကိုကိုယ် ချစ်သလို ရွှေပိုး အိမ်က ကိုယ့်အချစ်ကို အယုံအကြည်မရှိ လစ်လျူရှုခဲ့တာတွေဟာ ကိုယ့်အပြစ်နဲ့ကိုယ်ပဲဆိုတာ သဘောပေါက်ပါတယ်။ ဒါပေမယ့် ကိုယ့်ရင်ထဲကအချစ်ဟာ ရွှေပိုးအိမ်အတွက် အသက်ထက်ဆုံး ခံစား မှုလို့ပြောပါရစေ။ သစ္စာစကား ပဲဆိုဆို ကျိန်တွယ်တယ်လို့ပဲ ပြောပြော၊ ကိုယ့်အတွက် ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်တော့တဲ့အရာပါ။ ယုံပါလို့လဲ မပြောတော့ပါဘူး လေ။ ဒီနေ့က ရွှေပိုး အိမ်တို့စေ့စပ်တဲ့နေ့မှာ ကိုယ်အောင်မြင်စွာ ဆုတ်ခွာသွားခဲ့ပါပြီကွာ။ မိန်းမတစ်ယောက်အပေါ် မြတ်နိုး စိတ်တစ်ခုနဲ့ အရှုံးပေး ထွက်ပြေး သွား ပါပြီ။ ဘယ်တော့မှ ကိုယ့်မျက်နှာကို မမြင်စေ ရတော့ပါဘူး ကွာ။



www.burmeseclassic.com

www.burmeseclassic.com



*ရွှေမိုးအိမ်တို့ဘဝခရီး ဖြောင့်ဖြူးသာယာပါစေ—*

*ဩဘာ*

စာဆုံးသွားတော့ ပိုးက…

"ဩော်…တကယ် ထွက်သွားပြီကိုး"

"ဒီလူ ဒီလောက်အထိ ဖြစ်သွားလိမ့်မယ်လို့ မထင်ဘူးနော်၊ သူ တကယ်ဖြစ်တာကိုး"

ယမင်းက ခေါင်းတညိတ်ညိတ် ရှိသွားရပြီးမှ…

"ပိုး…နင် စိတ်မကောင်း ဖြစ်သွားလား"

"ဟင့်အင်း…မဖြစ်ပါဘူး၊ ဝမ်းတောင်သာသေးတယ်"

"ဟင်…ဘာလို့လဲ၊ ထွက်သွားလို့ ရှင်းသွားတယ်ဆိုပြီး တော့လား"

"မဟုတ်ပါဘူး…မိန်းကလေးတွေကို ချစ်တမ်းကစားတတ်တဲ့ လူတစ်ယောက် ငါ့ကြောင့် အမြင်မှန်ရပြီး ဆင်ခြင်နောင်တတွေ ရသွားတယ်ဆိုလို့ပါ"

"သူ့အကြောင်း နင့်ကိုကြီး သိလား"

"သိတာပေါ့…ကျေးဇူးတောင် တင်နေတာလေ"

"ဟင်…ဘာလို့တုန်း"

"သူ့ကြောင့် ငါနဲ့ ကိုကြီး ပိုနီးစပ်သွားရလို့တဲ့"





"အင်း…ဟုတ်သားနော်"

"ပိုးရေ…ညီမလေး"

ကိုကြီး အသံကြားလိုက်ရ၏။ ပိုးတို့က အခန်းထဲမှာ တွတ်ထိုးနေတာမို့ အခန်းပြင် လှစ်ကနဲ ထွက်ကာ…

"ကိုကြီး ဘာလဲဟင်၊ အပြင်မှာ လူကြီးတွေ ပြန်ကုန်ပြီလား"

"အင်းလေ…ပိုးတို့သူငယ်ချင်းတွေနဲ့ တစ်ခုခု သွားစားကြမယ်ဆို သွားရအောင်"

"ဟုတ်…လား၊ ယမင်းနဲ့ငုဝါ အပြင်သွားရအောင်"

ကိုကြီး ကားလေးဖြင့် ပိုးတို့ ထွက်လာခဲ့ကြပါသည်။

"ဘယ်သွားမလဲ…ညီမလေး"

"ရွှေပုဇွန်မှာ ရေခဲမုန့် သွားစားချင်တယ် ကိုကြီး"

"ကောင်းပြီ"

ကားလေးက လေကိုခွင်းကာ တရိပ်ရိပ်ပြေးလျက်…

ရှေ့ခန်းမှာ ကိုကြီးနဲ့ ပိုး… နောက်မှ ယမင်းနဲ့ငုဝါ…

ရွှေပုဇွန်ရောက်တော့ ကြိုက်တာ မှာယူစားသောက်ကြ၏။

ယမင်းနဲ့ ငုဝါကို အိမ်ပြန်ပို့ပြီးမှ ပိုးတို့နှစ်ယောက်တည်း ကျန်ခဲ့ချိန်မှာ ကိုကြီးကို ပိုးက…

"ကိုကြီးရေ…ပိုးကို စိတ်မပူနဲ့တော့ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဘာကိုလဲ ညီမလေး"

"ဩဘာဆိုတဲ့ပုဂ္ဂိုလ် နိုင်ငံခြားကို အပြီးထွက်သွားပြီ"

"ဘယ်သူပြောလဲ ညီမလေး"

"ပိုးဆီ တောင်းပန်စာလေးနဲ့ ပိုးနဲ့ကိုကြီး ဘဝခရီး သာယာဖြောင့်ဖြူးပါစေဆိုတဲ့ အကြောင်းတွေ ရေးထားတယ်"

"ဩော်…ဟုတ်လား၊ အဟင်း…ကျေးဇူးရှင်ကြီး ဇနီးလီမွာလေး အမြန်ရပါစေကွာ"

"ဟုတ်တယ်နော် ပိုးလည်း ကိုကြီးလိုပဲ ဆုတောင်းပါတယ်"

ကိုကြီးပခုံးကို အသာမှီရင်း ပိုး လှိုက်လှဲစွာပင် ဆုတောင်းပေးမိပါ၏။ ဩဘာဆိုသော လူတစ်ယောက် အချစ်ကံကောင်းပါစေဟူ၍…။

*စာရှုသူများ၏ မေတ္တာရိပ်မှ…*
ခင်သုဓာ



www.burmeseclassic.com